ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

## မိမိကိုယ်သာ ကိုးကွယ်ရာ

မိမိသာလျှင် မိမိ၏ကိုးကွယ်ရာဖြစ်၏၊ မိမိသည်သာလျှင် မိမိ၏(နောင်ဘဝအတွက်)သွားရာ (မှီခိုရာ) ဖြစ်၏။ ထို့ကြောင့် မြင်းကုန်သည်သည် အမျိုးကောင်းသော မြင်းကို ကောင်းစွာစောင့်ရှောက်သကဲ့သို့ မိမိကိုယ်ကို (အကုသိုလ်ကင်းအောင်) စောင့်ရှောက်လေ့။

ဘိက္ခုဝဂ်( ဓမ္မပဒ-၃၈၀)

၁၃၈၇ ခုနှစ်၊ တန်ခူးလဆန်း ၆ ရက် တနင်္လာနေ့။ Monday, 23 March 2026 ၁၂၁၃၀

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## အပတ်စဉ်ဗုဒ္ဓဟူးနေ့အား အစိုးရရုံးဌာနများ၏ ရုံးလုပ်ငန်းများကို နေအိမ်မှသာဆောင်ရွက်ကြရန် သတ်မှတ်ကြေညာ

နေပြည်တော် မတ် ၂၂

၁။ အရှေ့အလယ်ပိုင်းပဋိပက္ခကြောင့် ဖြစ်ပေါ်လာနိုင်သည့် စက်သုံးဆီရှားပါးမှုကို ကြိုတင်ကာကွယ်ရန် ရည်ရွယ်၍ စုံ၊ မ ယာဉ်သုံးစွဲသည့်စနစ်နှင့် စက်သုံးဆီဝယ်ယူသည့်စနစ်တို့ကို သတ်မှတ်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ထိုသို့ သတ်မှတ်ကြေညာခဲ့သည့်နည်းတူ နိုင်ငံတော်အစိုးရအနေဖြင့်လည်း စက်သုံးဆီတင်သွင်းရရှိရေးကို နည်းလမ်းမျိုးစုံဖြင့် အတတ်နိုင်ဆုံး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ လက်ရှိတွင် လုံလောက်သော စက်သုံးဆီအရန်ရှိသော်လည်း အနာဂတ်တွင်ဖြစ်လာနိုင်သော စွမ်းအင်ဆိုင်ရာ စိန်ခေါ်မှုများအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် စက်သုံးဆီသုံးစွဲမှုကို ချွေတာလျှော့ချရန်ရည်ရွယ်ကာ အစိုးရရုံးဌာနများမှ အရာထမ်း၊ အမှုထမ်းများသည် သက်ဆိုင်ရာရုံးဌာနများသို့ သွားရောက်ခြင်းမပြုဘဲ မိမိနေထိုင်ရာနေအိမ်၊ အဆောင်များတွင်သာ ရုံးလုပ်ငန်းဆောင်ရွက်ခြင်းအား ၂၀၂၆ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့မှစတင်ပြီး အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ဆောင်ရွက်သွားကြရန် သတ်မှတ်ကြေညာလိုက်ပါသည်။ ထိုသို့ သတ်မှတ်ကြေညာခြင်းသည် စက်သုံးဆီချွေတာရန်ဖြစ်သည့် အားလျော်စွာ အစိုးရရုံးဌာနများမှ အရာထမ်း၊ အမှုထမ်းများအနေဖြင့် အဆိုပါရက်တွင် တာဝန်မှအပ ခရီးသွားလာမှုမပြုရန်နှင့် ယာဉ်သုံးစွဲမှုမပြုကြရန်ဖြစ်ပါသည်။

၂။ ပုဂ္ဂလိက အလုပ်ဌာနများအနေဖြင့်လည်း အစိုးရရုံးဌာနများနည်းတူ (work from home) ကဲ့သို့ လုပ်ဆောင်မှုမျိုးဖြင့် အတတ်နိုင်ဆုံး ဆောင်ရွက်သွားကြရန်ဖြစ်ပါသည်။

၃။ ဤကြေညာချက်သည် နောက်ထပ်ကြေညာချက် တစ်စုံတစ်ရာ မထုတ်ပြန်သရွေ့ အတည်ဖြစ်သည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ



## ပေါင်မြို့နယ်၌ နွေစပါးဧက ၂၃၀၀၀ ကျော် စိုက်ပျိုးပြီးစီး

ပေါင် မတ် ၂၂

မွန်ပြည်နယ် ပေါင်မြို့နယ်၌ မတ် ၂၂ ရက်အထိ နွေစပါး ၂၃၀၉၈ ဧက စိုက်ပျိုးပြီးစီးကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပေါင်မြို့နယ်၌ ဒေသခံတောင်သူများ နွေစပါးစိုက်ပျိုးရာတွင် အထွက်နှုန်းတိုးတက်စေရေးအတွက် စိုက်ပျိုးရေးနည်းစနစ်များနှင့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေး၊ သဘာဝမြေသြဇာနှင့် ဓာတ်မြေသြဇာ စနစ်တကျသုံးစွဲရေးအတွက် နယ်မြေအလိုက် တာဝန်ပေးထားသည့် စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက တောင်သူပညာပေးလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိသည်။ ဒေသခံတောင်သူများ အဓိကစိုက်ပျိုးသည့် နွေစပါးမျိုးများမှာ အောင်နိုင်တိုး၊ မော်ဘီ-3၊ ရွှေသွယ်ရင်၊ ရေဆင်းပေါ်ဆန်း-(၁၂)၊ ဆင်းသုခ၊ ရတနာတိုး စပါးမျိုးများဖြစ်ကြောင်း သိရသည်။

ဒေသခံတောင်သူများ နွေစပါး အချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ကတိုက်ဆည်မှ ဆည်ရေများကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၅ ရက်မှ စတင်ဖြန့်ဝေပေးလျက်ရှိကြောင်း သထုံခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၆) မှ သိရသည်။

မွန်မလေး(ပြန်/ဆက်)

## ယနေ့ ဖတ်စရာ

သမိုင်းမှတ်ကျောက်တင်နိုင်သော မြန်မာ့တပ်မတော်
ဆောင်းပါး စာမျက်နှာ » ၆

လေထုညစ်ညမ်းမှုကို ကြိုတင်ကာကွယ်ဖို့ အားလုံးပူးပေါင်းဆောင်ရွက်စို့
ဆောင်းပါး စာမျက်နှာ » ၁၀

ဖြူးချောင်းရေလှောင်တမံမှ နွေစပါး ဧက ၁၈၀၀၀ ခန့်အား စိုက်ပျိုးရေမပြတ် ပို့လွှတ်ပေးနေ
စာမျက်နှာ » ၁၂



ဒလမြို့မှ ရန်ကုန်မြို့သို့ ပြေးဆွဲနေသည့် YBS ယာဉ်များ လမ်းကြောင်းတိုးချဲ့ပြေးဆွဲပေးလျက်ရှိ
စာမျက်နှာ » ၁၉

ကြေးမုံ

# သဘာဝဘေးကာကွယ်ရေး နေ့စဉ်တိုင်းတာစောင့်ကြည့်ပေး

နှစ်စဉ် မတ်လ ၂၃ ရက်နေ့သည် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်နှင့်အဖွဲ့ဝင်နိုင်ငံများက သတ်မှတ်ကျင်းပလေ့ရှိသည့် ကမ္ဘာ့မိုးလေဝသနေ့ဖြစ်သည်။ ၂၀၂၆ ခုနှစ် ကမ္ဘာ့မိုးလေဝသနေ့အတွက် "သဘာဝဘေးကာကွယ်ဖို့ နေ့စဉ်တိုင်းတာစောင့်ကြည့်စို့" ဆောင်ပုဒ်ကို ထုတ်ပြန်ထားသည်။ သဘာဝဘေးအန္တရာယ်ကာကွယ်ရေးအတွက် နေ့စဉ်နေ့တိုင်း မိုးလေဝသတိုင်းတာစောင့်ကြည့်ခြင်းလုပ်ငန်းများသည် နိုင်ငံအလိုက်အနေဖြင့် အလွန်အရေးပါလျက်ရှိကြောင်း အသိပေးထားခြင်းဖြစ်သည်။

ကမ္ဘာကြီး တစ်နေ့တခြား ပူနွေးလာမှုကြောင့် ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များ သိသာထင်ရှားစွာ ဖြစ်ပေါ်လျက်ရှိရာ ကမ္ဘာ့နိုင်ငံများအနေဖြင့် သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့ကို တစ်မျိုးမဟုတ်တစ်မျိုး တွေ့ကြုံခံစားနေကြရသည်ကို တွေ့ရမည်ဖြစ်သည်။ မိုးခေါင်ခြင်း၊ ရေရှားခြင်း၊ ရေကြီးရေလျှံဖြစ်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ငလျင်လှုပ်ခြင်း၊ အပူလှိုင်းဖြတ်ခြင်း၊ အအေးလှိုင်းဖြတ်ခြင်း၊ အယ်လ်နီညို၊ လာနီညာဖြစ်စဉ်များဖြစ်ပွားခြင်းစသည့် သဘာဝဘေးဖြစ်စဉ်များ အဆက်မပြတ်ဖြစ်ပွားလျက်ရှိသည်။ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များသည် လူ့အသိုက်အဝန်းများကို ကြီးမားသော ခြိမ်းခြောက်မှုဖြစ်လာသည်။

ယင်းတို့ကို ကြိုတင်ကာကွယ်ရေးအတွက် သဘာဝပတ်ဝန်းကျင်ကို အားလုံးထိန်းသိမ်းစောင့်ရှောက်ကြရန်လိုအပ်သလို မိုးလေဝသဌာနအသီးသီးမှ နေ့စဉ်စောင့်ကြည့် တိုင်းတာပေးပြီး ထုတ်ပြန်လျက်ရှိသော မိုးလေဝသသတင်းများကို စောင့်ကြည့်လေ့လာကာ ကြိုတင်ပြင်ဆင် ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ကြရမည်ဖြစ်သည်။ ပြည်သူများအနေဖြင့် မိုးလေဝသသတင်းများနှင့်ပတ်သက်၍ သာမန်အနေဖြင့်သာ သိရှိနေကြသော်လည်း မျက်မှောက်ကာလတွင် ကမ္ဘာကြီးပူနွေးလာမှု သိသာထင်ရှားစွာဖြစ်ပေါ်လျက်ရှိသဖြင့် မိုးရွာသွန်းခြင်း၊ နေပူပြင်းခြင်းမှအစ မိုးလေဝသသတင်းများ၏ ထူးခြားသောဖြစ်စဉ်များကို သတိပြုကြရမည်ဖြစ်သည်။

ကမ္ဘာကြီး ပူနွေးလာမှုသည် ၁၉၈၀ ပြည့်လွန်နှစ်များမှစတင်၍ တစ်နှစ်ထက်တစ်နှစ် ပိုမိုပူနွေးလာခဲ့သည်။ ၂၀၂၃ ခုနှစ်သည် စံချိန်တင်အပူဆုံးနှစ်ဖြစ်ခဲ့သည်။ ၁၉၀၀ ပြည့်နှစ်က ပျမ်းမျှအပူချိန်ထက် ၁ ဒသမ ၄၅ ဒီဂရီစင်တီဂရိတ်ပိုပူလာသည်။ အဓိကအကြောင်းရင်းသည် လူတို့ကြောင့်ဖြစ်ပေါ်လာသည့် ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝအတိုင်းဖြစ်လာသည့် အယ်လ်နီညိုရာသီဥတုဖြစ်စဉ်များကြောင့်ဖြစ်သည်။ ကမ္ဘာပေါ်ရှိနိုင်ငံအချို့တွင် သစ်တောများပြုန်းတီးခြင်း၊ သဘာဝပတ်ဝန်းကျင်များပျက်စီးခြင်း၊ လူမှုစီးပွားဖွံ့ဖြိုးမှုနှင့်အတူ ကာဗွန်ထုတ်လွှတ်မှုမြင့်မားလာခြင်း၊ အဖျက်စွမ်းအားကြီးမားသည့် လက်နက်များ အပြိုင်အဆိုင်ထုတ်လုပ်ခြင်း၊ စမ်းသပ်ပစ်ခတ်ခြင်း၊ စစ်ပွဲများ ဖြစ်ပွားခြင်းတို့ကြောင့် ကမ္ဘာ့ရာသီဥတုပူနွေးမှုမြင့်မားလာသည်။

စံချိန်တင်မြင့်တက်နေသော ဖန်လုံအိမ်ဓာတ်ငွေ့များ စုဝေးနေသည့် လေထုအတွင်း အပူစွမ်းအင်များကြောင့် မိုးလေဝသအခြေအနေများမှာ ပုံမှန်မဖြစ်တော့ဘဲ ပိုမိုပြင်းထန်လာသည်။ သမုဒ္ဒရာအပူချိန်များလည်း စံချိန်တင်မြင့်မားလာပြီး ရာစုနှစ်နှင့်ချီ၍ ဆက်လက်ဖြစ်ပေါ်နေမည်ဟု ခန့်မှန်းထားသည်။ ရာသီဥတုပြောင်းလဲမှုကို လျှော့ချနိုင်ရန်အတွက် လေထုအတွင်း အပူကိုထိန်းထားသည့် ဖန်လုံအိမ်ဓာတ်ငွေ့များကို သိသိသာသာလျှော့ချရန် လိုအပ်မည်ဖြစ်သည်။ ပတ်ဝန်းကျင်ညစ်ညမ်းစေသည့် ရုပ်ကြွင်းလောင်စာအသုံးပြုမှုကို တဖြည်းဖြည်းရပ်တန့်ရန်နှင့် သန့်ရှင်းသည့် စွမ်းအင်အရင်းအမြစ်များ ပြောင်းလဲသုံးစွဲရန် လိုအပ်လာသည်။ စက်မှုတော်လှန်ရေးမတိုင်မီကရှိခဲ့သည့် ကာဗွန်ဒိုင်အောက်ဆိုက်ပါဝင်နှုန်းထက် ယခုအခါ ၅၀ ရာခိုင်နှုန်းအထိ မြင့်မားလာသည်။ စွမ်းအင်ကဏ္ဍမှ ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လေးပုံသုံးပုံအထိရှိနေသည့်အတွက် ၂၀၅၀ ပြည့်နှစ်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ သိသာစွာလျှော့ကျစေရန် ပတ်ဝန်းကျင်ညစ်ညမ်းစေသည့် လိုအင်များကိုလျှော့ချပြီး စိမ်းလန်းသောဝန်းကျင်သစ်ကို ဖန်တီးကြဖို့လိုအပ်မည်ဖြစ်သည်။

ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်အနေဖြင့် ဖန်လုံအိမ်ဓာတ်ငွေ့ လေ့လာစောင့်ကြည့်သည့် ကွန်ရက်စနစ်ထူထောင်ထားပြီး အဆင့်မြင့်မားသော သိပ္ပံဆိုင်ရာအချက်အလက်များ ပံ့ပိုးပေးရေးနှင့် တိုင်းထွာစောင့်ကြည့်ရေးကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ သဘာဝဘေးအန္တရာယ်များကို ပိုမိုကောင်းမွန်စွာ စီမံခန့်ခွဲနိုင်ရေးအတွက် နိုင်ငံအလိုက် ရာသီဥတုသိပ္ပံဆိုင်ရာ ခန့်မှန်းချက်၊ အချက်အလက် လုပ်ငန်းစဉ်များနှင့်အတူ ပေါင်းစပ်ဆောင်ရွက်သွားကြရန်လိုသည်။ ကြိုတင်သတိပေးစနစ်သည် သဘာဝဘေးကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျှော့ချပေးနိုင်သဖြင့် မိုးလေဝသဌာနက နေ့စဉ်အသိပေးထုတ်ပြန်လျက်ရှိသော မိုးလေဝသဆိုင်ရာသတင်းအချက်အလက်များအား လေ့လာမှတ်သားဆောင်ရွက်ကြရန်လိုသည်။

သို့ဖြစ်ရာ ၂၀၂၆ ခုနှစ် ကမ္ဘာ့မိုးလေဝသနေ့ ဆောင်ပုဒ်ဖြစ်သည့် "သဘာဝဘေးကာကွယ်ဖို့ နေ့စဉ်တိုင်းတာ စောင့်ကြည့်စို့"နှင့်အညီ မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက နေ့စဉ်ထုတ်ပြန်ပေးလျက်ရှိသော ရာသီဥတုဆိုင်ရာ စောင့်ကြည့်လေ့လာ၊ ခန့်မှန်းသုံးသပ်ချက်၊ အသိပေးချက်၊ သတိပေးချက်များအတိုင်း အလေးထားလိုက်နာ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။




## ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်များ

(က) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး (၃) ပါးကို ကာကွယ်စောင့်ရှောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်ယိမ်းယိုင်မသွားရေးတို့အတွက် နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်ရေး။

(ခ) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ပြည်သူလူထုနှင့်အတူ လက်တွဲပြီး ကျရာကဏ္ဍအသီးသီးမှ ကြိုးပမ်းဆောင်ရွက်ရေး။

(ဂ) စစ်မှန်ပြီးစည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီလမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေး ဆောင်ရွက်ရာတွင် ဒို့တာဝန် အရေး(၃)ပါးကို မသွေဖည်ဘဲ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအပေါ် အခြေခံ၍ ဖြစ်နိုင်သမျှအလေးထားဆောင်ရွက်ရေး။

(ဃ) တပ်မတော်ကို Standard Army ဖြစ်စေရေး တည်ဆောက်ရာတွင် လေ့လာ၊ လေ့ကျင့်၊ လိုက်နာဆိုသည့် တပ်မတော်၏ လုပ်ငန်းစဉ်နှင့်အညီ စွမ်းရည်(၃)ရပ် မြင့်မားစေရေးနှင့် ခေတ်မီနည်းပညာများအား ထိရောက်စွာ အသုံးပြုတတ်စေရေး စဉ်ဆက်မပြတ်တိုးတက်အောင် ဆောင်ရွက်ရေး။

## တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များ မီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း၊

(ခ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှုဖြစ်ပေါ်ခြင်း၊

(ဂ) မြေဆီဩဇာခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်းလျော့နည်းခြင်း၊

(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

## ၂၂ - ၃ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၇၀၀၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** - ဝင်းနိုင် | | **အကြီးတန်း သတင်းထောက်များ** - | စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **စာတည်းမှူး** - အေဝမ်းစိုး | | **အငယ်တန်း သတင်းထောက်များ** - | အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | | **သုတေသန** - | ဇင်မာဝင့် |
| | | **စာပြင်** - | ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ | | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - | နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** - | စိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း (၈၁) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်တွေ-ပလ္လင်ပြင်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ တက်ရောက်

စစ်တွေ မတ် ၂၂

(၈၁) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်တွေ-ပလ္လင်ပြင်လမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါလမ်း၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး ပြည်နယ်အစိုးရ အဖွဲ့ဝင်များနှင့် ဇနီးများ၊ စစ်တွေတပ်နယ်မှ တာဝန်ရှိသူများ၊ ပြည်နယ် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ ရပ်ကွက်နေပြည်သူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ဦးစွာ လမ်းဦးစီးဌာန ကြီးကြပ်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးထွန်းထွန်းဦးက စစ်တွေ-ပလ္လင်ပြင်လမ်း ကွန်ကရစ်လမ်းသစ် ဆောင်ရွက်ပေးခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများအား ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်မိုး၊ လမ်းဦးစီးဌာန ကြီးကြပ်ရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) တို့က လမ်းဖွင့်ပွဲအထိမ်းအမှတ်အလံများ ပေးအပ်ကြသည်။ ယင်းနောက် ဒေသခံပြည်သူ တစ်ဦးက လမ်းအဆင့်မြှင့်တင်ကာ ဖွင့်လှစ်ပေးခြင်းအပေါ် ကျေးဇူးတင်စကား ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဒေါက်တာ စန်းရွှေ၊ ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(စစ်တွေ) ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးနှင့် တာဝန်ရှိသူများက စစ်တွေ - ပလ္လင်ပြင်လမ်း ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကွန်ကရစ်လမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုစစ်ဆေးကြပြီး လမ်းဖွင့်ပွဲသို့တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီး၊ တာဝန်ရှိသူများက ကွန်းကရစ်လမ်းဖွင့်ပွဲတွင် တက်ရောက်ပါဝင် တီးခတ်ဖျော်ဖြေပေးကြသော အခြေခံပညာကျောင်းများမှ ဘင်ခရာအဖွဲ့၊ အေရိုးဗစ်အကအဖွဲ့၊ ပန်းဖွားအဖွဲ့၊ ယဉ်ကျေးမှုအဖွဲ့နှင့် ရခိုင်စည်တော်အဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြသည်။

ယခုဖွင့်လှစ်သော စစ်တွေ-ပလ္လင်ပြင်လမ်း ကွန်ကရစ်လမ်းကို ပြည်နယ်အစိုးအဖွဲ့ ရန်ပုံငွေ၊ ပြည်ထောင်စုရန်ပုံငွေတို့ဖြင့် ၃ မိုင် ၅ ဒသမ ၄၄ ဖာလုံအား ၁၈ ပေအကျယ် ကွန်ကရစ်လမ်း ဆောင်ရွက်ပေးခြင်းဖြစ်သည်။

ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် (၈၁) နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် စေတနာရှင် အလှူရှင်များက လှူဒါန်းသော နေ့လယ်စာကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် တပ်မတော်သားများအား ကျွေးမွေးရန် စီစဉ်ဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုကြပြီး တပ်ဖွဲ့ဝင်များအား ထမင်းနှင့်ဟင်းလျာများကို ပေးအပ်ကြကာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးတို့က တပ်ဖွဲ့ဝင်များနှင့် တပ်ဖွဲ့ဝင်မိသားစုများအား ချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်၌ ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ စာမေးပွဲဖြေဆိုနေမှု ကြည့်ရှုအားပေး

နေပြည်တော် မတ် ၂၂

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် ရန်ကုန်မြို့ လှိုင်သာယာမြို့နယ်ရှိ ရန်ကုန်အနောက်ပိုင်းနည်းပညာ တက္ကသိုလ်သို့ ယမန်နေ့ မွန်းလွဲပိုင်းက ရောက်ရှိရာ နိုင်ငံတော် အကြီးအကဲ၏ ခရီးစဉ်လမ်းညွှန်မှာကြားချက်များအရ တက္ကသိုလ်အဝင်နှင့် လမ်းနေရာပြင်ဆင်ဆောင်ရွက်ပြီးစီးမှု၊ အဓိပတိလမ်းတစ်လျှောက် ပလက်ဖောင်းနှင့် လမ်းမီးတိုင်များ ဆောင်ရွက်ပြီးစီးမှု၊ အလှရေကန်များ ဆောင်ရွက်ပြီးစီးမှု၊ တက္ကသိုလ်ဘောလုံးကွင်း တည်ဆောက်ပြီးစီးမှုနှင့် ပြေးလမ်းကို အဆင့်မြှင့်တင် ဆောင်ရွက်နေမှု၊ တက္ကသိုလ်ဥပမိရုပ်တင့်တယ်စေရေးနှင့် သန့်ရှင်းသပ်ရပ်သာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေကိုကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။



ထို့နောက် ဒုတိယဝန်ကြီးသည် ပညာသင်နှစ်နှင့် အင်ဂျင်နီယာဘာသာရပ်အလိုက် ပင်မသုံးထပ်ဆောင်ရှိ စာမေးပွဲခန်းများတွင် ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ စာမေးပွဲဖြေဆိုနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းနောက် စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်များ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် ၂၀၂၆ ခုနှစ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်က “နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့၊ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့” အမျိုးသားရေးဆောင်ပုဒ်များနှင့်အညီ ပြသခဲ့သည့် စိုက်ပျိုးရေးကုန်ကြမ်း အခြေပြု MSME လုပ်ငန်းသုံး Portable Solar Dryerကို ကြည့်ရှုစစ်ဆေးကာ ပြပွဲကာလ၌ နည်းပညာတောင်းခံမှုများကို ဖြည့်ဆည်းပေးနိုင်ရေး အလေးထား ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် စာမေးပွဲဖြေဆိုပြီးစီး၍ စာမေးပွဲခန်းများမှ ထွက်ခွာလာကြသည့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးပြီး ဖြေဆိုနိုင်မှုအခြေအနေ၊ Academic Calendar အရ သုတေသန စီမံကိန်းများ၊ စက်ရုံအလုပ်ရုံ ချိတ်ဆက်မှုနှင့် အတွေ့အကြုံရရှိစေရေး ဆောင်ရွက်မည့် အစီအစဉ်များကို မေးမြန်းကာ နိုင်ငံတော်ဖွံ့ဖြိုးရေး အမှန်တကယ် အားထားရမည့် ဗလငါးတန်နှင့် ပြည့်စုံ၍ ကျင့်ဝတ်များကို လိုက်နာသော အင်ဂျင်နီယာလူငယ်ကောင်းများ ဖြစ်စေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်၊ Agro-based Industries၊ MSME များ၊ ဆိုလာအပါအဝင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ၊ AI နှင့် EV နည်းပညာများ ဖွံ့ဖြိုးရေးသုတေသန စီမံကိန်းများကို အဖွဲ့လိုက် ပူးပေါင်းကြိုးပမ်း ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ပဲခူးခရိုင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု

ပဲခူး မတ် ၂၂

ပဲခူးတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးတင်ဆွေသည် တာဝန်ရှိသူများနှင့်အတူ ယမန်နေ့နံနက်ပိုင်းက ပဲခူးခရိုင်အတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဦးစွာ လမ်းပန်းဆက်သွယ်ရေးဝန်ကြီးသည် ခရိုင်လမ်းဦးစီးဌာန၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ လုပ်ငန်းအရည်အသွေး ထိန်းသိမ်းရေးအဖွဲ့များနှင့်အတူ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ဝေါမြို့နယ် ပေါက်တန်းကျေးရွာ ကုန်ထုတ်လမ်းပေါ်ရှိ ကွန်ကရစ်တံတား တည်ဆောက်ခြင်းလုပ်ငန်း၊ ဝေါမြို့နယ် ဘုရားကြီး-မော်လမြိုင်-မြိတ်-ဘုတ်ပြင်း-ထားဝယ် လမ်းမကြီး လမ်းဘေးဝဲယာ လမ်းပခုံးပြုပြင်ခြင်း၊ ချုံရှင်းလင်းနေမှုလုပ်ငန်းများနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု(ပိုလျှံ) ရန်ပုံငွေဖြင့် ဝေါ ဘုရားပျို-ကမာကဘန်-ကတွတ်-ညောင်ကိုင်းလမ်း ကတ္တရာခင်းရန် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စု (GRF)ရန်ပုံငွေဖြင့် ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်သည့် သပြေရိုးကျေးရွာ ရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုငွေလုံး မူလရန်ပုံငွေဖြင့် နောင်ဂျမ်း-ရှမ်းရွာကြီးလမ်း ဂဝံကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



**သက်ဖြိုးကြိုင်(ပြန်/ဆက်)**

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ အောင်သုခဓမ္မစကူး(၁၀)နှစ်ပြည့် နှစ်ပတ်လည်နှင့် ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပ




**ရန်ကုန် မတ် ၂၂**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၌ အောင်သုခဓမ္မစကူး (၁၀)နှစ်ပြည့် နှစ်ပတ်လည်နှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီက အမှတ်(၉၃) ရပ်ကွက် အောင်သုခပရိယတ္တိစာသင်တိုက်တွင် ကျင်းပသည်။

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ခဲ့ပြီး အောင်သုခ ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြကာ ဆရာတော်မှ သြဝါဒကထာ ချီးမြှင့်သည်။ ထို့နောက် အာဟာရဒါန အလှူရှင်များအား ဂုဏ်ပြုလွှာများ ပေးအပ်ပြီး ငါးနှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား ဆုများ ချီးမြှင့်သည်။ ဆက်လက်၍ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ဝိရိယဆု၊ စံပြဆုနှင့် ကျောင်းတက်မှန်ဆုများကို ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးသည်။ ဆက်လက်၍ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွင်း ဝင်ရောက်ဖြေဆို အောင်မြင်ခဲ့သော သုတဒီပလိုမာ ထူးချွန်ဆုရရှိသော ဆရာ ဆရာမများအား ဆုများ ချီးမြှင့်ပေးပြီး အောင်သုခဓမ္မစကူး ကော်မတီဥက္ကဋ္ဌ ဦးစိန်မြင့်က ကျေးဇူးတင်ဝမ်းမြောက်ကြောင်း ပြန်လည်ပြောကြားသည်။ အခမ်းအနား အပြီးတွင် အလှူရှင်များအား ဖုန်း၊ Tablet နှင့် ပန်ကာ၊ ဂက်စ်မီးဖိုများ၊ ရွှေလက်စွပ်နှင့်ရွှေကလစ်များပါဝင်သော ပေါက်မဲ ၂၀ အား ကံစမ်းမဲများနှိုက်၍ မဲဖောက်ပေးခဲ့ပြီး နိဗ္ဗာန်ဈေးပွဲတော်အား စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။ **ဖြိုးစန္ဒာ(ဆိပ်ကမ်း)**



# သန်လျင်မြို့နယ်ရှိ ဘုန်းကြီးကျောင်း ၅၀ ကျော်အား ဆွမ်းဆန်စိမ်းလှူဒါန်း

**ရန်ကုန် မတ် ၂၂**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်အတွင်းရှိ ကျောင်းပေါင်း ၅၀ ကို ဆွမ်းဆန်တော်နှင့် စားသုံးဆီဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက သန်လျင်မြို့ နတ်စင်တစ်ရာကျောင်းတိုက်၌ ကျင်းပသည်။

ဆွမ်းဆန်တော်နှင့် စားသုံးဆီဆက်ကပ်လှူဒါန်းပွဲတွင် ပင်မနယ်လှည့်သစ္စာဓိဋ္ဌာန်စတုဒိသာနတ်စင်တစ်ရာ ဆရာတော်အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တပညာတေဇအား အမှူးထားပြီး သန်လျင်မြို့နယ် ဝါးကျောင်းဆရာတော်၊ စစ်စီးတောကျောင်းဆရာတော်နှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြသည်။

နတ်စင်တစ်ရာကျောင်းနှင့် အနီးပတ်ဝန်းကျင်ဘုန်းကြီးကျောင်းများတွင် သီတင်းသုံးတော်မူကြသည့်သံဃာတော်များ ဆွမ်းကိစ္စပိုမိုအဆင်ပြေစေရန်အတွက် ဆွမ်းဆန်တော်၊ စားသုံးဆီနှင့် နဝကမ္မအလှူတော်ငွေ ဆက်ကပ်လှူဒါန်းခြင်းဖြစ်ကြောင်း ကျောင်းပေါင်း ၅၅ ကျောင်းက ဆရာတော်များကို ပင့်ဖိတ်ပြီး ဆက်ကပ်လှူဒါန်းသည်။

ဆွမ်းဆန်တော်နှင့် စားသုံးဆီဆက်ကပ်လှူဒါန်းပွဲတွင် ပင့်သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကြပြီး ကြွရောက်တော်မူလာကြသည့် သံဃာတော်များအား နတ်စင်တစ်ရာဆရာတော်ကြီး၏တပည့် ဒါယကာများက ဆွမ်းဆန်တော်များနှင့် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**အောင်မြင့်(ပြန်/ဆက်)**

# ရမည်းသင်းမြို့နယ် ပုတီးကုန်းရွာအိုင်လျှားစေတီတော်ကြီးတွင် အထက်ဌာပနာ ထည့်သွင်းပူဇော်



**ရမည်းသင်း မတ် ၂၂**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ပုတီးကုန်းကျေးရွာရှိ ရှေးဟောင်းသမိုင်းဝင် ဇေယျသိဒ္ဓိအိုင်လျှား ဆုတောင်းပြည့်စေတီတော်ကြီး အထက်ဌာပနာထည့်သွင်းပူဇော်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီက အဆိုပါစေတီတော်ကြီး ပရိဝုဏ်တွင် ကျင်းပသည်။

အခမ်းအနားသို့ ရမည်းသင်းမြို့နယ် သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်ဦးကုမာရ(ပုတီးကုန်းကျောင်း)၊ ဦးမာဃိန္ဒ(ရန်ကုန်)ဆရာတော်နှင့် ရပ်/ကျေးအသီးသီးမှ ဆရာတော်များ ကြွရောက်ကြသည်။ ဦးစွာ နမောတဿသုံးကြိမ် ရွတ်ဆိုဖွင့်လှစ်ပြီး ထည့်သွင်းပူဇော်မည့် ရတနာပစ္စည်းများအား ပင့်ဆောင်ကာ စေတီတော်ကြီးအား လက်ယာရစ် သုံးကြိမ်လှည့်လည်အပူဇော်ခံပြီး ဌာပနာတိုက်အတွင်းသို့ ထည့်သွင်းပူဇော်သည်။ ယင်းနောက် ဦးမာဃိန္ဒ(ရန်ကုန်ကျောင်း)ဆရာတော်ဟောကြားသောတရားတော်ကို နာယူကြသည်။

အခမ်းအနားသို့ ရမည်းသင်းမြို့နယ်မှ အလှူရှင်များ၊ မြို့လှရွာ၊ ပုတီးကုန်းရွာ၊ ရိုးကြီးရွာ၊ ကုန်းသာရွာ၊ ကမ္မရွာ၊ လေသာကုန်း အစရှိသော ကျေးရွာများမှ အလှူရှင်များ လာရောက်ကြကြောင်း သိရသည်။

**လှိုင်သန်းတင့်(ရမည်းသင်း)**

# တောင်ငူမြို့၌ ပန်းချီနှင့် ကွန်ပျူတာပန်းချီသင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

**တောင်ငူ မတ် ၂၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြုလုပ်သည့် ပန်းချီနှင့် ကွန်ပျူတာပန်းချီ သင်တန်းဆင်းပွဲနှင့် ဆုချီးမြှင့်ပွဲကို တောင်ငူခရိုင် လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ တောင်ငူခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေမိုးက သင်တန်းဆင်းအမှာစကားပြောကြားသည်။ ထို့နောက် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဆွေမိုး၊ တောင်ငူမြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်ဇာခြည်အောင်၊ တောင်ငူမြို့နယ် ပန်းချီ၊ ပန်းပုအစည်းအရုံးနာယက ပန်းချီဆရာ ဦးစိုးမြင့်လေး(တောင်ငူ)၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းဝင်များနှင့် တာဝန်ရှိသူများက အခြေခံပန်းချီနှင့် ကွန်ပျူတာပန်းချီပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယ၊ နှစ်သိမ့်ဆု (၁)၊ နှစ်သိမ့်ဆု (၂) ရရှိသူများအား ဆုများ ပေးအပ်သည်။

တောင်ငူမြို့နယ် ပန်းချီ၊ ပန်းပုအစည်းအရုံးနာယက ပန်းချီဆရာ ဦးစိုးမြင့်လေး (တောင်ငူ) နှင့် နည်းပြ ဦးရန်နိုင်ထွန်းတို့က အခြေခံပန်းချီရေးဆွဲနည်းများကို မတ် ၃ ရက်မှ ၂၀ ရက်အထိ အခမဲ့သင်ကြားပို့ချခဲ့ပြီး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၅၀ ခန့် တက်ရောက်သင်ကြားခဲ့ကြောင်း သိရသည်။

**ဇော်ကိုကို(တောင်ငူ)**



## အာဖရိကဝက်အပြင်းဖျားရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါတစ်ခုဖြစ်သည်။ အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ(လုံးဝ)ကူးစက်ခြင်းမရှိပါ။ မိမိတို့မွေးမြူထားသောဝက်များကို အဆိုပါရောဂါ ဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊
(၂) ဝက်ခြံများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊
(၃) ဝက်များကို စားသောက်ဆိုင်နှင့် အိမ်များမှ စားကြွင်းစားကျန်များ ကျွေးမွေးခြင်း မပြုရန်၊
(၄) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်/အထွက် ထိန်းချုပ်ကန့်သတ်ရန်၊
(၅) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊
(၆) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊
(၇) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှဝက်များကို ဝယ်ယူမွေးမြူရန်၊
(၈) ဝယ်ယူသည့်ဝက်များကို မိမိခြံရှိဝက်များနှင့်အတူ ထည့်သွင်းမွေးမြူခြင်းမပြုမီ သီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊
(၉) ပြည်ပမှတရားမဝင် တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြားဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊
(၁၀) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမရှိစေရန် အိမ်မွေးဝက်များအား ခြံလှောင်စနစ်ဖြင့် မွေးမြူရန်၊
(၁၁) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊
(၁၂) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

(၆၆) ကြိမ်မြောက် ကမ္ဘာ့မိုးလေဝသနေ့
၂၀၂၆ ခုနှစ်၊ မတ်လ ၂၃ ရက်

"သဘာဝဘေး ကာကွယ်ဖို့ နေ့စဉ်တိုင်းတာစောင့်ကြည့်စို့"
"Observing Today, Protecting Tomorrow"

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

## (၈၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြစစ်ကြောင်းကြီးများအား မိဘပြည်သူများ လာရောက်ဂုဏ်ပြုနိုင်

(၈၁)နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ချီတက်ကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများအား တန်းစီကွင်းမှ စစ်ရေးပြကွင်းကြီးသို့ ချီတက်ရာလမ်းကြောင်းတစ်လျှောက် ဂုဏ်ပြုပန်းစည်းကမ်းလိုသူ မိဘပြည်သူများအနေဖြင့် မတ်လ ၂၃၊ ၂၄၊ ၂၅ ရက်နေ့များတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် (ပင်မဂိတ်)သို့ နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)၊ ရောင်စုံလိုင်စင်ဓာတ်ပုံ(၂)ပုံတို့နှင့်အတူ လုံခြုံရေးဝင်ခွင့်ကတ်များကို လူကိုယ်တိုင်(လူကိုယ်တိုင်) လာရောက်ဆောင်ရွက်နိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါလိပ်စာသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

လုံခြုံရေးဆပ်ကော်မတီ
(နေပြည်တော်တိုင်းစစ်ဌာနချုပ်)
နေပြည်တော်
ဖုန်း၊ ၀၃၂-၃၀၀၀၉

## ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူ (၈၁)နှစ်မြောက် တပ်မတော်နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ စုပေါင်းသန့်ရှင်းရေးလုပ်အားပေးနေမှု ကြည့်ရှုအားပေး

နေပြည်တော် မတ် ၂၂

(၈၁)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့/ ဦးစီးဌာနများဖြစ်သည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့မှ တပ်ဖွဲ့ဝင်များနှင့် ဝန်ထမ်းများက ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပြည်ထောင်စုနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိနေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)၌ စုပေါင်းသန့်ရှင်းရေး လုပ်အားပေးကြသည်။



အဆိုပါ စုပေါင်းသန့်ရှင်းရေး လုပ်အားပေးနေမှုကို ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်မင်းသူ၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ပြည်ထဲရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်ထွန်းဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အကျဉ်းဦးစီးဌာန၊ မီးသတ်ဦးစီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယရဲချုပ်များနှင့် တပ်ဖွဲ့/ဦးစီးဌာနများမှ တာဝန်ရှိသူများ၊ ဆေးရုံအုပ်ကြီး ဒေါက်တာ သောင်းလှိုင်နှင့် ဆေးရုံတာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကြသည်။

စုပေါင်းသန့်ရှင်းရေး လုပ်အားပေးပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့၊ ဦးစီးဌာနများမှ တပ်ဖွဲ့ဝင်နှင့် ဝန်ထမ်းအင်အား ၁၀၁၀ တို့နှင့်အတူ ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းအင်အား၂၀၀ စုစုပေါင်းအင်အား ၁၂၁၀ တို့က ဆေးရုံကြီးဝင်း အတွင်း/အပြင် သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ခြင်း၊ ဆေးကုသဆောင်နှင့် အဆောက်အအုံများပေါ်ရှိ အမှိုက်များ၊ သစ်ရွက်ခြောက်များ ဖယ်ရှားရှင်းလင်းခြင်း၊ အဆောက်အအုံများဘေး ထိစပ်နေသော သစ်ကိုင်းများ၊ သစ်ပင်ကြီးများ အမြင်တင့်တယ်စေရေး၊ လေဝင်/လေထွက် ကောင်းမွန်စေရေးနှင့် အလင်းပွင့်စေရေးအတွက် ခုတ်ထွင်ဖယ်ရှားရှင်းလင်းခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ဖယ်ရှားရှင်းလင်းခြင်းနှင့် ရေနုတ်မြောင်းများ ဖော်ထုတ်ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြပြီး စုပေါင်းသန့်ရှင်းရေး လုပ်အားပေးဆောင်ရွက်သည့် တပ်ဖွဲ့ဝင်နှင့်ဝန်ထမ်းများအား စားသောက်ဖွယ်ရာများဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## နယ်စပ်ရေးရာဝန်ကြီးဌာနက ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်



နေပြည်တော် မတ် ၂၂

နယ်စပ်ရေးရာ ဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တစ်နိုင်ငံလုံး အကြားအလပ်မရှိ စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် အစားထိုးဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ ဟိုပုံးမြို့နယ် ဖက်ရမ်းကျေးရွာအုပ်စု ဖက်ရမ်းငယ်ကျေးရွာသို့ ဆိုလာ ၄၃ စုံ၊ ထီအုံခမ်း (နမ့်ပေါ်ခမ်းပေး) ကျေးရွာသို့ ဆိုလာအစုံ ၄၀၊ တာကော် (ခိုက်တာလော) ကျေးရွာသို့ ဆိုလာ ၆၄ စုံ၊ လုံလောက်ကျေးရွာသို့ ဆိုလာ ၁၈ စုံနှင့် ကလော မြို့နယ် ငုတ်ကျေးရွာအုပ်စု တောင်ပို့လှကျေးရွာသို့ ဆိုလာအစုံ ၅၀ စုစုပေါင်း ဆိုလာ ၂၁၅ စုံကို ကျေးရွာမီးလင်းရေးအတွက် ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးရဲလွင်ဦးနှင့် တာဝန်ရှိသူများက ကျေးရွာများရှိ ဒေသခံတိုင်းရင်းသားပြည်သူများထံ လက်ဝယ်အရောက်ထောက်ပံ့ပေးအပ်ခဲ့ပြီး ယခုအခါ အဆိုပါ ဆိုလာမီးတပ်ဆင်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

နယ်စပ်ရေးရာ ဝန်ကြီးဌာန ရှမ်းပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် အဆိုပါ ဆိုလာမီးများ တပ်ဆင်ပေးနိုင်ခဲ့မှုကြောင့် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွင်းရှိ ကျေးရွာငါးရွာမှ လူဦးရေ ၂၂၈၄ ဦးတို့အနေဖြင့် ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့ကို များစွာ အထောက်အကူပြုလျက်ရှိသည့်အတွက် များစွာဝမ်းမြောက်လျက်ရှိကြောင်း ဒေသခံတိုင်းရင်းသားများထံမှ သိရသည်။ **သတင်းစဉ်**



## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ်ဆိုင်ရာ အသိပညာပေး

ရန်ကုန် မတ် ၂၂

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အခွန်ဦးစီးဌာနမှူးရုံးတွင် ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ်(CEIR)ဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့မွန်းလွဲပိုင်းတွင် ပြုလုပ်သည်။

ဦးစွာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အခွန်ဦးစီးဌာနမှူး ဒေါ်နန္ဒာဝင်းက ဗဟိုမိုဘိုင်းစက်ပစ္စည်း သက်သေခံမှတ်ပုံတင်စနစ်ဆိုင်ရာနှင့်ပတ်သက်ပြီး ပြည်သူများ ပိုမိုသိရှိနိုင်စေရေး အသိပညာပေးဟောပြောသည်။

ထို့နောက် တက်ရောက်လာကြသည့်လုပ်ငန်းရှင်များက သိရှိလိုသည်များမေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**သန်းသန်းအေး(ဒဂုံတောင်)**

(၈၁)နှစ်မြောက် တပ်မတော်နေ့ အကြိုဂုဏ်ပြုဆောင်းပါး

# သမိုင်းမှတ်ကျောက်တင်နိုင်သော မြန်မာ့တပ်မတော်

မင်းခေါင်

**၂၀၂၆ ခုနှစ် မတ်လ ၂၇ ရက်နေ့သည် (၈၁)နှစ်မြောက် တပ်မတော်နေ့ဖြစ်သည်။ မြန်မာ့တပ်မတော်သည် ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသော ရဲဘော်သုံးကျိပ်မှ စတင်သန္ဓေတည်ခဲ့ပြီး လွတ်လပ်ရေးကြိုးပမ်းမှုကာလတွင် အနယ်နယ်အရပ်ရပ်မှ ဝင်ရောက်လာခဲ့ကြသော ပြည်သူများကြားမှ ပေါက်ဖွားလာသည့် ပြည်သူ့တပ်မတော်တစ်ရပ် ဖြစ်ပေသည်။**

သို့ကြောင့်ပင် တစ်ချိန်က တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနေဝင်းက "ငါတို့တွေဟာ ကြေးစားစစ်တပ်မဟုတ်ဘူး၊ ပြည်သူတွေထဲက ပေါက်ဖွားလာပြီးတော့ ပြည်သူတွေကို အလုပ်အကျွေးပြုရလိမ့်မည်"ဟု မိန့်ကြားခဲ့ပေသည်။

ထိုတပ်မတော်သည် ကိုလိုနီနယ်ချဲ့ဆန့်ကျင်ရေးနှင့် ဖက်ဆစ်တော်လှန်ရေးကာလအတွင်း အသက်သွေးချွေးပေါင်းမြောက်မြားစွာ ရင်းနှီးပေးဆပ်ကာ အမိနိုင်ငံတော်၏ လွတ်လပ်ရေးကို ပြန်လည်ရယူဆောင်ကြဉ်းပေးခဲ့သည်။

တပ်မတော်၏ဖခင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက **"ကျုပ်ခေါင်းဆောင်နေတဲ့ တပ်မတော်သားတွေကအစ ဒီလောက်အပင်ပန်းခံတိုက်နေတာ လခလည်း တစ်ပြားမှ မရသေးဘူး။ အဝတ်အစားလည်း ချို့တဲ့တယ်၊ ဆေးဝါးလည်း ကောင်းကောင်းမလုံလောက်ဘူး၊ လက်နက်ခဲယမ်းမီးကျောက်လည်း မပြည့်စုံဘူး၊ အနားလည်းမရဘူး၊ အသက်လည်းစွန့်ရတယ်၊ သေတဲ့လူတွေလည်း သေကုန်ပြီ၊ လူစဉ်မမီတဲ့လူတွေလည်း ရှိကုန်ပြီ။ အဲဒီလောက် အပင်ပန်းခံပြီး ကျုပ်တို့တစ်တပ်လုံး တိုက်နေတာဟာတစ်နေ့ကကျုပ်တို့တပ်ခေါင်းဆောင်တွေရဲ့ ကြေညာချက်အတိုင်း လူတစ်စုတည်း ကောင်းစားဖို့မဟုတ်ဘူး၊ ကျုပ်တို့တိုက်နေတာဟာ တိုင်းပြည်ရဲ့လွတ်လပ်ရေးနဲ့ တိုင်းပြည်လူထုကြီး ကောင်းစားရေးကိုသာရည်ရွယ်ပြီး တိုက်နေတာ ဆိုတာ တထစ်ချသိစေချင်တယ်"** ဟူ၍ ၁၉၄၅ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့တွင်ကျင်းပသော ရန်ကုန်မြို့လုံးကျွတ်အစည်းအဝေးကြီးတွင် မြွက်ကြားခဲ့ပေသည်။

မြန်မာပြည်လွတ်လပ်ရေးရရှိပြန်တော့လည်း တပ်မတော်သည် ကိုလိုနီနယ်ချဲ့၏ သွေးခွဲမှုကြောင့် လူမျိုးစွဲ၊ ဝါဒစွဲ၊ ဂိုဏ်းဂဏစွဲတို့ဖြင့် ပေါ်ပေါက်လာသော လက်နက်ကိုင် ပြည်တွင်းဆူပူသောင်းကျန်းမှုများကို လှေခွက်ချည်းကျန် အလံမလှဲ ကြံ့ကြံ့ခံ တွန်းလှန်ခဲ့ရပြန်ပေသည်။

ဗိုလ်မှူးကြီး(ဟောင်း)တင်မောင်က "တိုင်းပြည်ကနုနု မုန်တိုင်းကထန်ထန်" စာအုပ်တွင် **"နိုင်ငံတစ်ခုသည် မိမိ၏ဝါဒလမ်းစဉ်အရ အခြားတိုင်းပြည်တစ်ပြည်ကိုလွှမ်းမိုးရန် ကြိုးပမ်းရာ၌ အခြားနည်းလမ်းဖြင့် မအောင်မြင်သောအခါ လက်နက်အင်အားဖြင့် ဖိ၍လာတတ်သည်။ ထိုနည်းအတူ နိုင်ငံရေးအဖွဲ့အစည်းတစ်ခုသည် မိမိ၏ဝါဒလမ်းစဉ်အရ တိုင်းပြည်အတွင်း၌ လွှမ်းမိုးရန် ကြိုးပမ်းရာ၌ အခြားနည်းလမ်းဖြင့် မအောင်မြင်သောအခါ ထိုတိုင်းပြည်၏အစိုးရအား လက်နက်အားကိုးဖြင့် ဖြုတ်ချရန် ကြိုးစားလာတတ်သည်။**

**ထိုအခါ စစ်ပွဲဟူသည် ပေါ်ပေါက်လာရသည်။**

**မည်သို့ပင်ဖြစ်စေ စစ်ပွဲစပြီဆိုသည်နှင့် ပထမဆုံးသောကျည်ဆန်သည် ထိုတိုင်းပြည်၏ စစ်သားအားချိန်ရွယ်၍ ပစ်လွှတ်လိုက်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် အရေးအခင်းကို ဦးဆုံးပြေးတွေ့ရသူသည် စစ်သားပင်ဖြစ်ရသည်။ ပထမဦးဆုံး သွေးမြေကျရသူ၊ အသက်ပေးရသူသည်လည်း ထိုစစ်သားပဲဖြစ်ပါသည်။ ထိုစစ်သားအဖို့မှာတော့ မည်သူက မှားသည်၊ မည်သူကမှန်သည်ဟူသောအချက်သည် ပြဿနာမဟုတ်ပါ၊ မဟုတ်နိုင်တော့ပါ။**

**ထိုစစ်သားသိဖို့၊ နားလည်ဖို့၊ ယုံကြည်ဖို့ တစ်ခုသာရှိသည်။ အဲဒါက မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ ငါ၏တိုင်းပြည်နှင့် ငါ၏တပ်မတော်"** စသည်ဖြင့် ရေးသားခဲ့ပေသည်။

ထိုကဲ့သို့ပင် ထိုခေတ်တပ်မတော်သည် ငါ့နိုင်ငံတော်၊ ငါ့နိုင်ငံသား၊ ငါ၏တပ်မတော်အတွက် စွန့်လွှတ်စွန့်စားသောစိတ်ဓာတ်ဖြင့် ပြည်ထောင်စု အလံ မယိုင်လဲစေရန် ဟိုတစ်ကွက်၊ သည်တစ်ကွက် ကြံ့ကြံ့ခံတွန်းလှန်ခုခံခဲ့ရသည်။ ၁၉၄၉ ခုနှစ် နှစ်ကုန်၊ ၁၉၅၀ ပြည့်နှစ်များရောက်မှ ရောင်စုံသောင်းကျန်းသူများ ယာယီစိုးမိုးထားသည့်မြို့များကို တစ်မြို့ပြီး တစ်မြို့ ပြန်လည်တိုက်ခိုက်သိမ်းပိုက်ခဲ့ပြီး နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ပြန်လည်ရယူစွမ်းဆောင်နိုင်ခဲ့ပေသည်။

> ❖ **နိုင်ငံရေးအဖွဲ့အစည်းတစ်ခုသည် မိမိ၏ဝါဒလမ်းစဉ်အရ တိုင်းပြည်အတွင်း၌ လွှမ်းမိုးရန်ကြိုးပမ်းရာ၌ အခြားနည်းလမ်းဖြင့် မအောင်မြင်သောအခါ ထိုတိုင်းပြည်၏အစိုးရအား လက်နက်အားကိုးဖြင့် ဖြုတ်ချရန် ကြိုးစားလာတတ်သည်**
>
> ❖ **စစ်ပွဲစပြီဆိုသည်နှင့် ပထမဆုံးသောကျည်ဆန်သည် ထိုတိုင်းပြည်၏ စစ်သားအားချိန်ရွယ်၍ ပစ်လွှတ်လိုက်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် အရေးအခင်းကို ဦးဆုံးပြေးတွေ့ရသူသည် စစ်သားပင်ဖြစ်ရသည်။ ပထမဦးဆုံး သွေးမြေကျရသူ၊ အသက်ပေးရသူသည်လည်း ထိုစစ်သားပဲဖြစ်ပါသည်။ ထိုစစ်သားအဖို့မှာတော့ မည်သူက မှားသည်၊ မည်သူက မှန်သည် ဟူသောအချက်သည် ပြဿနာမဟုတ်ပါ၊ မဟုတ်နိုင်တော့ပါ။ ထိုစစ်သားသိဖို့၊ နားလည်ဖို့၊ ယုံကြည်ဖို့တစ်ခုသာရှိသည်။ အဲဒါက မှားသည်ဖြစ်စေ၊ မှန်သည်ဖြစ်စေ ငါ၏တိုင်းပြည်နှင့် ငါ၏တပ်မတော် . . .**

ချီလေသည့်တပ်မတော်သည် ပြည်တွင်းသောင်းကျန်းမှုရန်ကိုတွန်းလှန်၍ အသက်ရှူချောင်ရုံမျှသာရှိသေးသည် မြန်မာ့မြေပေါ်သို့ ကျူးကျော်ဝင်ရောက်တပ်စွဲလာသော ကူမင်တန်တရုတ်ဖြူတပ်များကို နဂါးနိုင်၊ ဘုရင့်နောင်၊ ရန်ကြီးအောင်၊ မဲခေါင်စစ်ဆင်ရေးများ ဆက်တိုက်ဆင်နွှဲပြီး တိုက်ထုတ်ခဲ့ရပြန်သည်။

ထို့ပြင် တပ်မတော်၏ ပခုံးထက်ဝယ် နိုင်ငံတော်ကာကွယ်ရေးတာဝန်များသာမက နိုင်ငံ့အရေးအတွက် နိုင်ငံရေးတာဝန်များပါ ကျရောက်ခဲ့ပြန်သည်။

**အိမ်စောင့်အစိုးရတာဝန်ကို ထမ်းဆောင်ခဲ့ရပြန်**

၁၉၅၈ ခုနှစ်တွင် အာဏာရဖဆပလအစိုးရအဖွဲ့အတွင်း တည်မြဲနှင့် သန့်ရှင်းအုပ်စု အကွဲအပြဲနှင့်အတူ အပြန်အလှန်စွပ်စွဲမှုများ၊ အပြန်အလှန် ဆန့်ကျင်လှုပ်ရှားမှုများ၊ မတည်ငြိမ်မှုများ ဖြစ်ပွားလာမှုကြောင့် ဝန်ကြီးချုပ်သခင်နုက ဗိုလ်ချုပ်ကြီးနေဝင်းထံ အခြေအနေအရပ်ရပ်ကို ထိန်းသိမ်းပေးရန်နှင့် တရားမျှတသောအထွေထွေရွေးကောက်ပွဲကိုကျင်းပပေးရန် ဖိတ်ခေါ်တာဝန်ပေးမှုအရ တပ်မတော်သည် အိမ်စောင့်အစိုးရတာဝန်ကို ထမ်းဆောင်ခဲ့ရပြန်သည်။

ဗိုလ်ချုပ်ကြီးနေဝင်း ဦးဆောင်သော အိမ်စောင့်အစိုးရခေတ်တွင် တပ်မတော်သည် တရားဥပဒေစိုးမိုးရေး၊ ငြိမ်ဝပ်ပိပြားရေးနှင့် ငြိမ်းချမ်းရေးကို တည်ဆောက်ပေးခဲ့သည်။ ၁၉၄၈–၁၉၅၈ ခုနှစ်များအတွင်းက သောင်းကျန်းသူများရန်ကြောင့် ရန်ကုန်မြို့သို့ ပြောင်းရွှေ့လာသော တောနေလူထုများပြားလာမှုနှင့်အတူ ဖြစ်တည်လာသော တရားမဝင်ကျူးကျော်ရပ်ကွက်များကို ဖျက်သိမ်း၍ တရားဝင်မြေယာပိုင်ဆိုင်မှုရရှိစေရန် တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ၊ သာကေတမြို့သစ်တို့ကို တည်ပေးခဲ့ရသည်။

မြို့တွင်းလမ်းများ ပြုပြင်ခြင်း၊ ရေမြောင်းများ တူးဖော်ခြင်းများအပါအဝင် ရန်ကုန်မြို့ သန့်ရှင်းသာယာလှပရေးအတွက်လည်း တပ်မတော်သားများက တနင်္ဂနွေနေ့တိုင်း လုပ်အားပေးဆောင်ရွက်ခဲ့ကြသည်။ သားစျေး၊ ငါးစျေး၊ ထင်းစျေးအပါအဝင် ကုန်စျေးနှုန်းကျဆင်းရေးအတွက်လည်း တပ်မတော်သားများက ရပ်ကွက်များအထိ ကွင်းဆင်း၍ ရောင်းချပေးခဲ့ကြသည်။

အိမ်စောင့်အစိုးရအဖွဲ့က တရားဥပဒေစိုးမိုးရေး၊ ငြိမ်ဝပ်ပိပြားရေး၊ တရားမျှတပြီး လွတ်လပ်သော အထွေထွေရွေးကောက်ပွဲတာဝန်များကို ဦးတည်ဆောင်ရွက်နေစဉ်အတွင်း မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နှစ်နိုင်ငံအကြား နယ်နိမိတ်သတ်မှတ်ရေးလုပ်ငန်းကိုလည်း အောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်နိုင်ခဲ့ပေသည်။

ထို့နောက် အိမ်စောင့်အစိုးရ၏ အဓိကတာဝန်တစ်ရပ်ဖြစ်သော တတိယအကြိမ်မြောက် ပါလီမန်အထွေထွေရွေးကောက်ပွဲကို ၁၉၆၀ ပြည့်နှစ် ဖေဖော်ဝါရီလ ၆ ရက်နေ့တွင် ကျင်းပပေးခဲ့ပြီး အနိုင်ရပါတီအား နိုင်ငံတော်၏အာဏာကို ပြန်လည်အပ်နှင်းခဲ့ပေသည်။

ထို့အတူ တပ်မတော်သည် ၁၉၆၂ ခုနှစ်နှင့် ၁၉၈၈ ခုနှစ်များတွင်လည်း နိုင်ငံရေးအကျပ်အတည်းများနှင့် ပြည်ထောင်စုပြိုကွဲမည့်အရေးကြောင့် မလွှဲသာမရှောင်သာ နိုင်ငံတော်၏အာဏာကိုရယူပြီး အမျိုးသားနိုင်ငံရေးတာဝန်များကို ဦးလည်မသုန်ထမ်းဆောင်ခဲ့ရပြန်သည်။

**ဒီမိုကရေစီစနစ်ကို ဖော်ဆောင်**

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီတပ်မတော်အစိုးရခေတ်တွင် မြစ်ကူးချောင်းကူးတံတားကြီးများနှင့် လမ်းများ၊ ဆည်မြောင်းတာတမံများ၊ ဆေးရုံများ၊ တက္ကသိုလ်များ၊ နေပြည်တော်အပါအဝင် မြို့သစ်များ စသည့် နိုင်ငံတော်အတွက်လိုအပ်သော အခြေခံအဆောက်အအုံများကို တည်ဆောက်ပေးခဲ့ရုံမက အမျိုးသားညီလာခံကရေးဆွဲပြီး ပြည်သူများ၏ ထောက်ခံအတည်ပြုမှုနှင့်အတူ ပေါ်ပေါက်လာသောဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) နှင့်အညီ ပြည်သူများလိုလားတောင့်တသည့် ဒီမိုကရေစီစနစ်ကို ဖော်ဆောင်နိုင်ရန် ၂၀၁၀ ပြည့်နှစ်တွင် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပပေးခဲ့သည်။ ဆက်လက်၍ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို အနိုင်ရပါတီအား စနစ်တကျလွှဲပြောင်းအပ်နှင်းပေးခဲ့သည်။

တစ်ဖန် ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အာဏာရပါတီ၏ မဲမသမာမှုနှင့်အတူ နိုင်ငံတော်၏အာဏာကို အဓမ္မရယူရန်ဆောင်ရွက်ခဲ့မှုကြောင့် တပ်မတော်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရေးပေါ်ကာလပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံ့အရေးအတွက် နိုင်ငံတော်၏တာဝန်များကို တာဝန်ယူထမ်းဆောင်ခဲ့ရပြန်ပါသည်။

ယခုအကြိမ်တွင် တပ်မတော်သည် ယခင်ကထက် ပိုမိုများပြားသောစိန်ခေါ်မှုများကို ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်ဟု ဆိုရပေမည်။

စတင်တာဝန်ယူရသည့်အချိန်တွင် ဆူပူဆန္ဒပြမှုများ၊ NCA လက်မှတ်ရေးထိုးထားသည့် EAO အဖွဲ့အချို့နှင့် လက်မှတ်ရေးထိုးထားခြင်းမရှိသည့် EAO အဖွဲ့များအနေဖြင့် နိုင်ငံရေးဖြစ်စဉ်များကြောင့် နယ်စပ်ဒေသသို့ ထွက်ပြေးတိမ်းရှောင်လာသည့် လူငယ်များ၊ နိုင်ငံ့ဝန်ထမ်းအချို့အား လက်ခံပြီး ပြည်ပနိုင်ငံကြီးအချို့၏ ငွေကြေးထောက်ပံ့မှုများရယူကာ အကြမ်းဖက်သင်တန်းများပို့ချ၍ လက်နက်များ တပ်ဆင်ပေးခြင်း၊ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်စေရန် မြှောက်ပင့်ပေးခြင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများ၊ ပြည်ဖျက်မီဒီယာများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် တရားမဝင်ဖွဲ့စည်းထားသည့် CRPH နှင့် NUG တို့၏လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့အပါအဝင် အကြမ်းဖက်အဖွဲ့များ အမျိုးမျိုးပေါ်ပေါက်လာပြီး အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လာခြင်းများအပါအဝင် စိန်ခေါ်မှုများကို ကြုံတွေ့ခဲ့ရပေသည်။

သို့ရာတွင် အစဉ်အလာရှိသော တပ်မတော်က ထိုစိန်ခေါ်မှုများကို မုန်တိုင်းကိုမမှု အန်တုနိုင်ခဲ့ပြန်ပါသည်။

စာမျက်နှာ ၇ သို့ ❂

# ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၃)သို့ တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား ကြိုဆို



**နေပြည်တော်  မတ်  ၂၂**

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၃)သို့ တက်ရောက်ကြမည့် ရှမ်းပြည်နယ်အတွင်းရှိ နိုင်ငံ့သားကောင်းရတနာများအား ကြိုဆိုပွဲကို ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ရှိ နယ်မြေခံသင်တန်းကျောင်း၌ ပြုလုပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ တက်ရောက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၂၃)သို့ တက်ရောက်ကြမည့် နိုင်ငံ့သားကောင်းရတနာများအား အောင်သပြေပန်းများ၊ စားသောက်ဖွယ်ရာများဖြင့် သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အဆိုပါသင်တန်းသို့တက်ရောက်မည့် နိုင်ငံ့သားကောင်းရတနာများအား လိုအပ်သည့် စုဖွဲ့ပြင်ဆင်မှုများနှင့် အုပ်ချုပ်မှုကိစ္စရပ်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# (၈၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ကြမည့် စစ်ရေးပြစစ်ကြောင်းများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် အထင်ကရနေရာများအား သွားရောက်ဖူးမြော်လေ့လာ

**နေပြည်တော်  မတ်  ၂၂**

(၈၁)နှစ်ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ကြမည့် စစ်ရေးပြစစ်ကြောင်းများမှ တပ်မတော်(ကြည်း၊ ရေ၊ လေ) အရာရှိ စစ်သည်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် အဖွဲ့သုံးဖွဲ့ခွဲ၍ ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။



အဆိုပါ (၈၁) နှစ်ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင်ပါဝင်သည့် စစ်ရေးပြ စစ်ကြောင်းများမှ ဘုရားဖူးလာ စစ်ရေးပြ စစ်ကြောင်းများသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များအသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များအတွင်း လေ့လာကြည့်ရှုကြသည်။

**လေ့လာကြည်ညို**

ထို့နောက် ပိဋကတ်သုံးပုံတော်လာအဋ္ဌကထာဋီကာ ကျမ်းစာများကို စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ပါဠိအက္ခရာ၊ ROMANIZE LANGUAGE တို့ဖြင့် ကျောက်စာတော်များ ထွင်းထုထည့်သွင်းတည်ဆောက်ထားသည့် ကျောက်စာရုံ စေတီတော်အဆူ ၇၂၀ ကိုလည်း စိတ်ဝင်စားစွာဖြင့် ဖူးမြော်လေ့လာ ကြည်ညိုကြသည်။

ထို့ပြင် အဆိုပါစစ်ရေးပြစစ်ကြောင်းများသည် အမျိုးသားပြတိုက်(နေပြည်တော်)ရှိ ပြခန်းများ၊ တပ်မတော်စစ်သမိုင်းပြတိုက်(နေပြည်တော်)နှင့် မြန်မာနိုင်ငံတော်အတွက် မိမိတို့၏ အသက်ကိုပင် စွန့်လွှတ်စွန့်စားစွာ ပေးဆပ်ခဲ့ကြသည့် အမွန်မြတ်ဆုံး တုနှိုင်းဖွယ်ရာမရှိသော ဂုဏ်ဒြပ်များကို ပိုင်ဆိုင်ကြသည့် သူရဲကောင်းတစ်ဦးစီကို မော်ကွန်းတင် ကမ္ပည်းရေးထိုးထားရှိသည့် အထိမ်းအမှတ် ဗိမာန်တစ်ခုဖြစ်သည့် သူရဲကောင်းဗိမာန်(နေပြည်တော်)သို့ သွားရောက်ဂါရဝပြုအလေးပြုကြပြီး ဗိမာန်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

သတင်းစဉ်





**❂ စာမျက်နှာ ၆ မှ**

ဆူပူဆန္ဒပြခဲ့မှုများကို ထိန်းထိန်းသိမ်းသိမ်းဖြင့် ဖြေရှင်းနိုင်ခဲ့သည့်နည်းတူ အကြမ်းဖက်လုပ်ရပ်များကိုလည်း တပ်မတော်အနေဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ တည်ငြိမ်အေးချမ်းရေးကို လိုလားသည့် ပြည်သူလူထုများနှင့် အတူတကွပူးပေါင်း၍ တရားဥပဒေနှင့်အညီ နှိမ်နင်းလျက်ရှိပေသည်။ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များ ယာယီစိုးမိုးထားသည့် မြို့ရွာအချို့ကိုလည်း တပ်မတော်က ပြန်လည်သိမ်းပိုက်နိုင်ခဲ့ပြီး ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးနှင့် အခြေခံအဆောက်အအုံများကို ပြန်လည်တည်ဆောက်ပေးနိုင်ခဲ့ပေသည်။

ထို့အတူ ကိုဗစ်-၁၉ ကပ်ဘေးအန္တရာယ်နှင့် ၂၀၂၃ ခုနှစ်အတွင်း ရခိုင်ပြည်နယ်၌ ထိခိုက်မှုဖြစ်ပေါ်ခဲ့သည့် မိုခါမုန်တိုင်း၊ ၂၀၂၄ ခုနှစ်အတွင်းက ဖြစ်ပေါ်ခဲ့သည့် ရာဂီမုန်တိုင်း၊ ၂၀၂၅ ခုနှစ် မတ်လ ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးစသည့် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်ခဲ့မှုများကိုလည်း အခက်အခဲများကြားမှ အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့ပေသည်။

**အစိုးရသစ်တစ်ရပ် ပေါ်ပေါက်လာတော့မည်**

မူလရည်မှန်းချက်ဖြစ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကိုလည်း ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင်စတင်ပြီး အပိုင်း(၃)ပိုင်းခွဲ၍ မြို့နယ်ပေါင်း ၂၆၃ မြို့နယ်တွင် အောင်မြင်စွာကျင်းပပေးခဲ့ရာ မကြာမီကာလအတွင်း ရွေးကောက်ခံအစိုးရသစ်တစ်ရပ် ပေါ်ပေါက်လာတော့မည် ဖြစ်ပေသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မတ်လ ၆ ရက်နေ့က နေပြည်တော်၌ ကျင်းပသော အမျိုးသားစီမံကိန်းကော်မရှင် (၁/၂၀၂၆) အစည်းအဝေးတွင် **“မိမိတို့အနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှစပြီး ယနေ့ထိ နိုင်ငံတော်ကို အရေးပေါ်ကာလ ပြဋ္ဌာန်းချက်များနှင့်အညီ တာဝန်ယူခဲ့ပြီး နိုင်ငံတော်၏စီးပွားရေး၊ လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးကို နည်းလမ်းမျိုးစုံဖြင့်တိုးတက်အောင် ကြိုးပမ်းလျက်ရှိကြကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် ချမှတ်ထားသည့် ဦးတည်ချက်များ၊ ရှေ့လုပ်ငန်းစဉ်များနှင့်အညီ တစ်ဆင့်ပြီးတစ်ဆင့် အကောင်အထည်ဖော်ခဲ့သည်မှာ ယခုအခါရွေးကောက်ပွဲကို အောင်မြင်ပြီးမြောက်စွာ ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်ကြောင်း”** ပြောကြားခဲ့ပေသည်။

ချီလေသည့်တပ်မတော်သည် စတင်သန္ဓေတည်ပေါက်ဖွားလာသည်မှအစပြု၍ အမျိုးသားလွတ်မြောက်ရေး၊ နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် သမိုင်းပေးတာဝန်များကို မျက်မှောက်ကာလတိုင် မနားမနေထမ်းဆောင်နေရဆဲ။

တပ်မတော်ကို မလိုမုန်းတီးသူများက မည်သို့ပင် အမနာပ ပုတ်ခတ်ပြောဆိုကြငြား၊ မဟုတ်မမှန်လုပ်ကြံဝါဒဖြန့်ပြောဆိုကြငြား တပ်မတော်သည် နှစ်ပေါင်း ၈၀ ကျော်ကာလအတွင်း သမိုင်းမှတ်ကျောက်အလီလီတင်နိုင်ခဲ့သည်ကို လေ့လာသူတိုင်း တွေ့မြင်ကြရမည်ဖြစ်ပေသည်။ ။

# အင်းစိန်မြို့နယ်၌ (၈၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် စာဖတ်ဝိုင်းကျင်းပ

ရန်ကုန် မတ် ၂၂

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(အင်းစိန်)၊ မြို့နယ်စာပေဥယျာဉ် (Book Club)အသင်းနှင့် မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်းကျင်းပသည့် (၈၁)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ် သုတ၊ ရသစာပေ၊ စာဖတ်ဝိုင်းဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်ခိုင်ဇာထွန်းက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး အသင်းနာယက ဆရာကြီး ဦးရန်နောင်(ရန်နောင်-ပညာရေး)နှင့် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးတော်မြင့်(တော်မြင့်-ငှက်ဖျား)တို့က အမှာစကားပြောကြားသည်။

ထို့နောက် စာရေးဆရာ မင်းသီဟရာဇာက ၁၉၆၃ ခုနှစ်၊ စာရေးဆရာမကြီး ဒေါ်ခင်ဆွေဦး ရေးသားထုတ်ဝေခဲ့သည့် "ဒို့တိုင်းဌာနီ"အမည်ရှိ နယ်ချဲ့ဆန့်ကျင်ရေး၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး နောက်ခံပါရှိသော စာအုပ် ဒုတိယပိုင်းအကြောင်းကို ပြည့်စုံစွာ ဟောပြောဆွေးနွေးသည်။ စာရေးဆရာ၊ စာပေဥယျာဉ် အသင်းဝင်များ ဖြစ်ကြသည့် တော်မြင့်(ငှက်ဖျား)၊ ကျော်ဇင်ဝင်း(မရမ်းကုန်း)၊ ပျိုပျိုယောဂ(သစ်တော)၊ နန်းဝေ(ပျူပုတီး)၊ ရန်နောင်(ပညာရေး)နှင့် ငွေလင်း(ရုပ်ရှင်)တို့က သိလိုသည်များကို မေးမြန်းဆွေးနွေး အမြင်ချင်းဖလှယ်ကြကာ အသင်းနာယက ဆရာ ဦးသက်တင်(မောင်သာတင့်-မြန်အောင်)က ကျေးဇူးတင်စကားပြောကြား၍ အသင်းဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်(မောင်မောင်ဝင်းမြင့်-မှူခင်း)က နိဂုံးချုပ်စကားပြောကြားပြီး ဦးဆောင်ဆွေးနွေးသူအား အသင်းတာဝန်ရှိသူများက အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်းသိရသည်။

မြင့်ဦး



# ကလောမြို့၌ အသိပညာပေးဟောပြောပွဲ ကျင်းပ

ကလော မတ် ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့၌ မတ် ၂၁ ရက်တွင် အမျိုးသမီးများဆိုင်ရာ ကာကွယ်ပေးထားသည့်အခွင့်အရေး ဥပဒေနှင့် လူကုန်ကူးမှု၊ အကြမ်းဖက်မှု၊ သက်ငယ်မုဒိမ်းမှုတို့ကို ကာကွယ်စောင့်ရှောက်နိုင်ရေးခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပွဲ ကျင်းပသည်။

## အသိပညာပေးဟောပြော

ဦးစွာ ကလောမြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးသက်လှိုင်က အမှာစကားပြောကြားပြီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူး ဒေါ်နန်းဥမ္မာအုန်းက သက်ငယ်မုဒိမ်းဆိုင်ရာ ဥပဒေအကြောင်း၊ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဒေါ်စိမ်းနုအောင်က အမျိုးသမီးများအားကာကွယ်ထားသည့် ဥပဒေများအကြောင်း၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါက်တာစောမြတ်သစ္စာက သက်ငယ်မုဒိမ်းမှုများဆိုင်ရာ ကြိုတင်ကာကွယ်နိုင်ရေး သိကောင်းစရာများနှင့် အမှတ်(၂) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ်(အောင်ပန်း)မှ ဒုရဲအုပ် ခင်အေးငြိမ်းက တရားမဝင် ရွှေ့ပြောင်းသွားလာလုပ်ကိုင်ရာမှ လူကုန်ကူးမှုခံရနိုင်ခြင်း၊ လူမှုကွန်ရက်မှ မိတ်ဆွေဖွဲ့ပြီး လိမ်လည်လက်ထပ်ပြီး လူကုန်ကူးခံရနိုင်ခြင်း၊ အဓမ္မမွေးစားပြီး လူကုန်ကူးမှု ကျူးလွန်နိုင်ကြောင်း၊ လူကုန်ကူးမှုမခံရစေရေး သိသင့်သိထိုက်သည့်ဆောင်ရန်/ရှောင်ရန်အချက်များအကြောင်း စသည်တို့ကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# တာချီလိတ်မြို့၌ နမ့်ယွန်းချောင်းအတွင်း နုန်းတူးဖော်ခြင်းလုပ်ငန်းများဆောင်ရွက်

တာချီလိတ် မတ် ၂၂

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ လာမည့်မိုးတွင်းကာလတွင် ရေကြီးရေလျှံမှုမှ ကာကွယ်နိုင်ရန်အတွက် နမ့်ယွန်းချောင်းအတွင်းရှိ နုန်းများတူးဖော်ခြင်းလုပ်ငန်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် တာချီလိတ်တပ်နယ်မှ တာဝန်ရှိသူများ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင့်ဝေသုံ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်စွာမျိုးနှင့် မြို့နယ်စည်ပင်သာယာရေးဌာနမှ တာဝန်ရှိသူများက နမ့်ယွန်းချောင်းအတွင်းရှိ နုန်းများ၊ အမှိုက်သရိုက်များ၊ ဒိုက်ဖတ်များ၊ ရွှံ့နုန်းသဲများအား စက်ယန္တရားများဖြင့် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ နမ့်ယွန်းချောင်းအတွင်း နုန်းများတူးဖော်ခြင်းကို မင်းခေတ်သစ်ကုမ္ပဏီက မြို့မဈေးထိပ်အနီး၊ အကောက်ခွန်ရုံးအနီး၊ မကာဟိုခမ်းရပ်ကွက်ရုံးအနီးထိ ပေ ၉၅၀ ခန့်ကို မတ်လကုန်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။



မြင့်မိုရ်(တာချီလိတ်)



# ကျေးရွာချင်းဆက်ကတ္တရာလမ်း ပြန်လည်ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

ပျဉ်းမနား မတ် ၂၂

ပြည်ထောင်စုနယ်မြေ နေပြည်တော် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လယ်ဝေးခရိုင် လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)သည် ယနေ့နံနက်ပိုင်းတွင် ပျဉ်းမနားမြို့နယ် နတ်သူရဲကျေးရွာအုပ်စု၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်ခဲ့သည့် နတ်သူရဲ-ပေါစံခေါ-သစ်ဆိမ့်ပင် ကျေးရွာချင်းဆက်ကတ္တရာလမ်းရှိ ပျက်စီးနေသည့်အပိုင်းများ ပြန်လည်ဆောင်ရွက်ပြီးစီးမှုကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ပေါက်ခေါင်းမြို့နယ်၌ သမဝါယမကဏ္ဍမှ မိုးနှောင်းဝါကောက်သိမ်းနေမှု ကွင်းဆင်းကြည့်ရှု

ပေါက်ခေါင်း မတ် ၂၂

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်အတွင်းရှိ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် သမဝါယမကဏ္ဍမှ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် တစ်ကေလျှင် ကျပ်နှစ်သိန်းနှင့်ညီမျှသော Raga-666(BT)မျိုးနှင့် သွင်းအားစုများကို ပံ့ပိုးဆောင်ရွက်ပေးထားသည့် အခြေခံသမဝါယမအသင်း ခုနစ်သင်း၊ အသင်းသားတောင်သူ ၂၈၁ ဦး၏ မိုးနှောင်းဝါသီးနှံစိုက်ဧက ၁၃၀၀ အနက် ရပ်သစ်ကျေးရွာ တိုးတက်အောင် မွေးမြူရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းမှ အသင်းသား ၁၂ ဦး၏ စိုက်ဧက ၁၀၅ ဧက၌ စိုက်ပျိုးထားရှိသော Raga-666(BT) မိုးနှောင်းဝါစိုက်ခင်းကို ငါးကြိမ်မြောက် ကောက်သိမ်းနေမှုအား မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုမှ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုခဲ့ရာ တစ်ကေလျှင် ပျမ်းမျှပိဿာ ၁၁၁၀ နှုန်း ထွက်ရှိကြောင်း သိရသည်။

သတင်းစဉ်



# မော်လမြိုင်မြို့နယ်၌ စက်သုံးဆီပြတ်လပ်မှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

မော်လမြိုင် မတ် ၂၂

မွန်ပြည်နယ် မော်လမြိုင်မြို့နယ်တွင် ပြည်နယ် ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေးကော်မတီ၏ လမ်းညွှန်မှုဖြင့် မြို့နယ်ရေနံနှင့် ရေနံထွက်ပစ္စည်းဆိုင်ရာလုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်းနိုင်နှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် အဖွဲ့ သုံးဖွဲ့ခွဲ၍ မော်လမြိုင်မြို့ပေါ်ရှိ စက်သုံးဆီ အရောင်းဆိုင်များသို့ ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်ရေနံထွက်ပစ္စည်း အရောင်းဆိုင်များကြီးကြပ်မှုဆပ်ကော်မတီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက မြို့နယ်အတွင်းရှိစက်သုံးဆီအရောင်းဆိုင်များအနေဖြင့် ပြည်သူများ အဆင်ပြေချောမွေ့စွာ ဝယ်ယူနိုင်ရေးအတွက် ဈေးနှုန်းမှန်ကန်စွာ ရောင်းချရေး၊ ဆီလက်ကျန်စာရင်းနှင့် ရောင်းချမှုစာရင်းများ စစ်ဆေးခြင်း၊ စက်သုံးဆီဝယ်ယူရာတွင် ယာဉ်လိုင်စင် သက်သေခံ ဝိုးတက်(သို့မဟုတ်) အုံနာဘုတ်ပြသစေ၍ စစ်ဆေးရောင်းချသွားရန်၊ စုံရက် မရက်အလိုက် ယာဉ်များကို စက်သုံးဆီများ ရောင်းချပေးရန်နှင့် အဆိုပါစည်းကမ်းချက်များအား ပြည်သူများ သိရှိနိုင်ရန် ဗီနိုင်းဆိုင်းဘုတ်များ စိုက်ထူချိတ်ဆွဲ၍ ကြေညာပေးရန် တို့ကို ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ခင်စန်းမြင့်(ပြန်/ဆက်)

❖

# မိုးတိမ်တောင်ဖြစ်ပေါ်မှု အခြေအနေ

နေပြည်တော် မတ် ၂၂

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

# လေထုညစ်ညမ်းမှုကို ကြိုတင်ကာကွယ်ဖို့ အားလုံးပူးပေါင်းဆောင်ရွက်စို့

**.... ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ....**

## ကမ္ဘာ့လေထု

ကျွန်ုပ်တို့၏ ကမ္ဘာမြေကြီးကို မျက်စိဖြင့် မမြင်နိုင်သော လေထု (Atmosphere) သည် ဝန်းရံလွှမ်းခြုံထားလျက်ရှိပြီး သက်ရှိအားလုံး ရှင်သန်ရပ်တည်နိုင်ရန် မရှိမဖြစ်လိုအပ်သော သဘာဝစနစ်တစ်ခုဖြစ်ပါသည်။

National Aeronautics and Space Administration (NASA) နှင့် National Oceanic and Atmospheric Administration (NOAA) တို့၏ လေ့လာချက်များအရ အဆိုပါလေထုကို နိုက်ထရိုဂျင် (Nitrogen) ၇၈ ရာခိုင်နှုန်း၊ အောက်ဆီဂျင် (Oxygen) ၂၁ ရာခိုင်နှုန်း၊ အာဂွန် (Argon) သုည ဒသမ ၉၃ ရာခိုင်နှုန်းနှင့် ကာဗွန်ဒိုင်အောက်ဆိုက် (Carbon Dioxide) အပါအဝင် အခြားဓာတ်ငွေ့များ အနည်းငယ်စီနှင့် ရေခိုးရေငွေ့များဖြင့် ဖွဲ့စည်းထားပါသည်။

လေထုသည် လူသားများအသက်ရှူနိုင်ရန် အောက်ဆီဂျင်ကို ပံ့ပိုးပေးရုံသာမက နေမှလာသော အန္တရာယ်ရှိသည့် ခရမ်းလွန်ရောင်ခြည် (UV Radiation) များကို တားဆီးပေးခြင်း၊ အပူချိန်ကို ထိန်းညှိပေးခြင်းနှင့် ရာသီဥတုစနစ်များကို ဖြစ်ပေါ်စေခြင်းတို့တွင် အရေးပါသော လုပ်ဆောင်ချက်များကို ဆောင်ရွက်ပေးပါသည်။ လေထုမရှိပါက ကမ္ဘာမြေသည် အပူချိန်အလွန်မြင့်မားခြင်း သို့မဟုတ် အလွန်နိမ့်ကျခြင်းများ ဖြစ်ပေါ်နိုင်ပြီး သက်ရှိများ အသက်ရှင်သန်ရန် မဖြစ်နိုင်သည့် ပတ်ဝန်းကျင်တစ်ခုဖြစ်လာမည်ဖြစ်ပါသည်။

ကမ္ဘာ့လေထုကို အမြင့်အလိုက် Troposphere၊ Stratosphere၊ Mesosphere၊ Thermosphere နှင့် Exosphere ဟူ၍ အဓိကအလွှာ ငါးလွှာအဖြစ် ခွဲခြားထားပါသည်။ မြေပြင်နှင့် အနီးဆုံးဖြစ်သော Troposphere အလွှာသည် လူသားများနေထိုင်ရာ ပတ်ဝန်းကျင်ဖြစ်ပြီး ကျွန်ုပ်တို့ နေ့စဉ်ရှူရှိုက်နေရသောလေများရှိရာ နေရာတစ်ခုဖြစ်သည့်အပြင် မိုးရွာခြင်း၊ လေတိုက်ခြင်းစသည့် ရာသီဥတုဖြစ်စဉ်များ အများစုဖြစ်ပေါ်ရာ နေရာလည်းဖြစ်ပါသည်။ ၎င်းအထက်ရှိ Stratosphere အလွှာတွင် အိုဇုန်းလွှာ (Ozone Layer) တည်ရှိကာ UV Radiation များကို အဓိကစုပ်ယူပြီး ကမ္ဘာမြေပေါ်ရှိ သက်ရှိများကို ကာကွယ်ပေးလျက်ရှိပါသည်။

## သန့်ရှင်းသော လေထု (Clean Air) ၏ အရေးပါပုံ

လူသားများသည် အချိန်နှင့်အမျှ လေကို ရှူရှိုက်နေရသည်ဖြစ်ရာ ကျွန်ုပ်တို့ ပတ်ဝန်းကျင်ရှိ လေထုအရည်အသွေးသည် ကျန်းမာရေးအတွက် အဓိကအရေးပါသည့်အရာဖြစ်ပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (World Health Organization – WHO) ၏ အချက်အလက်များအရ လေထုညစ်ညမ်းမှုကြောင့် နှစ်စဉ် အသက် ငါးနှစ်အောက် ကလေးငယ် ခြောက်သိန်းကျော်အပါအဝင် လူဦးရေ ခုနစ်သန်းခန့် အရွယ်မတိုင်မီ သေဆုံးနေရပါသည်။ အထူးသဖြင့် $PM_{2.5}$၊ $PM_1$ နှင့် Ultra fine Particles (UFP) ကဲ့သို့ အလွန်သေးငယ်သော အမှုန်အမွှားများသည် အဆုတ်မှတစ်ဆင့် သွေးကြောများအတွင်း ရောက်ရှိကာ ရောင်ရမ်းမှုကို ဖြစ်စေသဖြင့် လေဖြတ်ခြင်း၊ နှလုံးရောဂါ၊ အဆုတ်ကင်ဆာ၊ အဆုတ်အအေးမိရောဂါနှင့် နာတာရှည်လေပြွန်ရောင်ရောဂါတို့ကို ဖြစ်ပေါ်စေပါသည်။

ထို့အပြင် ၎င်းတို့သည် ဦးနှောက်နှင့် အာရုံကြောစနစ်ကိုပါ ထိခိုက်စေနိုင်ပြီး အယ်လ်ဇိုင်းမား (Alzheimer's) နှင့် ပါကင်ဆန် (Parkinson's) ကဲ့သို့သော ရောဂါများအပြင် ကလေးငယ်များ၏အဆုတ်နှင့် ဦးနှောက်ဖွံ့ဖြိုးမှုကိုပါ ထိခိုက်စေနိုင်ပါသည်။ သန့်ရှင်းသောလေထုသည် ရောဂါအန္တရာယ်များကို ကာကွယ်ပေးကာ လူသားတို့၏ အသက်ရှင်သန်နိုင်ရေးကို အထောက်အကူဖြစ်စေပါသည်။

လေထုညစ်ညမ်းမှုသည် ကျန်းမာရေးဆိုင်ရာ ထိခိုက်နိုင်မှုများအပြင် လူမှုစီးပွားဆိုင်ရာ ဆုံးရှုံးမှုများနှင့်လည်း တိုက်ရိုက်ဆက်စပ်နေပါသည်။ ကမ္ဘာ့ဘဏ် (World Bank) ၏ ခန့်မှန်းချက်အရ လေထုညစ်ညမ်းမှု၏ ကျန်းမာရေးဆိုင်ရာ သက်ရောက်မှုများကြောင့် ကမ္ဘာ့စီးပွားရေးသည် တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၈ ဒသမ ၁ ထရီလီယံ (ကမ္ဘာ့ GDP ၏ ၆ ဒသမ ၁ ရာခိုင်နှုန်း) ခန့် ဆုံးရှုံးနေရပါသည်။ သန့်ရှင်းသော လေထု (Clean Air) သည် လုပ်ငန်းခွင်ပျက်ကွက်မှုများနှင့် ဆေးကုသစရိတ်များကို လျှော့ချပေးကာ လုပ်သားများ၏ စိတ်ပိုင်းဆိုင်ရာ ကြည်လင်မှုနှင့် ကုန်ထုတ်လုပ်မှုစွမ်းအားကို သိသာစွာမြှင့်တင်ပေးနိုင်ကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့အပြင် သန့်ရှင်းသော လေထုရရှိခြင်းသည် ခရီးသွားလုပ်ငန်းနှင့် လူနေမှုဘဝကို မြှင့်တင်ပေးနိုင်ရုံသာမက လူမှုရေးတန်းတူညီမျှမှုကိုပါ ဖော်ဆောင်ပေးနိုင်ပါသည်။

သန့်ရှင်းသောလေထုသည် သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များကို ထိန်းသိမ်းရာတွင်လည်း အရေးကြီးပါသည်။ လေထုအတွင်းရှိ ဆာလ်ဖာဒိုင်အောက်ဆိုက်နှင့် နိုက်ထရိုဂျင် ဒိုင်အောက်ဆိုက်ကဲ့သို့သော ဓာတ်ငွေ့များသည် အက်စစ်မိုးကို ဖြစ်ပေါ်စေပြီး သစ်တောများ၊ မြေဆီလွှာနှင့် ရေချိုသယံဇာတများကို ပျက်စီးစေနိုင်ပါသည်။ မြေပြင်အနီးရှိ အိုဇုန်းဓာတ် (Ground–level Ozone) သည် အပင်များ၏အလင်းဖြင့် အစာဖွဲ့စည်းခြင်းလုပ်ငန်းစဉ်ကို ထိခိုက်စေကာ သီးနှံများ၏ အထွက်နှုန်းကိုလည်း လျော့ကျစေနိုင်ပါသည်။ ထို့ကြောင့် သန့်ရှင်းသောလေထုသည် ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းပေးပြီး ဂေဟစနစ်များ၏ ဟန်ချက်ညီမှုကိုလည်း ကာကွယ်ပေးပါသည်။

သန့်ရှင်းသောလေထုသည် ရာသီဥတုပြောင်းလဲမှုနှင့်လည်း တိုက်ရိုက်ဆက်နွှယ်နေပါသည်။ ရုပ်ကြွင်းလောင်စာများလောင်ကျွမ်းခြင်းမှ ထွက်ရှိသော Greenhouse Gas များနှင့် အနက်ရောင် ကာဗွန် (Black Carbon) ကဲ့သို့သော အမှုန်အမွှားများသည် ကမ္ဘာကြီး ပူနွေးလာမှုကို အရှိန်မြင့်တက်စေပါသည်။ လေထုညစ်ညမ်းမှုကို လျှော့ချနိုင်ခြင်းသည် ကမ္ဘာ့အပူချိန်ထိန်းညှိမှုနှင့် ရာသီဥတုတည်ငြိမ်မှုအတွက် အရေးပါပြီး ရာသီဥတုပြောင်းလဲမှုကို လျော့ပါးသက်သာစေရန် အထောက်အကူပြုပါသည်။

> **လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းသည် ပြည်သူ့ကျန်းမာရေးကို ကြိုတင်ကာကွယ်နိုင်ရန်၊ သန့်ရှင်းသောလေထုဆိုင်ရာ မူဝါဒများ ချမှတ်နိုင်ရန်၊ လေထုညစ်ညမ်းမှုကို ကြိုတင်ကာကွယ်နိုင်ရန်၊ ရာသီဥတုပြောင်းလဲမှုကို လေ့လာနိုင်ရန်နှင့် ဂေဟစနစ်ကို ထိန်းသိမ်းနိုင်ရန်အတွက် မရှိမဖြစ်လိုအပ်သော သိပ္ပံနည်းကျအခြေခံဆောင်ရွက်မှုတစ်ခုဖြစ်ပါသည်။ $PM_{2.5}$ နှင့် ဓာတ်ငွေ့များ မြင့်တက်နေချိန်ကို အချိန်နှင့်တစ်ပြေးညီသိရှိခြင်းဖြင့် ကြိုတင်သတိပေးချက်များထုတ်ပြန်ကာ ပြည်သူလူထု၏ ကျန်းမာရေးကို ကာကွယ်နိုင်ပါသည်။ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့များကဲ့သို့ ဒေသတွင်းပြဿနာများကို နိုင်ငံအချင်းချင်း ပူးပေါင်းဖြေရှင်းရာတွင် တိုင်းတာရရှိသော လေထုအရည်အသွေးအချက်အလက်များသည် ခိုင်မာသောအထောက်အထားများဖြစ်လာမည်**

သန့်ရှင်းသောလေထုသည် စီးပွားရေးရှုထောင့်အနေဖြင့်လည်း အကျိုးကျေးဇူးများစွာရရှိစေပါသည်။ လေထုအရည်အသွေး ကောင်းမွန်ခြင်းသည် ရောဂါဖြစ်ပွားမှုနှုန်းကို လျော့နည်းစေသဖြင့် ဆေးကုသမှုကုန်ကျစရိတ်များကို လျော့ကျစေနိုင်ပြီး လူသားများ၏ အလုပ်လုပ်နိုင်စွမ်း မြင့်မားလာသောကြောင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ပါသည်။ ထို့ကြောင့် သန့်ရှင်းသော လေထုသည် လူသားတို့၏ ကျန်းမာရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လူမှုစီးပွားအခြေအနေတိုးတက်မှုများအတွက် အခြေခံလိုအပ်ချက်တစ်ခုဖြစ်ပါသည်။

## လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသော အဓိကအကြောင်းရင်းများနှင့် ထိခိုက်နိုင်မှုများ

ရုပ်ကြွင်းလောင်စာလောင်ကျွမ်းမှု (စက်ရုံ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး)၊ သယ်ယူပို့ဆောင်ရေးယာဉ်များ၊ စိုက်ပျိုးရေးဓာတ်မြေဩဇာနှင့် မီသိန်းထုတ်လွှတ်မှု၊ စိုက်ပျိုးရေးလုပ်ငန်းသုံးစွန့်ပစ်ပစ္စည်းများဖြစ်သည့် ကောက်ရိုးနှင့် အမှိုက်မီးရှို့ခြင်း၊ ထင်း၊ မီးသွေးအသုံးပြုပြီးချက်ပြုတ်ခြင်း၊ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှု (Transboundary Haze Pollution) နှင့် သဘာဝဖြစ်စဉ်များဖြစ်သော တောမီးလောင်ကျွမ်းခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ သဲမုန်တိုင်းများ တိုက်ခတ်ခြင်းတို့သည် လေထုညစ်ညမ်းစေသည့် အဓိကအကြောင်းရင်းများဖြစ်ပါသည်။

## လေထုညစ်ညမ်းမှုအန္တရာယ်နှင့် လေ့လာတွေ့ရှိချက်များ

လက်ရှိအချိန်တွင် လေထုညစ်ညမ်းမှုသည် ကမ္ဘာပေါ်တွင် ဦးစားပေးအနေဖြင့် ဖြေရှင်းဆောင်ရွက်ရမည့် ကျန်းမာရေးပြဿနာတစ်ခုအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတ်မှတ်ထားပါသည်။ Health Effects Institute က ထုတ်ပြန်ထားသော State of Global Air Report 2025 အရ ကမ္ဘာ့လူဦးရေ၏ ၉၉ ရာခိုင်နှုန်းခန့်သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကသတ်မှတ်ထားသော $PM_{2.5}$ လေထုအရည်အသွေးလမ်းညွှန်ချက်ထက် မြင့်မားသည့်ညစ်ညမ်းသောလေကို နေ့စဉ်ရှူရှိုက်နေရသည်ဟု ဖော်ပြထားပါသည်။ ထို့အပြင် လေထုညစ်ညမ်းမှုကြောင့် ကမ္ဘာတစ်ဝန်းတွင် လူဦးရေ ၇ ဒသမ ၉ သန်းခန့် သေဆုံးခဲ့ရပြီး ယင်းသေဆုံးမှုများ၏ ၈၆ ရာခိုင်နှုန်းခန့်သည် နှလုံးရောဂါနှင့် မှတ်ဉာဏ်ချို့ယွင်းမှု (Dementia) ကဲ့သို့ မကူးစက်နိုင်သောရောဂါများ (Non–communicable Diseases) ဖြစ်ပွားမှု၏ အဓိကမောင်းနှင်အားတစ်ခုဖြစ်ကြောင်းကို အထူးအလေးပေးဖော်ပြထားပါသည်။

$PM_{2.5}$၊ $PM_1$ နှင့် Ultra Fine Particles (UFP) ကဲ့သို့ အလွန်သေးငယ်သော PM အမှုန်အမွှားများသည် အဆုတ်မှတစ်ဆင့် သွေးကြောထဲသို့ ဝင်ရောက်နိုင်ပြီး နှလုံးရောဂါ၊ လေဖြတ်ခြင်း၊ အဆုတ်ကင်ဆာ၊ နာတာရှည်လေပြွန်ရောင်ရောဂါတို့ကို ဖြစ်ပေါ်စေနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတိပေးထားပါသည်။ ထို့အပြင် လေထုညစ်ညမ်းမှုကြောင့် နှစ်စဉ် လူဦးရေ ခုနစ်သန်းခန့် အရွယ်မတိုင်မီ သေဆုံးနေရသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အချက်အလက်များတွင် ဖော်ပြထားပါသည်။ အထူးသဖြင့် ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် သက်ကြီးရွယ်အိုများသည် လေထုညစ်ညမ်းမှု၏ ထိခိုက်မှုကို ပိုမိုခံစားရသော အုပ်စုများဖြစ်ပြီး သုတေသနပြုချက်များအရ ဦးနှောက်ဖွံ့ဖြိုးမှု၊ မှတ်ဉာဏ်စွမ်းရည်နှင့် စိတ်ပိုင်းဆိုင်ရာကျန်းမာရေးအပေါ် သက်ရောက်နိုင်ကြောင်း လေ့လာတွေ့ရှိခဲ့ရပါသည်။

ဂေဟစနစ်နှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာကိစ္စရပ်များအတွက် ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (UNEP) ၏ Global Environment Outlook (GEO–7) အစီရင်ခံစာတွင် လေထုအတွင်းရှိ Nitrogen Oxides ($NO_x$) နှင့် Sulfur Dioxide ($SO_2$) တို့သည် ဓာတ်ပြုကာ အက်စစ်မိုး (Acid Rain) ဖြစ်ပေါ်စေပြီး သစ်တောများ၊ မြေဆီလွှာနှင့် ရေချိုသယံဇာတများကို ပျက်စီးစေပါသည်။ Ground–level Ozone သည် အပင်များ၏ အလင်းဖြင့် အစာချက်ခြင်းဖြစ်စဉ်ကို ထိခိုက်စေကာ စိုက်ပျိုးရေးအထွက်နှုန်း လျော့ကျစေခြင်းတို့ကြောင့် လေထုညစ်ညမ်းမှုနှင့် ရာသီဥတုပြောင်းလဲမှုတို့သည် အပြန်အလှန်ဆက်စပ်နေပြီး ဆိုးကျိုးဖြစ်ပေါ်စေနိုင်သော Vicious Cycle တစ်ခုဖြစ်ကြောင်း ဖော်ပြထားပါသည်။ ရုပ်ကြွင်းလောင်စာများ လောင်ကျွမ်းခြင်းမှ ထွက်ရှိသော Greenhouse Gases နှင့် Black Carbon တို့သည် ကမ္ဘာကြီး ပူနွေးလာမှုကို အရှိန်မြင့်စေပြီး လေထုညစ်ညမ်းမှုကို လျှော့ချနိုင်ခြင်းသည် ရာသီဥတုပြောင်းလဲမှုလျှော့ချနိုင်ရေးနှင့် တိုက်ရိုက်ဆက်နွှယ်နေပါသည်။

World Bank ၏ ၂၀၂၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့သော အစီရင်ခံစာအရ လေထုညစ်ညမ်းမှုကြောင့် ကမ္ဘာ့စီးပွားရေးသည် တစ်နှစ်လျှင် GDP ၏ ခြောက်ရာခိုင်နှုန်းခန့် ဆုံးရှုံးနေပါသည်။ ကျန်းမာရေးကုန်ကျစရိတ်များ မြင့်တက်ခြင်းနှင့် လုပ်သား၊ ထုတ်လုပ်မှုစွမ်းအားများ ကျဆင်းခြင်းတို့သည် အဓိကအကြောင်းရင်းများဖြစ်ပါသည်။ World Economic Forum ၏ Global Risks Report 2025 တွင်လည်း လေထုညစ်ညမ်းမှုကို အကြီးမားဆုံး ကမ္ဘာလုံးဆိုင်ရာအန္တရာယ်များအနက် တစ်ခုအဖြစ် သတ်မှတ်ထားပါသည်။

စာမျက်နှာ ၁၁ သို့ ❍

❍ စာမျက်နှာ ၁၀ မှ

## ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်း၏ အရေးပါပုံ

လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းသည် ပြည်သူ့ကျန်းမာရေးကို ကြိုတင်ကာကွယ်နိုင်ရန်၊ သန့်ရှင်းသောလေထုဆိုင်ရာ မူဝါဒများ ချမှတ်နိုင်ရန်၊ လေထုညစ်ညမ်းမှုကို ကြိုတင်ကာကွယ်နိုင်ရန်၊ ရာသီဥတုပြောင်းလဲမှုကို လေ့လာနိုင်ရန်နှင့် ဂေဟစနစ်ကို ထိန်းသိမ်းနိုင်ရန်အတွက် မရှိမဖြစ်လိုအပ်သော သိပ္ပံနည်းကျအခြေခံ ဆောင်ရွက်မှုတစ်ခုဖြစ်ပါသည်။ $PM_{2.5}$ နှင့် ဓာတ်ငွေ့များ မြင့်တက်နေချိန်ကို အချိန်နှင့်တစ်ပြေးညီသိရှိခြင်းဖြင့် ကြိုတင်သတိပေးချက်များထုတ်ပြန်ကာ ပြည်သူလူထု၏ ကျန်းမာရေးကို ကာကွယ်နိုင်ပါသည်။ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့များကဲ့သို့ ဒေသတွင်းပြဿနာများကို နိုင်ငံအချင်းချင်း ပူးပေါင်းဖြေရှင်းရာတွင် တိုင်းတာရရှိသော လေထုအရည်အသွေးအချက်အလက်များသည် ခိုင်မာသော အထောက်အထားများဖြစ်လာမည်ဖြစ်ပါသည်။

စက်မှုလုပ်ငန်းများ၏ ထုတ်လွှတ်အခိုးအငွေ့များကို စောင့်ကြည့်စစ်ဆေးခြင်းအားဖြင့် သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိစေရန် ထိန်းချုပ်နိုင်မည်ဖြစ်ပြီး ဂေဟစနစ်အပေါ်ထိခိုက်မှုကို ဟန့်တားနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် ရေရှည်စုဆောင်းရရှိသော အချက်အလက်များသည် ရာသီဥတုပြောင်းလဲမှုပုံစံများကို ခန့်မှန်းနိုင်ရန်နှင့် သက်ဆိုင်ရာမူဝါဒများကို ချမှတ်နိုင်ရန်အတွက် အရေးပါသော သိပ္ပံနည်းကျ အခြေခံအချက်အလက်များဖြစ်ပါသည်။

## ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်း နည်းလမ်းများ

လေထုအရည်အသွေးကို စောင့်ကြည့်လေ့လာဆန်းစစ်ရန်အတွက် နည်းပညာအမျိုးမျိုးအသုံးပြုလျက်ရှိပြီး သမားရိုးကျတိုင်းတာသည့် နည်းလမ်းများအပြင် ခေတ်မီ Artificial intelligence (AI) နည်းပညာများအထိ ဆက်လက်ဖွံ့ဖြိုးလျက်ရှိပါသည်။ မြေပြင်အခြေစိုက် စံကိုက်တိုင်းတာရေးနည်းလမ်းများ (Reference Monitoring Methods) အနေဖြင့် Filter များအသုံးပြုပြီး $PM_{2.5}$ နှင့် $PM_{10}$ အမှုန်အမွှားများ၏ ဒြပ်ထုကိုတိုင်းတာခြင်းအတွက် Gravimetric Method၊ $NO_x$ ဓာတ်ငွေ့များကို အလင်းပြန်မှုမှ တိုင်းတာခြင်းအတွက် Chemiluminescence နည်းလမ်း၊ $O_3$ နှင့် $SO_2$ တိုင်းတာခြင်းအတွက် UV Absorption နည်းလမ်းနှင့် CO တိုင်းတာခြင်းအတွက် Infrared Absorption နည်းလမ်းစသည့်တိကျမှုမြင့်မားသောစနစ်များကို အသုံးပြုနေကြပါသည်။

ဂြိုဟ်တုမှတစ်ဆင့် စောင့်ကြည့်လေ့လာခြင်း (Satellite Remote Sensing) နည်းလမ်းများဖြင့်လည်း မြေပြင်စခန်းများမရှိသော ဒေသများကိုပါ ခေတ်မီနည်းလမ်းများဖြင့် စောင့်ကြည့်နိုင်ပြီး $NO_2$၊ Aerosols နှင့် မီးခိုးမြူများ၏ ပျံ့နှံ့မှုကို ကျယ်ပြန့်စွာလေ့လာနိုင်ပါသည်။ ကုန်ကျစရိတ်သက်သာသော တိုင်းတာရေးစက်ကိရိယာများ (Low-Cost Sensors) နှင့် IoT Monitoring နည်းလမ်းများဖြင့်လည်း လေထုအရည်အသွေး စောင့်ကြည့်တိုင်းတာရေးအတွက် အသုံးပြုနေကြပြီး အချိန်နှင့်တစ်ပြေးညီ အချက်အလက်များ ရရှိနိုင်သော်လည်း အဆိုပါစက်များ၏ မှန်ကန်မှုအနေဖြင့် Calibration ပုံမှန်ပြုလုပ်ရန် အထူးလိုအပ်ပါသည်။

Artificial Intelligence (AI) နှင့် Machine Learning နည်းပညာများအသုံးပြုပြီး အချက်အလက်များကို ခွဲခြမ်းစိတ်ဖြာ၍ လေထုညစ်ညမ်းမှုအခြေအနေများ ခန့်မှန်းခြင်း၊ လေထုအရည်အသွေး ညွှန်းကိန်းဖြင့် ကြိုတင်ခန့်မှန်းတွက်ချက်ခြင်း (AQI forecasting) တို့သည် Smart City ဆိုင်ရာစီမံခန့်ခွဲမှုများတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည့်အပြင် အိမ်တွင်းလေထုအရည်အသွေး တိုင်းတာခြင်း (Indoor Air Quality Monitoring) နည်းလမ်းများသည်လည်း အရေးကြီးသော အခန်းကဏ္ဍမှပါဝင်နေပါသည်။

Quality Assurance (QA) / Quality Control (QC) နှင့် Data Reliability အတွက် WHO၊ UNEP နှင့် GEMS/AIR လမ်းညွှန်ချက်များအရ လေထုအရည်အသွေး စောင့်ကြည့်တိုင်းတာရေးတွင် QA/QC စနစ်များသည် အလွန်အရေးကြီးပြီးတိုင်းတာရေးစက်များ၏ Calibration၊ Data Validation၊ Network Design နှင့် ပုံမှန်စစ်ဆေးထိန်းသိမ်းခြင်းတို့ကို စနစ်တကျဆောင်ရွက်နိုင်မှသာ တိုင်းတာရရှိသည့်အချက်အလက်များ၏ ယုံကြည်စိတ်ချရမှုကို သေချာစေနိုင်မည်ဖြစ်ပါသည်။

## ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ မြန်မာနိုင်ငံတွင် ဆောင်ရွက်နေမှုများ

ကမ္ဘာလုံးဆိုင်ရာ ကြိုးပမ်းမှုများအပြင် နိုင်ငံအလိုက်ဆောင်ရွက်မှုများသည်လည်း လေထုအရည်အသွေးစီမံခန့်ခွဲရေးတွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နေပါသည်။ မြန်မာနိုင်ငံတွင်လည်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး / ပြည်နယ်များရှိ အဓိကမြို့ကြီးများတွင် ပုံမှန်တိုင်းတာမှတ်များ သတ်မှတ်ထားရှိပြီး $PM_{2.5}$၊ $PM_{10}$၊ $NO_2$၊ $SO_2$၊ $O_3$ နှင့် CO စသည့် အဓိကအရေးပါသော Parameter ခြောက်မျိုးကို ပုံမှန်တိုင်းတာကာ လေထုအရည်အသွေးလေ့လာဆန်းစစ်လျက်ရှိပြီး ပြည်သူလူထုထံသို့ အသိပညာနှင့်သတင်းအချက်အလက် ပံ့ပိုးပေးနိုင်ရန်အတွက် တိုင်းတာရရှိလာသည့် လေထုအရည်အသွေးဆိုင်ရာအချက်အလက်များကို လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI) ဖြင့် တွက်ချက်ဖော်ပြပြီး နိုင်ငံပိုင်သတင်းစာများ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ Facebook Page၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ Facebook Page များတွင် တစ်လလျှင် နှစ်ကြိမ် သတင်းထုတ်ပြန်ပေးလျက်ရှိပါသည်။

> ❛ စိမ်းလန်းသောမြို့ပြနေရာများတိုးချဲ့ခြင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် ကောက်ရိုးမီးရှို့မှုများကို လျှော့ချနိုင်ခြင်း၊ လေထုအရည်အသွေး စောင့်ကြည့်တိုင်းတာရေးစနစ်များ တည်ထောင်ပြီး လေထုအရည်အသွေးကို ပုံမှန်လေ့လာဆန်းစစ်ခြင်းနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးအတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ခြင်းတို့သည် သန့်ရှင်းသောလေထုရရှိရေးအတွက် မရှိမဖြစ်လိုအပ်သော ကြိုတင်ကာကွယ်ရေးနည်းလမ်းများဖြစ်ပြီး အဆိုပါအချက်များကို စနစ်တကျပေါင်းစပ် အကောင်အထည်ဖော်ခြင်းဖြင့် ပြည်သူလူထု၏ ကျန်းမာရေးနှင့် ကမ္ဘာပေါ်ရှိ ကောင်းမွန်သော ပတ်ဝန်းကျင်ကို တစ်ပြိုင်နက်တည်း ကာကွယ်နိုင်မည် ❜

အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များ (National Environmental Quality Emission Guidelines) ကို ၂၀၁၅ ခုနှစ်တွင် ထုတ်ပြန်ခဲ့ပြီး စက်မှုလုပ်ငန်းများမှထွက်ရှိလာသော ထုတ်လွှတ်အခိုးအငွေ့များကြောင့် လေထုညစ်ညမ်းမှုမဖြစ်ပေါ်စေရေးအတွက် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ လိုက်နာစေရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိပါသည်။

## လေထုညစ်ညမ်းမှု ကြိုတင်ကာကွယ်နိုင်ရေးအတွက် ဆောင်ရွက်သင့်သည့် နည်းလမ်းများ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အချက်အလက်များအရ နှစ်စဉ်လူသန်းပေါင်းများစွာ အရွယ်မတိုင်မီသေဆုံးရခြင်း၏ အဓိကအကြောင်းရင်းတစ်ခုဖြစ်သော လေထုညစ်ညမ်းမှုကို ထိရောက်စွာ ကာကွယ်နိုင်ရန်အတွက် ကဏ္ဍပေါင်းစုံမှ ချဉ်းကပ်ဆောင်ရွက်နိုင်ရန် လိုအပ်လှပါသည်။ ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ် (UNEP) မှ တိုက်တွန်းထားသည့်အတိုင်း နေရောင်ခြည်၊ လေအားနှင့် ရေအားကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သို့ ကူးပြောင်းခြင်းသည် လေထုညစ်ညမ်းမှုနှင့် ရာသီဥတုပြောင်းလဲမှုကို တစ်ပြိုင်နက်လျော့ပါးစေနိုင်ပြီး မြို့ပြဒေသများတွင် လျှပ်စစ်ယာဉ်များအသုံးပြုမှုကို အားပေးခြင်းနှင့် အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်ကို ပိုမိုအားကောင်းစေခြင်းဖြင့် ယာဉ်အမျိုးမျိုးမှထွက်ရှိလာသော လေထုညစ်ညမ်းစေသည့် အခိုးအငွေ့ထုတ်လွှတ်မှုကို သိသိသာသာလျှော့ချနိုင်မည်ဖြစ်ပါသည်။

World Bank ၏ လေ့လာတွေ့ရှိချက်များအရ စက်မှုလုပ်ငန်းများတွင် ထုတ်လွှတ်မှု စံချိန်စံညွှန်းများ သတ်မှတ်ခြင်းနှင့် ညစ်ညမ်းမှုထိန်းချုပ်သည့် ကိရိယာများ တပ်ဆင်ခြင်းသည် ရေရှည်တွင် ကျန်းမာရေးကုန်ကျစရိတ်များကို လျှော့နည်းစေပြီး စီးပွားရေးအကျိုးအမြတ်များကို ပြန်လည်ရရှိစေနိုင်ပါသည်။ ထို့အပြင် စိမ်းလန်းသော မြို့ပြနေရာများတိုးချဲ့ခြင်း၊ စိုက်ပျိုးရေးကဏ္ဍတွင် ကောက်ရိုးမီးရှို့မှုများကို လျှော့ချနိုင်ခြင်း၊ လေထုအရည်အသွေး စောင့်ကြည့်တိုင်းတာရေးစနစ်များ တည်ထောင်ပြီး လေထုအရည်အသွေးကို ပုံမှန်လေ့လာဆန်းစစ်ခြင်းနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးအတွက် နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ခြင်းတို့သည် သန့်ရှင်းသောလေထုရရှိရေးအတွက် မရှိမဖြစ်လိုအပ်သော ကြိုတင်ကာကွယ်ရေးနည်းလမ်းများဖြစ်ပြီး အဆိုပါအချက်များကို စနစ်တကျပေါင်းစပ် အကောင်အထည်ဖော်ခြင်းဖြင့် ပြည်သူလူထု၏ ကျန်းမာရေးနှင့် ကမ္ဘာပေါ်ရှိ ကောင်းမွန်သောပတ်ဝန်းကျင်ကို တစ်ပြိုင်နက်တည်း ကာကွယ်နိုင်မည်ဖြစ်ပါသည်။

## ပြည်သူလူထုအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုသည့်အချက်များ

သန့်ရှင်းသောလေထုရရှိရေးသည် လူသားတိုင်း၏ အခြေခံအခွင့်အရေးဖြစ်သကဲ့သို့ လူသားတိုင်း၏ တာဝန်လည်းဖြစ်ပါသည်။ ထို့ကြောင့် လေထုညစ်ညမ်းမှုကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအချက်များကို အတူတကွပူးပေါင်းဆောင်ရွက်ပေးကြပါရန် တိုက်တွန်းအသိပေးအပ်ပါသည်-

- **သတင်းအချက်အလက်ကို လေ့လာပါ –** မိမိနေထိုင်ရာဒေသ၏ လေထုအရည်အသွေး ညွှန်းကိန်း (Air Quality Index–AQI) ကို ပုံမှန်စောင့်ကြည့်ပါ၊ လေထုအရည်အသွေး ကျဆင်းချိန်တွင် နှာခေါင်းစည်းတပ်ဆင်ခြင်း၊ အပြင်ထွက်ခြင်းကို ရှောင်ကြဉ်ခြင်းတို့အပါအဝင် ကြိုတင်ကာကွယ်မှုများ ဆောင်ရွက်ပါ၊
- **တစ်ဦးချင်း တာဝန်ယူမှုဖြင့် ဆောင်ရွက်ပါ –** စွမ်းအင်ချွေတာခြင်း၊ အများပြည်သူသုံးယာဉ်များကို အားပေးအသုံးပြုခြင်း၊ ကိုယ်ပိုင်ယာဉ်များအသုံးပြုမှုကို တတ်နိုင်သမျှ လျှော့သုံးခြင်း၊ စွန့်ပစ်ပစ္စည်းများကို မီးမရှို့ခြင်းတို့ဖြင့် လေထုညစ်ညမ်းမှု လျှော့ချရေးလုပ်ငန်းစဉ်တွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ပါ၊
- လေထုအရည်အသွေး ကောင်းမွန်ရေးနှင့် လေထုညစ်ညမ်းမှု ကြိုတင်ကာကွယ်ရေးလုပ်ငန်းများတွင် တတ်အားသရွေ့ ပူးပေါင်းပါဝင်ဆောင်ရွက်ပါ၊
- **အသိပညာမျှဝေပါ –** လေထုညစ်ညမ်းမှု၏ အန္တရာယ်နှင့် ကြိုတင်ကာကွယ်ရေး နည်းလမ်းများအကြောင်းကို မိမိပတ်ဝန်းကျင်ရှိ မိသားစု၊ မိတ်ဆွေများကို ရှင်းလင်းပြောပြခြင်းဖြင့် လူ့အဖွဲ့အစည်းအတွင်း အသိပညာများ ပျံ့နှံ့စေရန် ကူညီပါ။

## နိဂုံး

လေထုသည် ကမ္ဘာမြေပေါ်ရှိ သက်ရှိအားလုံး၏ အသက်ရှင်သန်မှုအတွက် အလွန်အရေးပါသော အခြေခံစနစ်တစ်ခုဖြစ်ပြီး လေထုအရည်အသွေးကျဆင်းမှုသည် ကျန်းမာရေး၊ ဂေဟစနစ်နှင့် စီးပွားရေးတို့ကို တစ်ပြိုင်နက် သက်ရောက်နေသော ကမ္ဘာလုံးဆိုင်ရာ စိန်ခေါ်မှုတစ်ရပ်ဖြစ်ပါသည်။ သိပ္ပံနည်းပညာများနှင့် အချက်အလက်များကို အခြေခံသည့် သန့်ရှင်းသောလေထုဆိုင်ရာ မူဝါဒများသည် ဖြေရှင်းမှု၏ အခြေခံဖြစ်ပြီး အစိုးရ၊ စီးပွားရေးကဏ္ဍနှင့် ပြည်သူလူထုတို့ ပူးပေါင်းဆောင်ရွက်မှသာ သန့်ရှင်းသောလေထုနှင့် တည်တံ့ခိုင်မြဲသော အနာဂတ်ကို ဖန်တီးနိုင်မည်ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ လက်ရှိဆောင်ရွက်မှုများသည် ယနေ့ခေတ်လူသားအားလုံး၏ ကျန်းမာရေးကိုသာမက နောင်လာနောက်သားမျိုးဆက်သစ်များ အမွေဆက်ခံရမည့် ကမ္ဘာမြေကြီး၏ အနာဂတ်ကိုပါ အဆုံးအဖြတ်ပေးမည်ဖြစ်သဖြင့် သန့်ရှင်းသောလေထုကို ရရှိနိုင်ရန် မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံသူ နိုင်ငံသားအားလုံး၊ သက်ဆိုင်ရာအစိုးရဌာနအားလုံး၊ အဖွဲ့အစည်းအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်သွားနိုင်ရန် မျှော်မှန်းပြီး တိုက်တွန်းနှိုးဆော်အပ်ပါသည်။ ။

**ကျမ်းကိုးစာရင်း –**

https://www.who.int/publications/i/item/B09461
https://www.stateofglobalair.org/resources/archived/state-global-air-report-2024
https://www.stateofglobalair.org/resources/report/state-global-air-report-2025
https://www.weforum.org/publications/global-risks-report-2025
https://www.unep.org/geo/global-environment-outlook-7

# ဖြူးချောင်းရေလှောင်တမံမှ နွေစပါးဧက ၁၈၀၀၀ ခန့်အား စိုက်ပျိုးရေမပြတ် ပို့လွှတ်ပေးနေ

ရန်ကုန် မတ် ၂၂

ပဲခူးတိုင်းဒေသကြီး အမြန်လမ်းမကြီး အနောက်ဘက် မိုင်တိုင် ၁၁၀ အနီးတွင်တည်ရှိသည့် ဖြူးချောင်းရေလှောင်တမံမှ နွေစပါးဧက ၁၈၀၀၀ ခန့်အား စိုက်ပျိုးရေများ နေ့စဉ်ပို့လွှတ်ပေးနေကြောင်း သိရသည်။



ဖြူးချောင်းရေလှောင်တမံသည် အလယ်ရိုးမမှ စီးဆင်းလာသောရေများကို သိုလှောင်ထိန်းညှိပေးနိုင်မှုဖြင့် ဖြူးနှင့်အုတ်တွင်းမြို့တို့ရှိ စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍသာမက လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနေသော ဆည်တမံဖြစ်ပြီး နိုင်ငံတော်နှင့် တောင်သူများကို အကျိုးပြုလျက်ရှိသည်။ ဆည်ရေသောက်ဧရိယာ ဧက ၉၀၀၀၀ တွင် လက်ရှိ အကောင်အထည်ဖော်ပြီးစီးသည့် ဧက ၁၉၄၅၀ ၌ စိုက်ဧက ၁၈၀၀၀ ခန့်အား စိုက်ပျိုးရေပေးဝေလျက်ရှိပြီး ဆောင်ရွက်နေဆဲဖြစ်သော ဖြူးချောင်းရေလှောင်တမံ စီမံကိန်းဆိုင်ရာများပြီးစီးပါက သတ်မှတ်ဆည်ရေသောက်ဧရိယာအတိုင်း ဆည်ရေအပြည့်အဝ ပို့လွှတ်နိုင်မည်ဖြစ်သည်။

ဖြူးမြို့နယ်ရှိ နွေစပါးစိုက်ခင်းများသို့ ဇန်နဝါရီ ၁ ရက်မှစ၍ စိုက်ပျိုးရေပို့လွှတ်ခဲ့ပြီး မေလ ဒုတိယပတ်ဖြစ်စေ၊ ဇွန်လနောက်ဆုံးပတ်အထိဖြစ်စေ စိုက်ပျိုးရေပေးဝေလေ့ရှိသည်။ ယမန်နှစ်က ဖြူးချောင်းရေလှောင်တမံမှ နွေစပါးစိုက်ခင်း ၁၇၃၈၉ ဧကအား စိုက်ပျိုးရေပို့လွှတ်ပေးခဲ့ရာ ယခုနှစ်တွင်လည်း ဧက ၁၈၀၀၀ ခန့်အား ရေပေးဝေလျက်ရှိ၍ ဆင်းသုခ၊ ရက် ၉၀၊ နံ့ကောက်၊ ရတနာတိုး၊ ဗီယက်နမ်၊ ရေဆင်းပေါ်ဆန်း-၁ နှင့် အောင်နိုင်တိုး မျိုးစပါးတို့ကို စိုက်ပျိုးထားသည်။ အထူးသဖြင့် ရက် ၉၀ မျိုးစပါးကို အများဆုံးစိုက်ပျိုးပြီး ယခုနွေစပါးရာသီတွင် မိုင်တိုင်အမှတ် (၁၀၇) ရှိ ညောင်ပင်သာစိုက်ခင်း၌ ရွှေဘိုပေါ်ဆန်းမျိုးစပါး ဧက ၁၀၀ အား စမ်းသပ်စိုက်ပျိုးထားကာ ဖြူးမြို့နယ်တွင် စိုက်ပျိုးထားသည့် ဆီထွက်သီးနှံ ၁၁၃၉၆ ဧကသို့လည်း ဆည်ရေများပို့လွှတ်လျက်ရှိသည်။



"ဖြူးချောင်းရေလှောင်တမံမှာ ပထမရေအား လျှပ်စစ်ထုတ်ပြီး စီးဆင်းလာတဲ့ရေကို ရေလွှဲဆည်မှာ ထိန်းပြီးတော့ လက်ဝဲ၊ လက်ယာမြောင်းကနေ ဖြူးမြို့နယ်ရဲ့ နွေစပါးစိုက်ခင်းတွေအတွက် နေ့စဉ် ပို့လွှတ်နေပါတယ်။ ဒီဒေသဟာ မိုးကောင်းတဲ့အတွက် မိုးရာသီမှာရေမလိုပေမယ့် နွေရာသီမှာ အဓိကလိုအပ်တာပါ။ နွေရာသီမှာ စပါးအပြင် ဆီထွက်သီးနှံလည်း စိုက်ကြပါတယ်။ နွေရာသီမှာ ရေပေးဝေနိုင်မှုကြောင့် လယ်ကွင်းတွေ စိမ်းစိုပြီး သီးနှံစိုက်ခင်းတွေအောင်မြင်ဖြစ်ထွန်းမှုကို တွေ့မြင်ရတာဟာ ဝမ်းသာစရာပါ။ ဖြူးချောင်း ရေလှောင်တမံ ဘက်စုံစီမံကိန်းဖြစ်တဲ့ လက်ဝဲရေမြောင်းစနစ်ပြီးစီးပြီဆိုရင် သတ်မှတ်ထားတဲ့ ဆည်ရေသောက်ဧရိယာ ဧက ၉၀၀၀၀ ကို ရေပေးဝေနိုင်မှာဖြစ်တဲ့အတွက် အုတ်တွင်းမြို့က စိုက်ခင်းတွေလည်း စိမ်းလန်းလာမှာပါ။ ဌာနရဲ့ အဓိကတာဝန်မှာ စိုက်ခင်းတွေရေဝင်ရောက်ပြီး ရေကြီးရေလျှံမှု ကာကွယ်ရေးလည်း ပါဝင်တဲ့အတွက် မိုးရာသီမှာ စစ်တောင်းမြစ်ဝှမ်းနဲ့ ဖြူးမြို့နယ်ရေကြီးရေလျှံမှုကို ကာကွယ်ပေးတဲ့အပြင် တောင်သူတွေအားထားတဲ့ နွေစပါးစိုက်ခင်းအတွက် ရေပို့လွှတ်နိုင်မှုဟာ နိုင်ငံနဲ့ ပြည်သူအတွက် အကျိုးဖြစ်ထွန်းမယ်လို့ မြင်ပါတယ်" ဟု ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၁)မှ လက်ထောက်ညွှန်ကြားရေးမှူး (၄) ဦးတလန်ကြားက ပြောသည်။

ဖြူးချောင်းရေလှောင်တမံသည် ဇုန်အမျိုးအစား ကျောက်ဖြည့်တမံဖြစ်ပြီး အလျား ပေ ၁၀၂၀၊ အမြင့် ၂၄၅ ပေဖြင့် ကန်ရေပြည့် ဧကပေ ၆၃၂၅၃၀ သိုလှောင်နိုင်ကာ ကန်ရေပြည့်ရေပြင်ကျယ်ဧရိယာသည် ဧက ၁၄၅၇၀ ကျယ်ဝန်းသည်။ နှစ်စဉ် ပျမ်းမျှမိုးရေချိန် ၁၀၀ လက်မရရှိပြီး နှစ်စဉ်ပျမ်းမျှ ဧကပေ ၆၆၈၃၆၀ ရေစီးဝင်မှုဖြင့် ရေဆင်းဧရိယာသည် ၄၂၂ စတုရန်းမိုင်ရှိသည်။ ဖြူးချောင်းရေလှောင်တမံစီမံကိန်းကို ၂၀၀၀-၂၀၀၁ ခုနှစ်တွင် စတင်ခဲ့ရာ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ရေလှောင်တမံပြီးစီးခဲ့ပြီး ရေလွှဲဆည်မှာ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ပြီးစီးကာ ဆည်ရေသောက်စနစ်ကို ၂၀၂၈-၂၀၂၉ ခုနှစ်တွင် ပြီးစီးရန်ဆောင်ရွက်လျက်ရှိရာ စီမံကိန်းပြီးစီးပါက ဆည်ရေသောက်ဧရိယာဧက ၉၀၀၀၀ အား စိုက်ပျိုးရေအပြည့်အဝ ပို့လွှတ်နိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်း - ဥသဩ

ဓာတ်ပုံ-ကိုလွင်

## မြစ်သားမြို့နယ်၌ မျိုးစေ့များ အခမဲ့ထောက်ပံ့ပေးအပ်ပွဲနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး နည်းပညာပေးဆွေးနွေးပွဲ ကျင်းပ

မြစ်သား မတ် ၂၂

မန္တလေး တိုင်းဒေသကြီး မြစ်သားမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ၂၀၂၅-၂၀၂၆ ခုနှစ် နွေသီးနှံ စိုက်ပျိုးသည့် တောင်သူများအား ဓာတ်မြေဩဇာ စုပေါင်းရောင်းချခြင်းနှင့် ရွက်ဖျန်းအားဆေး၊ မျိုးစေ့များ အခမဲ့ထောက်ပံ့ပေးခြင်း၊ သီးနှံများ ပန်းတိုင်အထွက်နှုန်း ရရှိစေရန်ရည်ရွယ်၍ ပညာပေးဆွေးနွေးပွဲကို ယမန်နေ့ နံနက်ပိုင်းက ကန်ကွေ့ကျေးရွာ အခြခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

### ရှင်းလင်းပြောကြား

ဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဦးစိုးမင်းနိုင်နှင့် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ရီရီ ဌေးက နွေသီးနှံပန်းတိုင်အထွက်နှုန်း ရရှိရေးအကြောင်း ရှင်းလင်းပြောကြားသည်။ ယင်းနောက် မြို့နယ် သမဝါယမဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဒေါ်စန္ဒီဝင်းက တောင်သူများအား ခေတ်မီစိုက်ပျိုးနည်းစနစ်များကို စိုက်ပျိုးရေးဦးစီးဌာနနှင့်ပူးပေါင်း၍လေ့လာ ကျင့်သုံးစိုက်ပျိုးရန် လိုအပ်ကြောင်း၊ ပန်းတိုင်အထွက်နှုန်း ရရှိစေရေး စိုက်ပျိုးမြေများကို ပြုပြင်ပြီး မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးပေးရန် လိုအပ်ကြောင်း၊ ရေရရှိရေးနှင့် နည်းပညာများကို သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဝင်းလွင်ဦးက ရေအသုံးချမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြေ၊ မျိုး၊ ပိုးတာဝန်ခံများကလည်း လိုအပ်သည့် နည်းပညာပိုင်းဆိုင်ရာများကို ရှင်းလင်းပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူများက ဒေသခံတောင်သူများအား နေကြာမျိုးစေ့၊ ဝါမျိုးစေ့များနှင့် ရွက်ဖျန်းအားဆေးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ဝင်းမင်းထွန်း(မြစ်သား)





## ပွင့်ဖြူမြို့နယ်၌ ကုလားပဲ ဧက ၁၄၅၀၀ အထိ ရိတ်သိမ်းပြီးစီး

ပွင့်ဖြူ မတ် ၂၂

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ကုလားပဲသီးနှံဧက ၁၄၅၀၀ အထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ကုလားပဲဧက ၆၂၁၂၀ စိုက်ပျိုးနိုင်ခဲ့ကာ ယနေ့တွင် ဧက ၁၄၅၀၀ အထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး အထွက်နှုန်းမှာ တစ်ဧကလျှင် ၂၀ ဒသမ ၅၃ တင်း ထွက်ရှိကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ကုလားပဲသီးနှံ ဧက ၆၂၁၂၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ခင်းတွေ အခုလက်ရှိမှာ ရိတ်သိမ်းလျက်ရှိရာ ဒီနေ့ထိ ဧက ၁၄၅၀၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ကုလားပဲသီးနှံ စိုက်ပျိုးတာနဲ့ပတ်သက်ပြီး တောင်သူတွေအနေနဲ့ တိုးချဲ့စိုက်ပျိုးဖို့ အထွက်နှုန်းကောင်းမွန်ဖို့နဲ့ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲကြဖို့ အသိပညာပေးတာတွေ ကြိုးကြပ်ဆောင်ရွက်ခဲ့ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ကုလားပဲစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များ ရရှိရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ စိုက်ပျိုးရေစနစ်တကျ သုံးစွဲရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးနှင့် ရိတ်သိမ်းချိန်လွန်နည်းပညာပေးခြင်းတို့ကို အသိပညာပေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ဂျပန်ကာကွယ်ရေးဝန်ကြီး ရှင်ဂျီရို ကိုအိဇုမိ နှင့် ဂျာမနီကာကွယ်ရေးဝန်ကြီး ဘောရစ် ပစ္စတိုးရီးယပ်စ်တို့ တွေ့ဆုံ

တိုကျို မတ် ၂၂

ဂျပန်ကာကွယ်ရေးဝန်ကြီး ရှင်ဂျီရို ကိုအိဇုမိနှင့် ဂျာမနီကာကွယ်ရေးဝန်ကြီး ဘောရစ် ပစ္စတိုးရီးယပ်စ်တို့က ဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးအတွက် အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

နှစ်နိုင်ငံကာကွယ်ရေးဝန်ကြီးတို့က ဂျပန်ရေကြောင်းကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့၏ ယိုကိုဆူကာ အခြေစိုက်စခန်း၌ တစ်နာရီကြာ တွေ့ဆုံဆွေးနွေးကြသည်။

ယခုဂျပန်ခရီးစဉ်သည် ကမ္ဘာ့နိုင်ငံများက အရှေ့အလယ်ပိုင်း ပဋိပက္ခအပေါ် အာရုံစိုက်လျက်ရှိစဉ် ရောက်ရှိခဲ့ခြင်းဖြစ်ပြီး ဥရောပနှင့် အင်ဒို-ပစိဖိတ်ဒေသ လုံခြုံရေးအရ နီးကပ်စွာချိတ်ဆက်နေကြောင်းကို လက်တွေ့ကျသောနည်းလမ်းဖြင့် ပြသခဲ့ကြောင်း ဂျာမနီကာကွယ်ရေးဝန်ကြီး ဘောရစ် ပစ္စတိုးရီးယပ်စ်က ပြောကြားခဲ့သည်။

ထို့ပြင် ယခုအချိန်သည် ဒေသတွင်းနိုင်ငံများအတွက် စည်းလုံးညီညွတ်ပြီး အတူတကွပူးပေါင်းလုပ်ဆောင်ရန် အရေးကြီးဆုံးအချိန်ဖြစ်ကြောင်း ဂျာမနီကာကွယ်ရေးဝန်ကြီး ဘောရစ် ပစ္စတိုးရီးယပ်စ်က ပြောသည်။

အလားတူ ဂျပန်နှင့် ဂျာမနီကြား ပူးပေါင်းဆောင်ရွက်မှု အားကောင်းခြင်းသည် ဒေသတွင်း လုံခြုံရေးတိုးမြှင့်ရန်အတွက် အလွန်အရေးကြီးကြောင်းလည်း ဂျပန်ကာကွယ်ရေးဝန်ကြီး ရှင်ဂျီရို ကိုအိဇုမိက ပြောသည်။

လျင်မြန်သောပြောင်းလဲမှုများကို တုံ့ပြန်ရန် နိုင်ငံတစ်နိုင်ငံတည်းအတွက် ခက်ခဲကြောင်းနှင့် ဂျပန်နှင့် ဂျာမနီတို့ကဲ့သို့ စိတ်တူကိုယ်တူ နိုင်ငံများအတွက် ယခင်ကထက် ပိုမိုနီးကပ်ရန် အရေးကြီးကြောင်း ဂျပန်ကာကွယ်ရေးဝန်ကြီး ပြောကြားသည်။ ရှင်ဂျီရို ကိုအိဇုမိက သတင်းထောက်များအား

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်



# အမေရိကန်က အီရန်နှင့် ဖြစ်နိုင်ခြေရှိသော ငြိမ်းချမ်းရေးဆွေးနွေးပွဲများ စတင်နိုင်ရန် ကနဦးဆွေးနွေးမှုများ လုပ်ဆောင်

ဝါရှင်တန် မတ် ၂၂

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် အစိုးရအဖွဲ့က အီရန်နှင့် ဖြစ်နိုင်ခြေရှိသော ငြိမ်းချမ်းရေးဆွေးနွေးပွဲများ စတင်နိုင်ရန် ကနဦး ဆွေးနွေးမှုများ လုပ်ဆောင်လျက်ရှိကြောင်း အမေရိကန်သတင်းဝက်ဘ်ဆိုက် Axios တွင် ဖော်ပြထားကြောင်းသိရသည်။



မကြာသေးမီရက်ပိုင်းအတွင်း ဝါရှင်တန်နှင့် တီဟီရန်တို့အကြား တိုက်ရိုက်အဆက်အသွယ်မရှိသော်လည်း အီဂျစ်၊ ကာတာနှင့် ဗြိတိန်နိုင်ငံတို့က ငြိမ်းချမ်းရေးဆွေးနွေးပွဲများပေါ်ပေါက်လာစေရန် ကြိုးပမ်းလျက်ရှိသည်။

အီရန်နိုင်ငံက စေ့စပ်ညှိနှိုင်းရန်ဆန္ဒရှိကြောင်း အမေရိကန်နှင့် အစ္စရေးတို့အား အီဂျစ်နှင့် ကာတာတို့က အကြောင်းကြားထားသည်။ သို့သော် အီရန်က စစ်လျော်ကြေးရရှိရန်နှင့် အနာဂတ်တွင် ယခုကဲ့သို့ စစ်ပွဲများ ပြန်လည်မဖြစ်ပွားစေရန် အာမခံချက်များအပါအဝင် အခြားသောကိစ္စရပ်များကိုလည်း တောင်းဆိုထားကြောင်း သိရသည်။

အမေရိကန်နိုင်ငံအနေဖြင့် အီရန်နိုင်ငံအား ကတိကဝတ်ခြောက်ခုကို ချမှတ်ထားကြောင်း အမေရိကန်အရာရှိတစ်ဦး၏ပြောကြားချက်ကို ကိုးကားပြီး အမေရိကန်သတင်းဝက်ဘ်ဆိုက် Axios က သတင်းဖော်ပြသည်။

ပထမကတိကဝတ်သုံးခုမှာ ငါးနှစ်အတွင်း ဒုံးကျည်ဖွံ့ဖြိုးရေးအစီအစဉ်ကို လုပ်ဆောင်ခြင်းမရှိစေရန်၊ ယူရေနီယံလုံးဝကင်းစင်ရေးနှင့် အီရန်အလယ်ပိုင်း နာတန်ဇ်၊ အီစ်ဖဟန်နှင့် ဖော်ဒိုး မြို့တို့ရှိ နျူကလီးယားစက်ရုံများကို ဖျက်သိမ်းပစ်ရန်ဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

စတုတ္ထမြောက် ကတိကဝတ်တစ်ခုမှာ နျူကလီးယားလက်နက် အစီအစဉ်ကို မြှင့်တင်နိုင်သည့် အာရုံခံကိရိယာများနှင့် ဆက်စပ်စက်ပစ္စည်းများ ဖန်တီးခြင်းနှင့် အသုံးပြုခြင်းရှိမရှိ စောင့်ကြည့်လေ့လာရန်အတွက် နိုင်ငံတကာ ကျွမ်းကျင်ပညာရှင်များကို ကြီးကြပ်စစ်ဆေးခွင့်ပေးရန် ဖြစ်သည်။

ပဉ္စမမြောက် ကတိကဝတ်မှာ ဒုံးကျည်အရေအတွက် ၁၀၀၀ ထက် မကျော်လွန်သည့် ဒေသတွင်းနိုင်ငံများနှင့် လက်နက်ထိန်းချုပ်ရေး စာချုပ်များချုပ်ဆိုရန်ဖြစ်သည်။

ထို့ပြင် ဆဋ္ဌမမြောက် ကတိကဝတ်မှာ လက်ဘနွန်နိုင်ငံရှိ ဟစ်ဇ်ဘိုလာများ၊ ယီမင်နိုင်ငံရှိ ဟူသီများ၊ ဂါဇာရှိ ဟားမတ်စ်များကို ငွေကြေးထောက်ပံ့မှုမပေးရန် ဖြစ်သည်။

အီရန်ခေါင်းဆောင်များနှင့် မည်သို့ဆက်သွယ်ရမည်ကို အဖြေရှာရန် ကြိုးပမ်းနေကြောင်း သမ္မတ ထရမ့်၏ အကြံပေးများက ပြောကြားခဲ့သည်။

ကိုးကား - အင်န်အိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

# လာအိုနိုင်ငံ၌ မီးခိုးမြူငွေ့လျှော့ချရေး အမျိုးသားအဆင့် ညှိနှိုင်းဆွေးနွေးပွဲကျင်းပ

ဗီယင်ကျန်း မတ် ၂၂

လာအိုနိုင်ငံတွင် စိုက်ပျိုးရေးလုပ်ငန်းများကြောင့် ဖြစ်လာသည့် မီးခိုးမြူငွေ့လျှော့ချရေး လုပ်ငန်းအစီအစဉ်များနှင့်ပတ်သက်၍ လာအိုနိုင်ငံ စိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင် ဝန်ကြီးဌာနက အမျိုးသားအဆင့် ညှိနှိုင်းဆွေးနွေးပွဲကျင်းပခဲ့ကြောင်း သိရသည်။

မီးခိုးမြူငွေ့ကင်းစင်သော ရေရှည်တည်တံ့သည့် မြေယာစီမံခန့်ခွဲမှုအတွက် အမျိုးသားရင်းနှီးမြှုပ်နှံမှု မူဘောင်ဖော်ဆောင်ရေးဆိုင်ရာ ဒုတိယအကြိမ်မြောက် အမျိုးသားအဆင့်ညှိနှိုင်းဆွေးနွေးပွဲကို လာအိုနိုင်ငံ ဗီယင်ကျန်းတွင် ကျင်းပခဲ့ကြောင်း ၎င်းဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါဆွေးနွေးပွဲတွင် စိုက်ပျိုးရေးလုပ်ငန်းကြောင့် ဖြစ်လာသော မီးခိုးမြူငွေ့ညစ်ညမ်းမှုကို ကိုင်တွယ်ဖြေရှင်းရန် ဦးစားပေးစီမံကိန်းများနှင့် အစီအစဉ်များကို ဆွေးနွေးသည်။

မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု မူဘောင်ကို လာအိုစိုက်ပျိုးရေးနှင့် သဘာဝပတ်ဝန်းကျင်ဝန်ကြီးဌာနက အတည်ပြုဆောင်ရွက်မည်ဖြစ်သည်။

ယခုဆောင်ရွက်ချက်သည် လာအိုနိုင်ငံတွင် မီးခိုးမြူငွေ့ကင်းစင်သော ရေရှည်တည်တံ့သည့် မြေယာစီမံခန့်ခွဲမှုအတွက် အာဆီယံရင်းနှီးမြှုပ်နှံမှု မူဘောင်နှင့် ကိုက်ညီသော အမျိုးသား ရင်းနှီးမြှုပ်နှံမှု မူဘောင်တစ်ခု ဖော်ဆောင်ရန် ကြိုးပမ်းမှု၏ အစိတ်အပိုင်းတစ်ရပ်ဖြစ် သည်။

ကိုးကား- ဆင်ဟွာ
ဘာသာပြန်- စိုးသူရ



# တူကီယဲနိုင်ငံ ဖေ့ဒ်ခရိုင်တွင် ဓာတ်ငွေ့ပေါက်ကွဲမှုကြောင့် အဆောက်အအုံပြိုကျ

အန်ကာရာ မတ် ၂၂

တူကီယဲနိုင်ငံ ဖေ့ဒ်ခရိုင်တွင် မတ် ၂၂ ရက်က ဓာတ်ငွေ့ပေါက်ကွဲရာမှ တစ်ဆင့် အဆောက်အအုံတစ်ခု ပြိုကျပျက်စီးခဲ့ကြောင်း သိရသည်။

ရှာဖွေကယ်ဆယ်ရေးအဖွဲ့များကို အခင်းဖြစ်နေရာသို့ စေလွှတ်၍ ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်စေခဲ့ရာ လက်ရှိအချိန်တွင် အပျက်အစီးများကြားတွင် ပိတ်မိနေသူများအနက် ခုနစ်ဦးကို ကယ်ဆယ်နိုင်ခဲ့ကြောင်း အစ္စတန်ဘူလ် မြို့တော်ဝန် ဒီဗတ်ဂေါက ပြောကြားသည်။

ပေါက်ကွဲမှုမှ ထွက်လာသည့် အပျက်အစီးအပိုင်းအစများသည် တူကီယဲနိုင်ငံ အေဖနစီ ဒေသရှိ လမ်းပေါ်တွင် ပြန့်ကြဲနေကြောင်း တာဝန်ရှိသူများက ပြောသည်။

၎င်းဒေသတွင် နိုင်ငံ၏သက်တမ်းအရှည်ဆုံး အဆောက်အအုံများ တည်ရှိပြီး ခိုင်ခံ့မှုအားနည်းနေကြောင်း သိရသည်။

ကိုးကား-ဆင်ဟွာ
ဘာသာပြန်-စိုးသူရ

# အာဖဂန်နစ္စတန်နိုင်ငံက ယမန်နှစ်အတွင်း အမေရိကန်ဒေါ်လာ ၆၆၇ သန်း တန်ဖိုးရှိ သစ်သီးခြောက်တန်ချိန် ၂၀၅၀၀၀ ကို တင်ပို့ခဲ့

ကဘူး မတ် ၂၂

အာဖဂန်နစ္စတန်နိုင်ငံက ယမန်နှစ်အတွင်း အမေရိကန်ဒေါ်လာ ၆၆၇ သန်းတန်ဖိုးရှိ သစ်သီးခြောက်တန်ချိန် ၂၀၅၀၀၀ ကို တင်ပို့ခဲ့ကြောင်း စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ယနေ့ သတင်းထုတ်ပြန်သည်။

အဓိကကျသော ကုန်သွယ်မှု မိတ်ဖက်နိုင်ငံများဖြစ်သည့် အိန္ဒိယ၊ အာရပ်စော်ဘွားများ ပြည်ထောင်စု၊ တူကီယဲ၊ ပါကစ္စတန်၊ တရုတ်၊ ပြင်သစ်၊ နယ်သာလန်၊ ရုရှား၊ တာဂျစ်ကစ္စတန်၊ ဗြိတိန်၊ ဩစတြေးလျနှင့် အခြားနိုင်ငံများသို့ တင်ပို့ခဲ့ကြောင်း အာဖဂန်နစ္စတန် တာဝန်ရှိသူ ဆာလမ်ဂျာဝတ်က ပြောကြားသည်။

ပြည်ပသို့ တင်ပို့သည့် ကုန်ပစ္စည်းများတွင် စပျစ်သီး၊ သဖန်းသီး၊ ပီစတာချီယို၊ ပန်းသီးခြောက်၊ ဗာဒံစေ့၊ သစ်ကြားစေ့၊ ထင်းရှူးစေ့နှင့် ဆီးသီးများ ပါဝင်ကြောင်း သိရသည်။ ကိုးကား - ဆင်ဟွာ
ဘာသာပြန် - အောင်ကျော်ကျော်



# လဲချားမြို့နယ် ခိုဟိုင်းကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်နေသည့် တရားမဝင် ပြည်ပနိုင်ငံသားများအား ထပ်မံဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၂**

မြန်မာနိုင်ငံအစိုးရအနေဖြင့် တစ်ကမ္ဘာလုံးကို အန္တရာယ်ပေးနေသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းများ နိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်စေရေးနှင့် အလုံးစုံပပျောက်စေရေးအတွက် အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံ အစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ တက်ကြွစွာ ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များသည်လည်း အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများနှင့် နိုင်ငံအတွင်းသို့ ပြည်ပနိုင်ငံသားများ တရားမဝင်ဝင်ရောက်နေထိုင်မှုမရှိစေရေးတို့ကို အသေးစိတ်စစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိစဉ် နယ်မြေလုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ် ကောင်းစံကျေးရွာအနီးတစ်ဝိုက်တွင် နယ်မြေရှင်းလင်းရေးလုပ်ငန်းများဆောင်ရွက်စဉ် မတ် ၂၀ ရက်နှင့် ၂၁ ရက်တို့တွင် အဆိုပါကျေးရွာအနီးတစ်ဝိုက်၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို လုပ်ငန်းလုပ်ကိုင်ရာတွင် အသုံးပြုသည့် လူနေအဆောက်အအုံများ၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖော်ထုတ်သိမ်းဆည်းနိုင်ခဲ့သည့် သတင်းအား ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ယနေ့တွင်လည်း နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မွန်းလွဲ ၂ နာရီခွဲခန့်တွင် လဲချားမြို့နယ် ခိုဟိုင်းကျေးရွာ၏ အရှေ့တောင်ဘက် မီတာ ၁၅၀၀ ခန့်အကွာ၌ တရားမဝင် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ငါးဦးတို့ကို ဖမ်းဆီးထိန်းသိမ်းနိုင်ခဲ့ပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မတ် ၂၀ ရက်တွင် ကောင်းစံကျေးရွာအနီး သိမ်းဆည်းရမိခဲ့သည့် တရားမဝင်အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ယာယီအဆောက်အအုံများအား စနစ်တကျ မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတာကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**





လဲချားမြို့ ခိုဟိုင်းကျေးရွာအနီး တရားမဝင် အွန်လိုင်းလောင်းကစားမှု ကျူးလွန်သူ ပြည်ပနိုင်ငံသားများအား ဖမ်းဆီးရမိသည့်နေရာပြပုံ။

လဲချားမြို့နယ် ခိုဟိုင်းကျေးရွာအနီး၌ ဖမ်းဆီးရမိသည့် တရားမဝင် အွန်လိုင်းလိမ်လည် လောင်းကစားမှု လုပ်ကိုင်သူများအား ဖမ်းဆီးရမိစဉ်။





၂၀-၃-၂၀၂၆ ရက်နေ့တွင် လဲချားမြို့နယ် ကောင်းစံကျေးရွာအနီး သိမ်းဆည်းရမိခဲ့သည့် တရားမဝင်အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် ယာယီအဆောက်အအုံများအား စနစ်တကျမီးရှို့ဖျက်ဆီးခဲ့မှုအား တွေ့ရစဉ်။


## ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ကြက်၊ ဘဲ၊ ငုံးခြံများတွင်အဆိုပါရောဂါ ကူးစက်ကျရောက်ခြင်း မရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန်လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊

(၂) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံး အရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(၃) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူနှင့်ယာဉ် အဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊

(၄) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊

(၅) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက ပါးစပ်နှင့်နှာခေါင်းစည်း၊ လက်အိတ်စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊

(၆) ကြက်၊ ငှက်များကို ကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့်လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး ပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(၇) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင် ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(၈) ကြက်၊ ငှက်များပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၉) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# တစ်ကိုယ်ရေကျန်းမာရေးစောင့်ရှောက်မှုနဲ့ စမတ်ဖုန်း AI

မောင်မောင်လင်း

**ဒီနေ့ AI (ဉာဏ်ရည်တုနည်းပညာ) ကို ကျန်းမာရေးနဲ့ ဆေးသိပ္ပံနယ်ပယ်မှာ အသုံးချနေကြတာကိုတော့ အားလုံးသိရှိကြမှာပါ။ ဒါပေမဲ့ ဆေးပညာရှင် မဟုတ်တဲ့ ကျွန်တော်တို့လို သာမန်လူသားတွေအနေနဲ့ မိမိရဲ့တစ်ကိုယ်ရေကျန်းမာရေးကိုစောင့်ရှောက်ဖို့ လက်ထဲမှာရှိနေတဲ့ စမတ်ဖုန်း AI ကို အကျိုးရှိရှိ အသုံးချနိုင်တယ်ဆိုတာကို မျှဝေပေးလိုပါတယ်။**

AI ကို ပုံမှန်ရှာဖွေရေးအင်ဂျင်လို အသုံးပြုလို့ရတာကြောင့် ကျန်းမာရေးနဲ့ဆိုင်တဲ့ အသိပညာဗဟုသုတတွေကို မေးမြန်းဖူးကြမှာပါ။ အဲဒီအချိန်မျိုးမှာ ကိုယ့်ကျန်းမာရေးနဲ့သက်ဆိုင်တဲ့ မေးခွန်းတွေကိုလည်း AI ဆီမှာ မေးမြန်းနိုင်ပါတယ်။ သေချာတာကတော့ AI ဟာ ဆရာဝန်မဟုတ်တဲ့အတွက် ကုသမှု မပြုလုပ်နိုင်သလို ဆရာဝန်လို တိကျတဲ့ အကြံပြုချက်လည်း မပေးနိုင်ပါ။ သူက အသိပညာဗဟုသုတမျှဝေသူ၊ တစ်နည်းအားဖြင့် ကျန်းမာရေး အသိပညာပေး လက်ထောက်အနေနဲ့သာ လုပ်ဆောင်နိုင်ပါတယ်။




**စမတ်ဖုန်း AI နဲ့ Follow-up လုပ်တဲ့ အနုပညာ**

ဆရာဝန်နဲ့ တိုင်ပင်ကုသမှုကို ဦးစွာခံယူပြီးနောက် ကိုယ့်ရောဂါအခြေအနေတိုးတက်မှုအပေါ် ပြန်လည်ဆွေးနွေးဖို့ဆိုတာ အခက်အခဲများစွာရှိပါတယ်။ အချိန်ကို တိကျစွာ ကြိုတင်မခန့်မှန်းနိုင်တာ၊ ရက်ချိန်းယူရတာ၊ အရေးပေါ်အခြေအနေဖြစ်ပေါ်တာ စတဲ့ကန့်သတ်ချက်တွေကြောင့် Follow-up လုပ်ဖို့ အခက်အခဲရှိနိုင်ပါတယ်။ ဒီလိုအချိန်မှာ လက်ထဲမှာရှိတဲ့ စမတ်ဖုန်း AI ကို ကြားခံအသုံးချပြီး Follow-up လုပ်နိုင်တဲ့ နည်းလမ်းကို မျှဝေပေးလိုပါတယ်–

(က) **စာနဲ့ မေးမြန်းခြင်း**

(၁) ကိုယ့်ရောဂါအခြေအနေ၊ ဆရာဝန်ပေးထားတဲ့ဆေးဝါး၊ ကုသမှတ်တမ်းတွေကို စာနဲ့ရေးသားပြီး AI ဆီမှာ မေးမြန်းနိုင်ပါတယ်။

(၂) PDF ကုသမှတ်တမ်း၊ ဆေးစစ်ချက်ရလဒ်တွေကို Upload လုပ်နိုင်သလို လိုအပ်ရင် ကိုယ့်ဘာသာ ဓာတ်ပုံရိုက်ပြီး ပေးပို့နိုင်ပါတယ်။

ဥပမာအားဖြင့် **“ဒီဆေးစစ်ချက်က ဘာကိုဆိုလိုတာလဲဆိုတာ ကလေးတစ်ယောက် နားလည်အောင် ရှင်းပြပေးပါ”၊ “ဒီရောဂါရှိသူအတွက် ဘယ်လိုအစားအစာတွေ ရှောင်သင့်သလဲ၊ ဘယ်လိုအားကစားမျိုးလုပ်သင့်သလဲ”** ဆိုတဲ့ တစ်ကိုယ်ရေလမ်းညွှန်ချက်တွေကို AI ဆီက တောင်းနိုင်ပါတယ်။

> **❛ ၂၀၂၆ ခုနှစ်ရဲ့ နည်းပညာရေစီးကြောင်းထဲမှာ စမတ်ဖုန်း AI ဆိုတာ ၂၄ နာရီပတ်လုံး အားကိုးလို့ရတဲ့ ကျန်းမာရေးလက်ထောက်တစ်ဦးဖြစ်လာပါပြီ။ ကျွန်တော်တို့နိုင်ငံမှာ ဆေးဆိုင်ကပေးတဲ့ စပ်ဆေးတွေနဲ့ ကိုယ့်ကျန်းမာရေးကို စမ်းသပ်မယ့်အစား AI ကိုအသုံးပြုပြီး မှန်ကန်တဲ့ ကျန်းမာရေးဗဟုသုတတွေကို ရှာဖွေတတ်ဖို့ လိုအပ်ပါတယ်။ ဒါပေမဲ့ သတိပြုရမှာက AI ဟာ လူသားဆရာဝန်ကို အစားထိုးဖို့မဟုတ်ဘဲ ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင် ဖြည့်ဆည်းပေးဖို့သာဖြစ်ပါတယ်။ ထို့အတူ ဆရာဝန်တွေအနေနဲ့လည်း AI ကို ခြိမ်းခြောက်မှုတစ်ခုအဖြစ်မမြင်ဘဲ မိမိရဲ့ KSA (Knowledge, Skills, Attitudes) ကို မြှင့်တင်ပေးမယ့် လက်နက်တစ်ခုအဖြစ်အသုံးချပြီး ခေတ်သစ်ဆေးပညာရဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်သင့် ❜**

(ခ) **အပြန်အလှန် စကားပြောခြင်း**

(၁) Voice Chat Function ရှိတဲ့ AI Chatbot (Gemini, Comet, Grok) တွေ မှာ မြန်မာဘာသာနဲ့ တိုက်ရိုက်စကားပြောနိုင်ပါတယ်။ လက်ရှိအနေအထားအရတော့ Gemini ကို သုံးစွဲဖို့ အကြံပြုလိုပါတယ်။

(၂) စတင်ချိန်မှာ မြန်မာစာသားပေးပို့ပြီးနောက် ဆက်စကားပြောနိုင်သလို Image Upload လုပ်ခြင်း၊ Camera နဲ့ တိုက်ရိုက်ပြသခြင်း စတဲ့ နည်းလမ်းတွေကို အသုံးချနိုင်ပါတယ်။

(၃) Live chat အတွင်းမှာ AI က အရောင်ခွဲခြားနိုင်သလို ကင်မရာကို ရွှေ့/နောက် ပြောင်းလဲအသုံးပြုနိုင်ပါတယ်။

(၄) အားသာချက်ကတော့ ၂၄ နာရီ အချိန်မရွေးမေးမြန်းနိုင်ခြင်း၊ ရှက်ရွံ့စရာမလိုဘဲ ပွင့်လင်းစွာဆွေးနွေးနိုင်ခြင်းဖြစ်ပါတယ်။

(ဂ) **သတိပြုရန် အချက်များ**

(၁) AI ဟာ ဆရာဝန်လို တိုက်ရိုက်ရောဂါရှာဖွေခြင်း၊ ဆေးညွှန်းထုတ်ပေးခြင်း (Telemedicine) မလုပ်နိုင်ပါ။

(၂) ဒါပေမဲ့ ကိုယ့်အခြေအနေနဲ့ ပတ်သက်ပြီး သိသင့်တဲ့ ဆေးပညာအချက်အလက်တွေကို ရှင်းပြပေးနိုင်ပြီး စိတ်အေးလက်အေးရှိစေဖို့ အားပေးစကားပြောပေးနိုင်ပါတယ်။

(၃) လိုအပ်လာခဲ့ရင် AI က ဆရာဝန်နဲ့ ထပ်မံတွေ့ဖို့ အကြံပြုပါလိမ့်မယ်။

(၄) Voice Chat မှာတော့ “ကျွန်ုပ်သည် ဆေးဘက်ဆိုင်ရာ အကြံဉာဏ်များပေးအပ်နိုင်ခြင်းမရှိပါ၊ ကျန်းမာရေးပညာရှင်နှင့်သာ အမြဲတမ်း တိုင်ပင်သင့်ပါသည်” ဆိုတဲ့ သတိပေးစာကြောင်းကိုအဆုံးတိုင်းထည့်သွင်းပြောကြားပါလိမ့်မယ်။

(၅) ဒါပေမဲ့ AI နဲ့ ဆွေးနွေးတဲ့အခါ နာမည်ရင်း၊ နေရပ်လိပ်စာ စတဲ့ အလွန်အမင်း ထိခိုက်လွယ်တဲ့ ကိုယ်ရေးအချက်အလက်တွေကို တိုက်ရိုက်မပြောဘဲ “ရောဂါလက္ခဏာနဲ့ အချက်အလက်” ကိုပဲ အဓိကထားဆွေးနွေးဖို့ အကြံပြုလိုပါတယ်။

ခြုံပြောရရင်တော့ **ကျွန်တော်တို့နိုင်ငံမှာ ဆေးဆိုင်ကိုမေးမြန်းပြီး “စပ်ဆေး” တွေနဲ့ ကုသမှုခံယူနေသူတွေအတွက် ဒီလို AI Follow-up နည်းလမ်းက အလွန်အကျိုးရှိစေမှာ ဖြစ်ပါတယ်။** AI ဟာ လူသားဆရာဝန်ကို အစားထိုးဖို့မဟုတ်ဘဲ ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင် ဖြည့်ဆည်းပေးမယ့် လက်ထောက်အဖြစ် အသုံးချသင့်ပါတယ်။

**AI ကုသရေးခေတ်သစ်ရဲ့ မှတ်တိုင်
Utah ပြည်နယ်ရဲ့ Doctronic စနစ် (၂၀၂၆)**

အရင်က AI ဆိုတာ မေးတာကို ဖြေရုံသက်သက် (Informational) အဆင့်ပဲရှိခဲ့ပေမယ့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့မှာတော့ ကမ္ဘာ့ကျန်းမာရေးလောကအတွက် ထူးခြားတဲ့ သမိုင်းမှတ်တိုင်တစ်ခု စိုက်ထူနိုင်ခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စု Utah ပြည်နယ်ဟာ Doctronic အမည်ရှိ AI စနစ်ကို အသုံးပြုပြီး ဆေးညွှန်းအလိုအလျောက် သက်တမ်းတိုးခြင်းကို ကမ္ဘာ့ပထမဆုံးအဖြစ် တရားဝင်စမ်းသပ်ခွင့်ပြုလိုက်တာဖြစ်ပါတယ်။ ဒါဟာ Utah ပြည်နယ်ရဲ့ နည်းပညာသစ်များ စမ်းသပ်ခွင့်ဥပဒေအောက်မှာ လည်ပတ်တာဖြစ်ပြီး စိတ်ဝင်စားဖို့ကောင်းတဲ့ အချက်တွေကတော့–

(က) **ကုန်ကျစရိတ်သက်သာခြင်း။** လူနာက AI Agent / chat နဲ့ဆွေးနွေးပြီး ကျန်းမာရေးအခြေအနေ ပြောင်းလဲမှုမရှိကြောင်း၊ ဘေးထွက်ဆိုးကျိုးမရှိကြောင်း အတည်ပြုနိုင်ရင် တစ်ကြိမ်ကို လေးဒေါ်လာတည်းနဲ့ ဆေးညွှန်းကို ဆေးဆိုင်ထံ တိုက်ရိုက်ပို့ပေးပါတယ်။ ဒါဟာ သာမန်ဆရာဝန်နဲ့ ပြသခထက် အဆပေါင်းများစွာ သက်သာတဲ့နှုန်းဖြစ်ပါတယ်။ အခြေအနေ မမှန်မကန်တာ ဒါမှမဟုတ် ဆုံးဖြတ်ရခက်ခဲတဲ့ အခြေအနေတွေမှာတော့ Telehealth Video Call နဲ့ လူသားဆရာဝန်ထံ ချက်ချင်းချိတ်ဆက်ပေးပါတယ်။ အဲဒီအခါမှာတော့ သတ်မှတ်နှုန်းထားတစ်ခု ထပ်မံပေးချေရမှာဖြစ်ပါတယ်။

(ခ) **ဆေးဝါးအကျုံးဝင်မှု။** Doctronic AI ဟာ လူနာတွေ ပုံမှန်သုံးနေကြတဲ့ဆေးတွေမှာသာ အသုံးပြုနိုင်ပါတယ်။ ဥပမာအားဖြင့် သွေးတိုး၊ ဆီးချို၊ ကိုလက်စထရော၊ သိုင်းရွိုက် စတဲ့ရောဂါတွေအတွက်သုံးတဲ့ ဆေးတွေ၊ မျိုးစဉ်ထိန်းချုပ်ဆေး၊ စိတ်ကျန်းမာရေးဆေး အစရှိတဲ့ဆေးဝါး စုစုပေါင်း ၁၉၀ မှ ၁၉၁ မျိုးအတွက်သာ AI က ဆေးညွှန်းကို ထပ်ဖြည့်ပေးနိုင်ပါတယ်။ ပထမဆုံးဆေးညွှန်းကို လူသားဆရာဝန်ကသာ ရေးပေးရပြီး AI က ထပ်ဖြည့်တာကိုသာ တာဝန်ယူပါတယ်။ အကိုက်အခဲပျောက်ဆေး၊ ပိုးသတ်ဆေး စတဲ့ အဆင့်မြင့်ဆေးတွေနဲ့ ထိုးဆေး/စားဆေးတွေကိုတော့ AI က ကိုယ်တိုင် ဆုံးဖြတ်ခွင့်မရှိပါဘူး။

(ဂ) **စောင့်ကြည့်စစ်ဆေးမှု။** စနစ်အသစ်ဖြစ်တဲ့အတွက် ဆေးတစ်မျိုးချင်းစီရဲ့ ပထမဆုံး ထပ်ဖြည့်ပေးမှုအကြိမ် ၂၅၀ ကို လူသားဆရာဝန်တွေက နောက်ကွယ်မှ Audit လုပ်ခဲ့ပါတယ်။ ဒီလိုစစ်ဆေးမှုမှာ AI ရဲ့ ဆုံးဖြတ်ချက်တွေဟာ လူသားဆရာဝန်တွေရဲ့ ဆုံးဖြတ်ချက်နဲ့ ၉၉ ဒသမ ၂ ရာခိုင်နှုန်းအထိ တူညီတာကို တွေ့ရှိခဲ့ရပါတယ်။

ကျွန်တော် အပေါ်မှာတင်ပြခဲ့တဲ့ “စမတ်ဖုန်း AI ကို Follow – up လုပ်ဖို့ သုံးပါ” ဆိုတဲ့ အချက်ဟာ အခု Utah မှာတော့ လက်တွေ့တရားဝင် ကုသမှုအဆင့်အထိ ဖြစ်လာနေပါပြီ။ မြန်မာနိုင်ငံမှာတော့ Doctronic လို တရားဝင်စနစ်မရှိသေးပေမယ့် ကျွန်တော်တို့ရဲ့ Gemini လို AI တွေကို အသုံးချပြီး မိမိသောက်နေတဲ့ဆေးရဲ့ ဘေးထွက်ဆိုးကျိုးကို မေးမြန်းတာ၊ ဆရာဝန်နဲ့မတွေ့ရခင် ကြိုတင်ပြင်ဆင်ရမယ့်အချက်တွေကို တိုင်ပင်တာနဲ့ ဓာတ်ခွဲခန်းအဖြေတွေကိုအခြေခံပြီး ဘာတွေ သတိထားရမလဲဆိုတာ ဆွေးနွေးတာတွေကို လုပ်ဆောင်ခြင်းအားဖြင့် ကိုယ်တိုင်စောင့်ရှောက်မှုကို ပိုမိုခိုင်မာစေမှာဖြစ်ပါတယ်။ အရေးကြီးဆုံးကတော့ Utah ရဲ့ စနစ်ဟာ နည်းပညာနဲ့ ဥပဒေပေါင်းစပ်ထားတဲ့ Pilot Program ဖြစ်ပြီး ကျွန်တော်တို့ဆီမှာတော့ ဆရာဝန်ရဲ့ ညွှန်ကြားချက်ကို အမြဲတမ်း ပထမဦးစားပေးအဖြစ် ထားရှိရမှာဖြစ်ပါတယ်။

စာမျက်နှာ ၁၇ သို့ ❂

❂ စာမျက်နှာ ၁၆ မှ

## လူသားနှလုံးသားနဲ့ AI ဦးနှောက် "Human Touch" ရဲ့ အနက်ရှိုင်းဆုံးအဓိပ္ပာယ်

AI နည်းပညာတွေဟာ ၂၀၂၆ ခုနှစ်မှာ မယုံနိုင်လောက်အောင် တိုးတက်လာပြီး ဆေးညွှန်းတွေကိုပါ တာဝန်ယူနိုင်လာပြီဖြစ်ပေမယ့် ကုသမှုဖြစ်စဉ်တစ်ခုမှာ လူသားဆရာဝန်တွေရဲ့ Human Touch ကိုတော့ ဘယ်တော့မှ အစားမထိုးနိုင်သေးပါဘူး။ ဒီနေရာမှာ Human Touch ဆိုတာကို အပိုင်းနှစ်ပိုင်းနဲ့ ခွဲခြားနားလည်ဖို့ လိုအပ်ပါတယ်–

(က) **အာရုံခံစားမှုဆိုင်ရာ ထိတွေ့မှု**

(၁) **အာရုံခံစားနိုင်မှု။** လူသားတွေဟာ အမြင်၊ အကြား၊ အထိအတွေ့၊ အနံ့နဲ့ အရသာဆိုတဲ့ အာရုံငါးပါးလုံးကတစ်ဆင့် အခြေအနေတွေကို တိုက်ရိုက်ခံစားပြီး အဓိပ္ပာယ်ဖွင့်ဆိုကြတာပါ။

(၂) **AI ရဲ့ ကန့်သတ်ချက်။** Gemini Live လိုမျိုး AI တွေဟာ ကင်မရာကတစ်ဆင့် အရောင်တွေကို ခွဲခြားနိုင်ပြီး အသံကိုကြားနိုင်ပေမယ့် လူနာရဲ့ လက်ကို ကိုင်လိုက်တဲ့အခါ ခံစားရတဲ့ နွေးထွေးမှု၊ သွေးခုန်နှုန်းရဲ့ ရိုက်ခတ်မှု ဒါမှမဟုတ် လူနာရဲ့ ကိုယ်နံ့ကတစ်ဆင့် သိနိုင်တဲ့ ရောဂါလက္ခဏာမျိုးတွေကိုတော့ တိုက်ရိုက်ခံစားနိုင်စွမ်း မရှိပါဘူး။ AI က ဒေတာကိုသာသုံးပြီး ခန့်မှန်းနိုင်ပေမယ့်လည်း လူသားလို ကိုယ်တိုင်ခံစားနိုင်စွမ်းမရှိလို့ပါ။

(ခ) **စိတ်ခံစားမှုဆိုင်ရာနယ်ပယ်။** ဒါဟာ ကုသမှုရဲ့ အနှစ်သာရဖြစ်တဲ့ စိတ်ခံစားမှု၊ သဘောထားနဲ့ ယဉ်ကျေးမှုနောက်ခံတွေကို နားလည်ပေးနိုင်တဲ့ စွမ်းရည်ဖြစ်ပါတယ်–

(၁) **စိတ်ခံစားမှု ခန့်မှန်းနည်းပညာနဲ့ စာနာနိုင်စွမ်း AI ။** လက်ရှိ AI တွေဟာ လူတစ်ယောက်ရဲ့ အသံနေအသံထား၊ စာသားနဲ့ မျက်နှာအမူအရာကို ကြည့်ပြီး "စိတ်ပူပန်နေသလား"၊ "ဝမ်းနည်းနေသလား" ဆိုတာကို ခန့်မှန်းပေးနိုင်တဲ့ နည်းပညာတွေ ပါဝင်လာပါတယ်။ AI က ၂၄ နာရီ ပတ်လုံး နားထောင်ပေးနိုင်ပြီး "ခင်ဗျားစိတ်ပူနေတာကို ကျွန်တော် နားလည်ပါတယ်" လို့ တုံ့ပြန်နိုင်ပါတယ်။

(၂) **တကယ့်ခံစားချက် မဟုတ်ခြင်း။** AI က စိတ်ခံစားမှုကို ခန့်မှန်းပေးနိုင်ပေမယ့်လည်း အမှန်တကယ်ခံစားနိုင်စွမ်းမရှိပါ။ AI ဟာ လူသားတစ်ယောက်လို အတွင်းခံစားချက်ကို တိုက်ရိုက်ခံစားပိုင်ခွင့်မရှိပါဘူး။ လူသားဆရာဝန်တစ်ဦးကသာ လူနာရဲ့ စိုးရိမ်မှုကို ကိုယ်ချင်းစာကြည့်ပေးတာ၊ ဘဝအတွေ့အကြုံအရ နားလည်ပေးတာမျိုးဟာ AI မလုပ်နိုင်တဲ့ အနက်ရှိုင်းဆုံးကုသခြင်း အတတ်ပညာပဲ ဖြစ်ပါတယ်။

အောက်ကဇယားကို လေ့လာကြည့်ရင် AI နဲ့ လူသားဆရာဝန်ရဲ့ အဓိကခြားနားချက်တွေကို တွေ့ရှိနိုင်ပြီး Human Touch ရဲ့ အရေးပါမှုကို ပိုမိုရှင်းလင်းစေမှာဖြစ်ပါတယ်–

| အချက်အလက် (Attribute) | လူသား (Human) | AI (Current Status) |
|---|---|---|
| တိုက်ရိုက်ခံစားမှု (Internal Feeling) | ရှိပါတယ် | မရှိပါ (Simulated သာ) |
| စိတ်ခံစားချက်ခွဲခြားနိုင်မှု | လူပုဂ္ဂိုလ်အလိုက် ကွဲပြားမှုအမျိုးမျိုးရှိနိုင်ပါတယ် | မြင့်မားပါတယ် (ဒေတာအပေါ်မူတည်) |
| ယဉ်ကျေးမှုနဲ့ အခြေအနေအရ နားလည်မှု | အလွန်မြင့်မားပါတယ် | အကန့်အသတ်ရှိပါတယ် |
| အလုပ်လုပ်နိုင်စွမ်း (Scale & Consistency) | မတည်ငြိမ်နိုင်ပါ (ပင်ပန်းတတ်ပါတယ်) | တည်ငြိမ်ပါတယ် (၂၄/၇ အလုပ်လုပ်နိုင်) |
| ကိုယ်ပိုင်ရည်ရွယ်ချက် (Intrinsic Motive) | ရှိပါတယ် | မရှိပါ |

### ခေတ်သစ်ဆရာဝန်နဲ့ AI– ခြိမ်းခြောက်မှုလား၊ အားကိုးရာလား

နည်းပညာတွေ တစ်ဟုန်ထိုးတိုးတက်လာတဲ့ ၂၀၂၆ ခုနှစ်မှာ ဆရာဝန်အချို့က AI က ငါတို့နေရာကို အစားထိုးတော့မှာလားဆိုပြီး စိုးရိမ်တတ်ကြပါတယ်။ တကယ်တော့ AI ဆိုတာ ဆရာဝန်ကို အစားထိုးဖို့မဟုတ်ဘဲ ဆရာဝန်ရဲ့ အရည်အချင်းကို မြှင့်တင်ပေးမယ့် လက်ထောက်တစ်ဦးသာ ဖြစ်ပါတယ်။ ဒီအခန်းမှာတော့ ဆရာဝန်နဲ့ AI ရဲ့ အခန်းကဏ္ဍကို နယ်ပယ်သုံးခုအနေနဲ့ ခွဲခြားဖော်ပြလိုပါတယ်–

(က) **အသိဉာဏ်ဆိုင်ရာနယ်ပယ် (Cognitive Domain)။** AI က အချက်အလက်တွေကို စက္ကန့်ပိုင်းအတွင်း တွက်ချက်နိုင်ပြီး နောက်ဆုံးပေါ် ဆေးပညာလမ်းညွှန်ချက်တွေကို ချက်ချင်းရှာဖွေပေးနိုင်ပါတယ်။

(ခ) **လက်တွေ့ကျွမ်းကျင်မှုနယ်ပယ် (Psycho-motor Domain)။** AI စက်ရုပ်တွေဟာ တိကျတဲ့ ခွဲစိတ်မှုတွေလုပ်နိုင်ပေမယ့် လူနာကို နူးညံ့စွာစမ်းသပ်တာ၊ အခြေအနေပေါ်မူတည်ပြီး လက်တွေ့တုံ့ပြန်တာမှာတော့ လူသားဆရာဝန်ရဲ့ ထိတွေ့မှုကသာ အကောင်းဆုံး ဖြစ်နေဆဲပါ။

(ဂ) **စိတ်ထားနဲ့သဘောထား နယ်ပယ် (Affective Domain)။** AI က အသံ၊ စာသား၊ မျက်နှာအမူအရာတွေကို ကြည့်ပြီး စိတ်ပူနေသလား၊ ဝမ်းနည်းနေသလား ခန့်မှန်းနိုင်ပါတယ်။ ဒါပေမဲ့ အမှန်တကယ် စာနာမှု (Genuine Empathy) ကို ပေးနိုင်တာက လူသားဆရာဝန်ပဲဖြစ်ပါတယ်။

ဒါကြောင့် ဆရာဝန်တစ်ဦးဟာ မိမိရဲ့ KSA (Knowledge, Skills, Attitudes) ကို AI နဲ့ ပေါင်းစပ်ပြီး မြှင့်တင်မယ်ဆိုရင် သူ့ရဲ့ကုသမှုပုံစံကို အခုလို ပြောင်းလဲစေနိုင်မှာ ဖြစ်ပါတယ်–

(က) **အသိပညာ – အမြဲတမ်း နောက်ဆုံးပေါ်ဖြစ်နေခြင်း။** ယခင်က ဆေးကျောင်းတုန်းကသင်ခဲ့တဲ့ စာအုပ်တွေနဲ့ အတွေ့အကြုံကိုသာ အားကိုးခဲ့ရာက AI ကို အသုံးပြုပြီး နေ့စဉ်သင်ယူနေမယ်ဆိုရင် ဥပမာအားဖြင့် လူနာတစ်ယောက်မှာ ထူးခြားတဲ့ဆေး ဘေးထွက်ဆိုးကျိုးတွေ့ရင် AI ကိုရိယာ သို့မဟုတ် PubMed လို အရင်းအမြစ်တွေမှာ AI နဲ့ အမြန်ရှာဖွေမှာဖြစ်ပါတယ်။ သွေးတိုးရောဂါအတွက် နောက်ဆုံးပေါ် ဆေးပညာအကြံပေးလမ်းညွှန်ချက်များ– ၂၀၂၆ ခုနှစ် (Latest guidelines for hypertension 2026) လိုမျိုး မေးခွန်းတွေနဲ့ မိမိရဲ့အသိပညာကို အမြဲ Update လုပ်ထားနိုင်မှာ ဖြစ်ပါတယ်။

(ခ) **ကျွမ်းကျင်မှု – လက်တွေ့လုပ်ဆောင်နိုင်စွမ်းမြှင့်တင်ခြင်း။** AI က သူ့အတွက် ဒုတိယမျက်စိဖြစ်လာမှာ ဖြစ်ပါတယ်။ ဥပမာအားဖြင့် X-ray ပုံတွေကို AI ကိရိယာတွေနဲ့ နှိုင်းယှဉ်စစ်ဆေးပြီး ပိုမိုတိကျတဲ့ ပုံဖတ်ခြင်းကျွမ်းကျင်မှု ရလာပါတယ်။ ဒ့ါအပြင် ရှုပ်ထွေးတဲ့ ဆေးပညာစကားလုံးတွေကို လူနာနားလည်လွယ်အောင် ဘယ်လိုရှင်းပြရမလဲဆိုတာကို AI ဆီကနေ နမူနာရယူပြီး လေ့ကျင့်တာကြောင့် လူနာနဲ့ ဆက်သွယ်မှုပိုကောင်းလာမှာဖြစ်ပါတယ်။

(ဂ) **စိတ်ထားနဲ့သဘောထား – အရေးအကြီးဆုံး အပြောင်းအလဲ။** AI က သူ့ကို အဆက်မပြတ်သင်ယူလိုစိတ်ရှိသူတစ်ဦး ဖြစ်လာစေမှာဖြစ်ပါတယ်။ ဥပမာအားဖြင့် AI က တစ်ခါတလေ မှားတတ်တာကို သိထားတာကြောင့် အချက်အလက်တွေကို Double-check အမြဲလုပ်တဲ့ သတိရှိမှု တိုးတက်လာမှာ ဖြစ်ပါတယ်။ အဓိကအားဖြင့် AI က ရောဂါရှာနိုင်ပေမယ့် လူနာကိုနားထောင်ပြီး စာနာမှု ပေးနိုင်တာက လူသားပဲဖြစ်တယ်လို့ ပိုမိုယုံကြည်လာမှာ ဖြစ်ပါတယ်။

အောက်ကဇယားလေးကို လေ့လာကြည့်စေလိုပါတယ် –

| အပိုင်း | ယခင်မူလအနေအထား | AI နဲ့ တွဲဖက်ပြီးအနေအထား | AI ရဲ့ အဓိက အထောက်အကူ |
|---|---|---|---|
| Knowledge | စာအုပ်နဲ့ ဆေးကျောင်းအသိပဲရှိ | နေ့စဉ်နောက်ဆုံးပေါ် သုတေသနများ | အချက်အလက်ရှာဖွေမှု မြန်ဆန်ခြင်း |
| Skills | လက်တွေ့ ဆေးပညာကျွမ်းကျင်မှုပဲရှိ | ပုံဖတ်၊ ရှင်းပြ၊ ဆုံးဖြတ်ချက် ပိုတိကျ | လေ့ကျင့်ခန်းနဲ့ ရှင်းလင်းချက်များ |
| Attitude | သင်ယူမှုနည်းပါးခဲ့ | အဆက်မပြတ် သင်ယူ၊ စာနာမှုပိုများ | ဝေဖန်တွေးခေါ်မှုနဲ့ နှိမ့်ချမှု |

တစ်နည်းအားဖြင့် ဆရာဝန်တစ်ဦးရဲ့ KSA ထဲကို AI ကို ပေါင်းစပ်ထည့်သွင်းလိုက်ခြင်းက ဆရာဝန်ကို "သိပြီးသား ဆရာဝန်" ကနေ "အဆက်မပြတ်တိုးတက်နေတဲ့ ဆရာဝန်" အဖြစ် ပြောင်းလဲပေးနိုင်ပါတယ်။ AI ရဲ့ မြန်ဆန်တဲ့ ဦးနှောက်နဲ့ လူသားရဲ့ စစ်မှန်တဲ့ နှလုံးသားပေါင်းစပ်မှုသာ အကောင်းဆုံးသော ကုသမှုကို ရရှိမှာဖြစ်ပါကြောင်း တိုက်တွန်းလိုက်ရပါတယ်။

အချုပ်အားဖြင့်ဆိုရရင် ၂၀၂၆ ခုနှစ်ရဲ့ နည်းပညာရေစီးကြောင်းထဲမှာ စမတ်ဖုန်း AI ဆိုတာ ၂၄ နာရီပတ်လုံး အားကိုးလို့ရတဲ့ ကျန်းမာရေးလက်ထောက်တစ်ဦးဖြစ်လာပါပြီ။ **ကျွန်တော်တို့နိုင်ငံမှာ ဆေးဆိုင်ကပေးတဲ့ စပ်ဆေးတွေနဲ့ ကိုယ့်ကျန်းမာရေးကို စမ်းသပ်မယ့်အစား AI ကို အသုံးပြုပြီး မှန်ကန်တဲ့ ကျန်းမာရေးဗဟုသုတတွေကို ရှာဖွေတတ်ဖို့ လိုအပ်ပါတယ်။** ဒါပေမဲ့ သတိပြုရမှာက AI ဟာ လူသားဆရာဝန်ကို အစားထိုးဖို့မဟုတ်ဘဲ ကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင် ဖြည့်ဆည်းပေးဖို့သာ ဖြစ်ပါတယ်။ ထို့အတူ ဆရာဝန်တွေအနေနဲ့လည်း AI ကို ခြိမ်းခြောက်မှုတစ်ခုအဖြစ်မမြင်ဘဲ မိမိရဲ့ KSA (Knowledge, Skills, Attitudes) ကို မြှင့်တင်ပေးမယ့် လက်နက်တစ်ခုအဖြစ်အသုံးချပြီး ခေတ်သစ်ဆေးပညာရဲ့ စိန်ခေါ်မှုတွေကို ရင်ဆိုင်သင့်ကြောင်း အကြံပြုတင်ပြလိုက်ရပါတယ်။ ။

## ရပ်စောက်မြို့၌ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကျင်းပ

ရပ်စောက် မတ် ၂၂

နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ် (တောင်ပိုင်း) ရပ်စောက်မြို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဆန်းဦးက အမှာစကားပြောကြားသည်။ ဆက်လက်၍ ရှမ်းပြည်နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမင်းသိန်းက နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများ၊ တောင်သူများက မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဝန်ထမ်းများက တက်ရောက်လာသူများအား မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြကြောင်း သိရသည်။



စိုးလင်း(တောင်ကြီး)

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

# ကြိုတင်ကာကွယ် အပူဒဏ်အန္တရာယ်





ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ မှ
ပြုစုထုတ်ဝေသည်။
မတ်လ၊ ၂၀၂၆

၁

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိရေနှင့်ဓါတ်ဆားဓါတ်များဆုံးရှုံးမှု ပိုမိုများပြားပါသည်။ မိဘပြည်သူများအနေဖြင့်အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သောအကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

## အပူဒဏ်ကာကွယ်နိုင်ရေး လိုက်နာဆောင်ရွက်ရမည့်အချက်များ

- တတ်နိုင်သမျှအရိပ်ရသော နေရာများတွင်သာ နေပါ၊
- မိမိ၏အသားကို နေရောင်ခြည်နှင့် တိုက်ရိုက် မထိ တွေ့စေရန် လက်၊ လည်ပင်းနှင့် ပုခုံးတို့ကိုပါ လုံခြုံသော အရောင်ဖျော့သည့် ပွပွ ချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ၊
- မဖြစ်မနေအပြင်သွားရပါက ထီး၊ ဦးထုပ် ဆောင်းပါ၊
- ရေများများသောက်ပါ။



၂

## အပူဒဏ်ကာကွယ်နိုင်ရေး ရှောင်ကြဉ်ရန်အချက်များ

- နေရောင်ခြည်နှင့် တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ပါ၊
- နေပူထဲမှ ပြန်လာပြီး ချက်ချင်း ရေချိုးခြင်းကို ရှောင်ကြဉ်ပါ၊
- ပူပြင်းသောနေရောင်အောက်မှ အလွန်အေးသော အခန်းနှင့် ကားအတွင်းသို့ ချက်ခြင်း ဝင်ရောက်ခြင်း၊ အလွန်အေးသော အခန်းနှင့်ကားအတွင်းမှ ပူပြင်းသောနေရောင်ထဲသို့ ချက်ခြင်းထွက်ခြင်း တို့ကို ရှောင်ကြဉ်ပါ၊
- အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ် အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမို ပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ။



၃

အပူဒဏ်ကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကို လိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

## သတိပြုရမည့် အပူဒဏ် အန္တရာယ်များ

အပူဒဏ်ကြောင့် ပင်ပန်းနွမ်းနယ်ခြင်း လက္ခဏာများ
(Heat Exhaustion)

- ခေါင်းမူးနောက်ခြင်း၊ ခေါင်းကိုက်ခြင်း၊
- ကြွက်တက်ခြင်း၊ နုံးချိပျော့ခွေခြင်း၊
- အလွန်အမင်းရေဆာခြင်း၊
- ဂနာမငြိမ်ခြင်း၊
- ခန္ဓာကိုယ်အပူချိန် မြင့်တက်ခြင်း။

အပူဒဏ်ကြောင့် သတိလစ်ခြင်း လက္ခဏာများ
(Heat Stroke)

- အရေပြားပူ၍ခြောက်သွေ့ခြင်း သို့မဟုတ် ချွေးခန်းခြောက်ခြင်း၊
- ခန္ဓာကိုယ်အပူချိန်အလွန်အကျွံမြင့်တက်လာခြင်း၊
- ကယောင်ကတမ်းဖြစ်ခြင်း၊
- တက်ခြင်း၊ သတိလစ်ခြင်း။

၄

## အပူဒဏ်ကြောင့်ပင်ပန်းနွမ်းနယ်ခြင်းလက္ခဏာများ ခံစားရပါက –

- အရိပ်ရ၍ အေးမြသောနေရာတွင် အနားယူပါ၊
- အရည်များများသောက်ခြင်း စသည့် အပူဒဏ်ကာကွယ်ရေးလိုက်နာဆောင်ရွက်ရမည့်အချက်များကိုလိုက်နာပါ။



## အပူဒဏ်အန္တရာယ်အထူးသတိပြုရမည့်သူများ

- သက်ကြီးပုဂ္ဂိုလ်များနှင့် ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ
- နာတာရှည်ရောဂါရှိသူများ (ဆီးချို၊ နှလုံး၊ သွေးတိုး၊ စိတ်ကျန်းမာရေးချို့ယွင်းသူများ)
- ကာယလုပ်သားများ၊ အားကစားသမားများ၊ အဝလွန်သူများ
- အရက်စွဲသောသူများ၊ မူးယစ်ဆေးသုံးစွဲသူများ

၅

## အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာများ ခံစားနေရသည့် လူနာအား အရေးပေါ် ရှေးဦးပြုစုခြင်း

- လူနာကို အရိပ်ရအေးမြသော နေရာသို့ ရွှေ့ထားပါ၊
- လေပန်ကာ၊ လေအေးပေးစက် ဖွင့်ထားပေးပါ၊ မရှိပါက ယပ်ခတ်ပေးပါ၊
- လူနာ၏ ခြေရင်းဘက်ကို မြင့်ထားပေး၍ ပက်လက်အနေအထားဖြင့်ထားပါ၊
- လူနာ၏ အဝတ်အစားများကို ဖယ်ရှားပါ၊
- လူနာ၏ လည်ပင်း၊ ချိုင်းနှစ်ဖက်၊ ပေါင်ခြံနှစ်ဖက် တို့ကို ရေပတ်တိုက်ပါ၊
- လူနာကောင်းစွာသတိရနေပါက ရေအေးအေး သို့မဟုတ် ဓာတ်ဆားရည်တိုက်ကျွေးပါ။



အပူဒဏ်ကြောင့် သတိလစ်ခြင်းလက္ခဏာများ ပေါ်ပေါက်လာပါက နီးစပ်ရာ ကျန်းမာရေးဌာနသို့ အမြန်ဆုံး သွားရောက်ပြသပါ။

၆

အပူဒဏ်ကာကွယ်ရေးနည်းလမ်းများကို ကိုယ်တိုင်လိုက်နာဆောင်ရွက်ပါ။ အခြားသူများကို လိုက်နာရန်တိုက်တွန်းပြောကြားပေးပါ။

# ဒလမြို့မှ ရန်ကုန်မြို့သို့ ပြေးဆွဲနေသည့် YBS ယာဉ်များ လမ်းကြောင်းတိုးချဲ့ပြေးဆွဲပေးလျက်ရှိ




ရန်ကုန် မတ် ၂၂

ဒလမြို့မှ ရန်ကုန်မြို့သို့ သွားလာကြသည့် ခရီးသွားပြည်သူများ သွားလာမှုအဆင်ပြေစေရန်အတွက် ဒလမြို့မှ ရန်ကုန်မြို့သို့ ခရီးသည်ပို့ဆောင်ပြေးဆွဲလျက်ရှိသည့် YBS ယာဉ်များမှ ဒလမြို့၏ ခရီးစဉ်လမ်းကြောင်းများအား တိုးချဲ့ပြေးဆွဲပေးလျက်ရှိသည်။

ယခင်က YBS ယာဉ်များအား စမ်းသပ်ပြေးဆွဲမှုအဖြစ် ဒလမြို့ (အမှတ် ၄) အခြေခံပညာအထက်တန်းကျောင်းရှေ့တွင် ယာယီဂိတ်ထိုး၍ ဒလ-ဆူးလေနှင့် ဒလ-ဗိုလ်တထောင် ခရီးစဉ်များအား ပြေးဆွဲပေးရာ ဒလမြို့နေပြည်သူများ သွားလာမှုအဆင်ပြေကြောင်း၊ တိုးချဲ့ခရီးစဉ်လမ်းကြောင်းအဖြစ် ဒလ-တွံတေး ကားလမ်းမဘေး (ကျွန်စစ်သားရပ်ကွက်နောက်ဆုံးစွန့်ပစ်အမှိုက်ပုံအနီး)၊ ရတနာစက်သုံးဆီ အရောင်းဆိုင်၏ မျက်နှာချင်းဆိုင်တွင် ဒလ-ဆူးလေ ခရီးစဉ်၊ ဒလ- ခနုတ်ကားလမ်း ကြို့ဆိုပါ၏ ဆိုင်းဘုတ်အနီးတွင် ဒလ-ဆူးလေ ခရီးစဉ်နှင့် ရဲချောင်းဝကျေးရွာတွင် ဒလ-ဗိုလ်တထောင် ခရီးစဉ်များအဖြစ် တိုးချဲ့ဂိတ်ထိုး ခရီးသည် ပို့ဆောင်ပြေးဆွဲပေးလျက်ရှိရာ ခရီးသွားပြည်သူများ လွန်စွာအဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ကျွန်မတို့ရွာထိပ်မှာ YBS ကားက ဂိတ်ထိုးပြီး ဒလ-ဗိုလ်တထောင် ခရီးစဉ်ပြေးဆွဲပေးတော့ အဆင်ပြေတယ်။ ဖြစ်နိုင်ရင် ပျော်ဘွယ်ကြီးကျေးရွာ ဒါမှမဟုတ် ခနုတ်ဘုရားမှာ ဂိတ်ထိုးရင် အဲဒီကရွာသူရွာသားတွေလည်း အဆင်ပြေတယ်၊ အဲဒီလိုလုပ်ပေးစေချင်တယ်" ဟု ရဲချောင်းဝကျေးရွာမှ ဒေါ်တင်မိမိခိုင်က ပြောသည်။

ဒလ-ဆူးလေ ခရီးစဉ်အား ယခင်နေရာမှတိုးချဲ့၍ ဒလ-ခနုတ်ကားလမ်းမဘေး ကြို့ဆိုပါ၏ ဆိုင်းဘုတ်အနီး၌ ဂိတ်ထိုးရပ်နားပြေးဆွဲခြင်းကလည်း ပြည်သူများအတွက် များစွာအဆင်ပြေကြောင်း သိရသည်။

"အခုလောလောဆယ် ဒလ - ရန်ကုန်ကို YBS ပြေးဆွဲပေးလို့ ရန်ကုန်သွားရ၊ ပြန်ရတာ အဆင်ပြေတယ်။ အဆင်ပြေမယ်ဆိုရင် စံပြခနုတ်ကျေးရွာကနေ ရန်ကုန်ကိုလည်း ပြေးဆွဲပေးစေချင်ပါတယ်။ အဲဒါဆိုရင် သမိုင်းဝင်ကျိုက်ခနုတ်ဘုရားကို လာဖူးကြမယ့် ရန်ကုန်က ဘုရားဖူးတွေလည်း အဆင်ပြေသလို ခနုတ်ကျေးရွာနဲ့ အနီးအနားက ရွာသူရွာသားတွေလည်း ရန်ကုန်ကို သွားရလာရတာ အဆင်ပြေမယ်" ဟု ခနုတ်စံပြကျေးရွာနေ ဦးလှမောင်က ပြောသည်။

**မောင်ယဉ်ဦး(ဒလ)**



လှိုင်ကော်မြို့ သီရိမင်္ဂလာဈေး၌ ကယားပြည်နယ် မီးသတ်ဦးစီးဌာနမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်သန်း၊ ခရိုင်မီးသတ်ဦးစီးမှူး ဦးလှိုင်ဝင်းထွန်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးနယ်လ်ဆင်လှမြိုင်နှင့် တပ်ဖွဲ့ဝင်များသည် ဈေးတာဝန်ခံများနှင့်အတူ မတ် ၂၂ ရက် နံနက်ပိုင်းက ဈေးဆိုင်ခန်းများ မီးဘေးလုံခြုံရေး ဆောင်ရွက်ထားရှိမှုများကို စစ်ဆေးစဉ်။ မေစု(ပြန်/ဆက်)

# မြောက်ဥက္ကလာပမြို့နယ်၌ မီးဘေးကာကွယ်ရေး အသိပညာပေး စစ်ဆေး

ရန်ကုန် မတ် ၂၂

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ရတနာသိဂ်ီဈေးနှင့် ဆဈေးတို့တွင် မီးဘေးလုံခြုံရေး ကွင်းဆင်းအသိပညာပေး စစ်ဆေးခြင်းကို ယမန်နေ့ ညနေ ၆ နာရီတွင် တာဝန်ရှိသူများက အသိပညာပေး ကွင်းဆင်းစစ်ဆေးဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြောက်ဥက္ကလာပမြို့နယ် မီးသတ်ဦးစီးမှူးဦးစီးအရာရှိ ဦးစည်သူမျိုးဦးဆောင်သည့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ မီးငြိမ်းသတ်ယာဉ်တစ်စီး၊ ဈေးတာဝန်ခံနှင့် ဈေးလုံခြုံရေးများ၊ ဈေးကော်မတီတို့နှင့်အတူ ဈေးပိတ်ချိန် မီးသုံးစွဲမှုနှင့် လျှပ်စစ်မိန်းခလုတ်များ ပိတ်ထားမှုရှိ/မရှိ၊ ဈေးရှေ့ရှိ Hydrant ငုတ်ရေထွက်အားစစ်ဆေးခြင်းနှင့် အသေးစိတ်စစ်ဆေးအကြံပြုခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**သက်လွင်စိုး(ပြန်/ဆက်)**

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် -

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ခတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဖော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဖော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သောပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စတစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သောကိစ္စဟူသမျှသေချာစွာစစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကပ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကပ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေ့ါပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန်ရည်ရွယ်ပြီး အင်္ဂလိပ်စကားပြောပုံစံများကို လေ့လာနိုင်ရန်အတွက် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။

ကြေးမုံစာတည်းအဖွဲ့

# A Basic English Speaking Course

## Lesson 1: Greetings (တွေ့ဆုံနှုတ်ဆက်ခြင်း)




တစ်နေ့တာမှာ လူအချင်းချင်းတွေ့ဆုံတဲ့အခါ အချိန်အလိုက် သင့်လျော်တဲ့ နှုတ်ဆက်စကားများကို အသုံးပြုကြရပါတယ်။

- **နံနက်ခင်း အိပ်ရာနိုးချိန်မှ မွန်းတည့် ၁၂ နာရီအထိ — Good morning**
- **မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီအထိ — Good afternoon**
- **ညနေ ၅ နာရီမှ ည ၉ နာရီဝန်းကျင်အထိ — Good evening**

ဆိုပြီး ပြောရပါတယ်။

အောက်မှာဖော်ပြထားတဲ့ အချိန်အလိုက် တွေ့ဆုံနှုတ်ဆက်ပုံများကို လေ့လာကြည့်ပါ။

### တွေ့ဆုံနှုတ်ဆက်ခြင်း

### (1) Morning Greetings

- **Good morning!**
  - နံနက်မိုးလင်း အိပ်ရာမှ နိုးထချိန် တစ်ဦးတစ်ယောက်ကို တွေ့ဆုံတဲ့အခါ Good morning! မင်္ဂလာနံနက်ခင်းပါလို့ ပြောရပါတယ်။

  **Example:**

  A: Good morning, Aung Aung! How did you sleep?

  B: Good morning! I slept well, thank you.
- **Morning!**
  - နံနက်ခင်းပိုင်းတွေ့ဆုံတဲ့အခါ **Good morning** လို့ မပြောဘဲ အရပ်သုံးဆန်ဆန် **Morning!** လို့လည်း ပြောလို့ရပါတယ်။ သူငယ်ချင်းနဲ့ လုပ်ဖော်ကိုင်ဖက်တွေကို နှုတ်ဆက်တဲ့အခါ သင့်တော်ပါတယ်။

  **Example:** Morning, Ko Ko! How are you today?

  Morning! I'm doing great. How about you?

### (2) Afternoon Greetings

- **Good afternoon!**
  - မွန်းတည့် ၁၂ နာရီမှ ညနေ ၅ နာရီကြား တွေ့ဆုံတဲ့အခါ **Good afternoon!** မင်္ဂလာနေ့လယ်ခင်းပါလို့ ပြောနိုင်ပါတယ်။

  **Example:** A: Good afternoon, Ma Ma. How is your day going?

  B: Good afternoon! My day is going well, thank you.
- **Afternoon!**
  - **Good afternoon!** လို့ မပြောဘဲ **Afternoon!** မင်္ဂလာနေ့လယ်ခင်းပါဆိုပြီး အရပ်သုံးဆန်ဆန် ပြောနိုင်ပါတယ်။

  **Example:** A: Afternoon, Aung Aung! What's up?

  B: Afternoon! Not much, just relaxing.

### (3) Evening Greetings

- **Good evening!**
  - ညနေ ၅ နာရီမှ ည ၉ နာရီဝန်းကျင်အချိန်ကြား တွေ့ဆုံတဲ့အခါ **Good evening!** မင်္ဂလာညနေခင်းပါဆိုပြီး ပြောနိုင်ပါတယ်။ အရပ်သုံးဆန်ဆန်ပြောရင်တော့ **Evening!** လို့လည်းပြောနိုင်ပါတယ်။

ဒီနေရာမှာ မှတ်သားရမှာက ညမှောင်နေပြီဆိုပြီး Good Night! လို့ပြောလို့မရပါဘူး။ Good night! ကို ညအချိန် ခွဲခွာနှုတ်ဆက်ချိန် သို့မဟုတ် အိပ်ရာဝင်ခါနီးအချိန်မှာ အသုံးပြုပါတယ်။ အဓိပ္ပာယ်က Goodbye! နှင့် ဆင်တူပါတယ်။

**Example (1)** A: Good evening, Mr. Kyaw. How was your day?

B: Good evening! It was a busy day, but I'm glad it's over now.

**Example (2)** A: Evening, Khin Khin! How was your day?

B: Evening! It was good, thanks for asking.

### (4) Night-Time Greetings

- **Good night!**
  - တစ်နေ့တာအတွက် ခွဲခွာနှုတ်ဆက်တဲ့အခါ၊ အိပ်ရာဝင်ခါနီးနှုတ်ဆက်တဲ့အခါ **Good night!** ဆိုပြီး ပြောရပါတယ်။ **(Late evening or night, usually before going to bed)**

  **Example:** A: Good night, Mom! See you in the morning.

  B: Good night, sleep well!
- **Sleep well!**
  - အိပ်ရာဝင်ခါနီး တစ်ဦးတစ်ယောက်ကို ဆုတောင်းပေးတဲ့အနေနဲ့ Sleep well! ကောင်းမွန်စွာ အိပ်စက်နိုင်ပါစေ၊ Sweet dreams! အိပ်မက်လှလှမက်ပါစေ ဆိုပြီးပြောနိုင်ပါတယ်။

  **Example:** A: Good night, Min Min! Sleep well! Sweet dreams!

  B: Thank you! You too.




လေ့ကျင့်ခန်းများဖြေဆိုပါ။

**Exercise (A) Choose the correct greeting for each situation.**

1. It is 8:00 a.m.
   (a) Good afternoon (b) Good morning (c) Good evening
2. It is 2:00 p.m.
   (a) Good afternoon (b) Good night (c) Good morning
3. It is 7:00 p.m.
   (a) Good afternoon (b) Good evening (c) Good morning
4. You are going to bed.
   (a) Good evening (b) Good morning (c) Good night
5. You meet your teacher at 9:00 a.m.
   (a) Good morning (b) Good night (c) Good evening
6. You meet your teacher at 8:15 a.m.
   (a) Good evening (b) Good morning (c) Good night
7. It is 4:30 p.m. and you meet your friend.
   (a) Good afternoon (b) Good morning (c) Good night
8. It is 7:30 p.m. and you meet your neighbor.
   (a) Good afternoon (b) Good evening (c) Good morning
9. You are leaving your friend at 10:00 p.m.
   (a) Good morning (b) Good night (c) Good evening
10. It is 12:30 p.m. and you greet your colleague.
   (a) Good afternoon (b) Good morning (c) Good evening

**(B) Fill in the blanks with:**

**Good morning / Good afternoon / Good evening / Good night**

1. __________, teacher. How are you today?
2. __________, Mom. I am going to bed.
3. __________, everyone. Welcome to our class.
4. __________, Mr. Aung. How was your day?
5. __________, friends. Let's start the lesson.
6. __________, class. It is 9:00 a.m.
7. __________, everyone. It is 3:00 p.m.
8. __________, Mr. Kyaw. It is 6:00 p.m.
9. __________, Mom. I am going to sleep.
10. __________, teacher. It is 10:00 a.m.

**Exercise (C) Match the greetings with the correct time.**

| Greeting | Time |
|---|---|
| 1. Good morning | a. Before going to bed |
| 2. Good afternoon | b. 5:00 p.m. |
| 3. Good evening | c. 9:00 a.m. |
| 4. Good night | d. 2:00 p.m. |

**Exercise (D) Complete the Dialogue.**

1. A: __________, Ko Ko!
   B: Good morning! How are you?
2. A: Good afternoon, teacher.
   B: __________. How is your day?
3. A: Good evening, Aung Aung.
   B: __________! Nice to see you.
4. A: Good night, Mom.
   B: __________! Sleep well.
5. A: Morning, Su Su!
   B: __________! I am fine.
6. A: Good morning, Ko Ko.
   B: ________________________
7. A: Good afternoon, teacher.
   B: ________________________
8. A: Good evening, Hla Hla. How was your day?
   B: ________________________
9. A: Good night, Mom.
   B: ________________________
10. A: Morning, Aung Aung!
   B: ________________________

**Exercise (E) Write the correct greeting.**

| | |
|---|---|
| 1. Time: 8:00 a.m. | 1. ____________________ |
| 2. Time: 3:00 p.m. | 2. ____________________ |
| 3. Time: 7:00 p.m. | 3. ____________________ |
| 4. Before going to bed | 4. ____________________ |
| 5. Time: 10:00 a.m. | 5. ____________________ |

**Exercise (F) Some greetings are incorrect. Rewrite the correct greeting.**

1. It is 8:00 a.m.
   Good evening, teacher.
   ________________________________.
2. It is 2:00 p.m.
   Good morning, Ko Ko.
   ________________________________.
3. It is 7:00 p.m.
   Good afternoon, Mr. Kyaw.
   ________________________________.
4. Before going to bed
   Good evening, Mom.
   ________________________________.
5. It is 9:00 a.m.
   Good night, teacher.
   ________________________________.

**Pair Practice (Students Work in Pairs)**

**Student A and Student B practice greeting each other.**

**Example:**

**Student A:** Good morning! How are you?

**Student B:** I'm fine, thank you.

Students change the greeting:

**At 9 a.m.**

Student A: ____________________________________

Student B: ____________________________________

**At 4 p.m.**

Student A: ____________________________________

Student B: ____________________________________

**At 8 p.m.**

Student A: ____________________________________

Student B: ____________________________________

**Before going to bed**

Student A: ____________________________________

Student B: ____________________________________

(ဆက်လက်ဖော်ပြပါမည်)

**အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (The Perfect English Supplement Editorial Group) ၀၉-၄၃၁၅၇၀၇၁ ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် ဝတ္ထုတိုကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ သိပ္ပံမောင်ဝ၏ ဝတ္ထုတိုကို အလျဉ်းသင့်သလို ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

# မာနခဲ

**သိပ္ပံမောင်ဝ**

တစ်ခုသော တနင်္ဂနွေနေ့ နံနက် ၉ နာရီခန့်အချိန် ဧည့်ခန်းထဲ၌ အင်္ဂလိပ်မဂ္ဂဇင်းတစ်အုပ်ကို ဖတ်နေခိုက် မောင်လူအေးထံသို့ စာတစ်စောင်ရောက်လာသဖြင့် စာကိုဖောက်ဖတ်လိုက်ရာ အောက်ပါ အကြောင်းအရာများကို ကြားသိရလေသည်။

“ကိုလူအေး” သည်နယ်ကို ကျွန်တော် ပြောင်းလာရတဲ့အကြောင်း သတင်းစာများမှာ ဖတ်ရပြီမဟုတ်လား။ ကျွန်တော် ရွှေ့ပြောင်းလာတာ တစ်လလောက်ကြာပြီ။ ရောက်လာလို့ မကြာမီပဲ (မာနခဲ) နဲ့တွေ့ချင်လို့ သူတို့ရွာကို ထွက်လာတာပါပဲ။ ရွာကိုရောက်လို့ ဗိုလ်တဲမှာ ပစ္စည်းတွေထားပြီး (မာနခဲ)တို့အိမ်ဆီကို လမ်းလျှောက်ရင်း ထွက်လာခဲ့တယ်ဗျ။ သူတို့အိမ်ရောက်လို့ သူ့အဖေ သူကြီးကိုမေးကြည့်တော့ မကြာခင်ကပဲ ရန်ကုန်ကိုထွက်သွားတယ်လို့ ပြောလိုက်တယ်။ သူ့အကြောင်း သိချင်တာနဲ့မေးကြည့်တော့ ကျောင်းကထွက်ပြီး ဘာအလုပ်ကိုမှမလုပ်ဘဲ အိမ်မှာ အငြိမ်းစားနေသတဲ့။ သူ့အဖေကြီးကလည်း ညည်းလိုက်တာ လွန်ပါရော။ မှောင်လာတာနဲ့ ကျွန်တော်လည်း ဗိုလ်တဲကို ပြန်လာခဲ့တာပါပဲ။ နောက်တစ်နေ့ နံနက်ကျတော့ သူ့အဖေ သူကြီးမင်း လျှောက်လွှာကြီးနဲ့လာပါရော။ အကျိုးအကြောင်း မေးကြည့်တော့ သူကြီးအလုပ်ကထွက်မလို့တဲ့။ သူ့သား (မာနခဲ)က ကျွန်တော် သည်နယ်မှာ ရှိသမျှကာလပတ်လုံး သူ့အဖေ သူကြီးမလုပ်ရဘူးလို့ ပြောသတဲ့။ သူ့အဖေကြီးကတော့ မထွက်ချင်ရှာပါဘူးဗျာ။ သူ့သားကို ကြောက်တာနဲ့ ထွက်ရတာပါပဲ။

အဲဒါပဲ ကြည့်ပါတော့။ (မာနခဲ) တို့ ဘယ်လောက် မာနကြီးတယ်ဆိုတာ ကျွန်တော်တို့တက္ကသိုလ်မှာတုန်းက သူနဲ့ကျွန်တော်တို့ဟာ ပြိုင်ဘက်ဖြစ်ကြပေမယ့် ကျွန်တော်က သူ့အပေါ်မှာ နည်းနည်းမှ မေတ္တာမပျက်ပါဘူး။ သူကတော့ အခုထက်ထိ အခဲမကျေသေးဘူးဗျ။ အရင် ကျွန်တော်တို့ ကျောင်းမှာတုန်းကအတိုင်းပါပဲဗျာ။ ကျွန်တော်တို့က သူ့ကို (မာနခဲ)လို့ နာမည်ပေးထားတာနဲ့ သည်လိုဖြစ်နေသလား မပြောတတ်ဘူး။ သည်လူတော့ သေသည့်တိုင်အောင် (မာနခဲ) ဖြစ်သွားမယ် ထင်ပါရဲ့ဗျာ။ မပြောချင်တော့ပါဘူး။

**“မောင်ချိန်မောင်”**

အထက်ပါစာကိုဖတ်ပြီးလျှင် မောင်လူအေးလည်း တစ်ယောက်တည်းပြုံးကာ မိမိတို့အတူ တစ်တန်းတည်း အထက်တန်းကျောင်းတွင် ပညာသင်ကြားလာခဲ့ပုံ၊ တက္ကသိုလ်ကျောင်းသို့ပြောင်းကာ ပညာဆက်လက်သင်ကြားလာခဲ့ပုံ၊ (မာနခဲ)ဟူ၍ အမည်ရသော မောင်ချစ်ဖေ အထင်ကြီးပုံ၊ မာနတက်ပုံများကို စဉ်းစားလျက် နေလေတော့သတည်း။ စာဖတ်သူအပေါင်းတို့သည် ကျွန်တော်တို့၏ မာနခဲအကြောင်းကို သိချင်ကောင်း သိချင်ကြပေလိမ့်မည်။ သိလိုကြပါက အောက်တွင် ဆက်လက်၍ ဖတ်ကြပါကုန်။

မောင်ချစ်ဖေသည် အောက်မြန်မာပြည်ရှိ ရွာကလေးတစ်ရွာကို အုပ်ချုပ်ကာ မင်းလုပ်၍နေသော အကြွင်သူကြီးမင်း၏ ရင်သွေးတော်ဖြစ်ပေသည်။ သူကြီးမင်းကား မိမိရွာတွင် အလွန်တရာမှပင် အာဏာတော် စူးရှပေ၏။ သူကြီးမင်းအား မကြောက်သောသူဟူ၍မရှိ။ ကြောက်ရသူချည်းပင်။ မကြောက်သောသူအား မိမိအိမ်တွင် ၂၄ နာရီ ချုပ်ထားပေလိမ့်မည်။ မြို့အုပ်၊ ဝန်ထောက်တို့ကား စစ်ဆေးပြီးမှ ထောင်ချနိုင်၏။ သူကြီးမင်းကား မစစ်ဆေးဘဲ အပြစ်ပေးလေ့ရှိသည်။ မိမိနှင့် မသင့်သူအား ချက်ချင်းချုပ်ထားနိုင်၏။ ဥပဒေရှိသောကြောင့် မဟုတ်ပါ။ တရားသောကြောင့် မဟုတ်ပါ။ မသင့်သောကြောင့်ဖြစ်ပါသည်။ နောင်အရေးအကြောင်းရှိလျှင် သူကြီးမင်းဘက်မှ သက်သေထွက်မည့်သူတွေ အနန္တ။ မူးနေသောကြောင့် ချုပ်ထားသည်၊ အာဏာကို ဖီဆန်သောကြောင့် ချုပ်ထားသည်ဟူ၍ ဖြေလိုက်လျှင် ပြီးလေတော့၏။ မတရားအချုပ်ခံရသူကား အဘယ်မှာလျှင် အခဲကျေနိုင်ပါအံ့နည်း။ သို့သော် ကျိတ်၍ခံရရှာ၏။ သြော်...သူကြီးမင်း၊ သူကြီးမင်း။ တန်ခိုးတော်ပြင်းထန်ကြီးမားလှပါပေ၏တကား။

ကျားကိုကြောက်လျှင် ကျား၏မစင်ကိုလည်း ကြောက်ရမည်ပင်။ သူကြီးကိုကြောက်လျှင် သူကြီး၏သား၊ သူကြီး၏သမီး၊ သူကြီး၏ ဆွေမျိုးများကိုလည်း ကြောက်ရမည်ပင်။ ဤသို့ သူကြီးမင်း၏ ဘုန်းတော်ရိပ်တွင် မွေးဖွားလာရသော သူကြီး၏သား မောင်ချစ်ဖေ၌ အဘယ်မှာလျှင် နှိမ့်ချခြင်းတရားရှိပါအံ့နည်း။ အဘယ်မှာလျှင် ပျော့ပျောင်းသောစိတ်ထား ရှိပါအံ့နည်း။ အဘယ်မှာလျှင် နူးညံ့သော သဘောထားရှိပါအံ့နည်း။

သူကြီးသား မောင်ချစ်ဖေ လူမှန်းသိတတ်သည့်အရွယ်ကပင် မိမိရွာတွင်မြင်သမျှသော ရွာသူရွာသားတို့မှာ မိမိတို့၏ကျွန်၊ မိမိတို့၏ သပေါက်တွေတကားဟု အယူသီးလျက်နေ၏။ တစ်ရွာမှတစ်ရွာသို့ သွားလိုလျှင် လှည်းကိုမစီး၊ မြင်းကိုမစီး၊ လူကိုစီး၍သွားရမှ မောင်ချစ်ဖေမှာ ကျေနပ်လေတော့သည်။ ရွာပေါ်ရှိ ကလေးများနှင့် ကစားသောအခါများတွင်လည်း မိမိကအနိုင်ရမှ ကျေနပ်လေတော့သည်။ မိမိပြောသမျှ

> **❛ မောင်ချစ်ဖေ အတော်ကလေးကြီးပြင်းလာသောအခါ မိမိနေထိုင်ရာ ရွာနှင့်မနီးမဝေး မြို့တစ်မြို့ရှိ အင်္ဂလိပ်ကျောင်းတစ်ကျောင်းသို့ ရောက်၍သွားလေသည်။ မိမိငယ်ငယ်က ပျိုးထောင်၍လာသော မာနပင်ကလေးမှာလည်း အကိုင်းအခက်တွေဝေဆာ၍နေလေပြီ။ အင်္ဂလိပ်ကျောင်းရှိ ကျောင်းသားများအနက် မိမိနှင့် အဖက်တန်သည့်သူ တစ်ယောက်မျှမရှိဟု အထင်ရောက်ကာနေ၏။ မည်သူနှင့်မျှလည်း စကားမပြော၊ မည်သူအားမျှလည်း အမှုမထား။ အခြားကျောင်းသားများမှာ ဆင်းရဲသားတွေသာ၊ မိမိသာလျှင် သူကြီးမျိုး၊ မင်းမျိုးဖြစ်လေသည်။ သြော်... သူကြီးသား၊ သူကြီးသား ❜**

ကိုလိုက်နာမှ ကျေနပ်လေတော့သည်။ မိမိကရှုံးနေ၊ ညံ့နေစေကာမူ သူတစ်ပါးတွေက အညံ့ပေးရ၊ အရှုံးပေးကြရလေသည်။ မည်သူမျှ သူကြီးသားအပေါ်တွင် အနိုင်မယူဝံ့၊ မည်သူမျှ သူကြီးသားအား ပမာမခန့်မလုပ်ဝံ့။ သူကြီးသားနှင့် မကစားချင်ကြ။ သို့သော် မကစားဘဲလည်း မနေဝံ့။ သူကြီးသား ချစ်ဖေက လာကြဟေ့ဟုဆိုလိုက်လျှင် အားလုံးရောက်လာကြရကုန်၏။ သူကြီးသားက သွားကြဟေ့ဟုဆိုလျှင် တစ်ယောက်မကျန် အားလုံးသွားကြရကုန်၏။ ကလေးများသည် မောင်ချစ်ဖေအား ရွံ့ရှာကြ၏။ စက်ဆုပ်ကြ၏။ မုန်းတီးကြ၏။ သို့သော် မည်သို့မျှ မတတ်နိုင်။ သူကြီးမင်း၏ တန်ခိုးတော်ကြောင့် မောင်ချစ်ဖေ အာဏာတော် လွှမ်းမိုးခြင်းကို ခံနေကြရှာလေပြီ။ ဤအခါမှအစပြု၍ မောင်ချစ်ဖေ၏သန္တာန်တွင် “ငါနှင့်ငါသာ၊ နှိုင်းစရာ” ဟူသော သစ်ပင်ကလေးကို ပျိုးထောင်စပြုလေ၏။ “ငါလိုလူ ဇမ္ဗူတွင် မရှိ” ဟူသော မာနမြစ်ကလေး တွယ်စပြုလေတော့၏။

မောင်ချစ်ဖေ အတော်ကလေးကြီးပြင်းလာသောအခါ မိမိနေထိုင်ရာရွာနှင့် မနီးမဝေးမြို့တစ်မြို့ရှိ အင်္ဂလိပ်ကျောင်းတစ်ကျောင်းသို့ ရောက်၍သွားလေသည်။ မိမိငယ်ငယ်က ပျိုးထောင်၍လာသော မာနပင်ကလေးမှာလည်း အကိုင်းအခက်တွေဝေဆာ၍နေလေပြီ။ အင်္ဂလိပ်ကျောင်းရှိ ကျောင်းသားများအနက် မိမိနှင့် အဖက်တန်သည့်သူ တစ်ယောက်မျှမရှိဟု အထင်ရောက်ကာနေ၏။ မည်သူနှင့်မျှလည်း စကားမပြော၊ မည်သူအားမျှလည်း အမှုမထား။ အခြားကျောင်းသားများမှာ ဆင်းရဲသားတွေသာ၊ မိမိသာလျှင် သူကြီးမျိုး၊ မင်းမျိုး ဖြစ်လေသည်။ (သြော်... သူကြီးသား၊ သူကြီးသား)

တစ်တန်းလုံးက မောင်ချစ်ဖေအား ရွံ့စပြု၏။ တစ်ကျောင်းလုံးက မုန်းစပြု၏။ တစ်နေ့သော် မောင်ချိန်မောင်နှင့် စကားများကြလေတော့သည်။ ထိုစကားစစ်ပွဲတွင် မောင်ချစ်ဖေ ပြောပုံဆိုပုံကို နားထောင်စမ်းပါဦး။ တော်တော်ရယ်စရာကောင်းလေသည်။

**မောင်ချစ်ဖေ ။** ။ ဟေ့... မင်း ငါ့ကို ဘာထင်သလဲ။

**မောင်ချိန်မောင် ။** ။ ဘာထင်ရမှာတုံးကွ။

**ဖေ ။** ။ **ငါ သူကြီးသားဆိုတာ မသိဘူးလား။**

**မောင် ။** ။ မင်းသူကြီးသားကောငါကဘာလုပ်ရမှာတုံး။ ဘယ်မှာ အသုံးချရမှာလဲ။

**ဖေ ။** ။ ဟေ့... ဒီအကောင် တော်တော်စွာတဲ့အကောင်ပါကလား၊ သူကြီးသားပေမယ့် ရိုးရိုးသူကြီးသား မဟုတ်ဘူးကွ။ အထူးအာဏာရသူကြီးသားသိရဲ့လား။

**မောင် ။** ။ အောင်မာ၊ မင်း အထူးအာဏာရသူကြီးသားဆိုရင် ရွာကိုပြန်ပြီး နွားသွားကျောင်းပါလား။

**ဖေ ။** ။ မင်းနော်... မင်း၊ မင်း...၊ ငါ ဘယ်လိုလူဆိုတာကို ပြလိုက်စမ်းချင်သကွာ။ ငါတို့ရွာလာကြည့်စမ်း... သတ္တိရှိရင်။

**မောင် ။** ။ လာရင် မင်းက ဘာလုပ်မလို့တုံး ပြောစမ်း။

**ဖေ ။** ။ လာရင် တို့အဖေ သူကြီးမင်းကို ထောင်အချခိုင်းမှာပေါ့။

**မောင် ။** ။ အလို တယ်သတ္တိကောင်းပါကလား။ တော်တော့ သူကြီးသားဟေ့၊ တို့ကတော့ နေရာမရွေးဘူး။ ဟောဒီ လက်သီးတစ်လုံးကို မြည်းလိုက်စမ်း။

ဤသို့ဆိုကာ မောင်ချစ်ဖေအား လက်သီးဖြင့် တစ်ချက်ထိုးလိုက်၏။ ကြည့်နေသောကျောင်းသားများလည်း ဝါးခနဲရယ်ကြလေသည်။ မောင်ချစ်ဖေကား အိမ်ကျယ်၊ ရွာကျယ်မျှသာဖြစ်သောကြောင့် ပြန်၍ မထိုးဝံ့။ ငုံ့၍သာခံနေရရှာ၏။ မိမိငယ်ငယ်ကပျိုးထောင်၍ ကြီးပွားလာသော မာနပင်ကလေး၏အကိုင်းတစ်ကိုင်းကို မောင်ချိန်မောင် ချိုးဖဲ့လိုက်လေပြီ။ သို့သော် အခြားအကိုင်းများကား ကျန်ပေသေး၏။

သို့နှင့် ပညာဆက်လက်သင်ကြားလာခဲ့ကြရာ မောင်လူအေး၊ မောင်ချိန်မောင်နှင့်တကွ မောင်ချစ်ဖေပါ ဆယ်တန်းစာမေးပွဲကို တစ်နှစ်တည်း အောင်မြင်ကြကုန်၏။ တစ်နှစ်တည်းပင် တက္ကသိုလ်ကျောင်းတိုက်သို့ရောက်၍ လာကြလေသည်။ မောင်ချစ်ဖေတွင် “ငါသူကြီးသား” ဟူသော စိတ်မိုက်ကလေးသည် လုံးလုံးမပျောက်သေး။ မြို့အုပ်သား၊ အရေးပိုင်သားများသာလျှင် မိမိနှင့်တန်းတူဟူ၍ ထင်မှတ်၍ အခြားကျောင်းသားတို့က ဂုဏ်အားဖြင့် မိမိထက်နိမ့်သူချည်းဖြစ်သည်ဟူ၍ အယူရှိလေသည်။ သာကီဝင်မင်းများကဲ့သို့ ဇာတ်အပေါ်တွင်သာ ဂုဏ်ယူနေသည်မဟုတ်။ မိမိ၏ အရည်အချင်းအပေါ်တွင်လည်း ဂုဏ်ယူလျက်နေလေသည်။ တက္ကသိုလ်ကျောင်းတိုက်တစ်တိုက်လုံးတွင် မိမိ၏ ဉာဏ်အရောင်လောက် ထွန်းပြောင်တောက်ပသောဉာဏ်ရှိသူ တစ်ယောက်မျှမရှိဟူ၍ အထင်ရောက်ကာ သွေးအမြောက်ကြီး မြောက်လျက်နေလေသတည်း။

တိုတိုပြောကြပါစို့။ မောင်ချစ်ဖေ တက္ကသိုလ်သို့ရောက်ပြီး လေးနှစ်ကြာလျှင် ဝိဇ္ဇာအထက်တန်းသို့ရောက်၍ သွားတော့၏။ မောင်လူအေးနှင့် မောင်ချိန်မောင်တို့လည်း ၎င်းနည်းတူပင်။ မောင်ချစ်ဖေကား လားလားမျှမနှစ်သက်ပေ။ မောင်ချိန်မောင်သည် မောင်ချစ်ဖေ၏ စိတ်ကို အမြဲပင်အနှောင့်အယှက်ပေးလျက်နေလေသည်။ မိမိအား ရန်စသောကြောင့် မဟုတ်ပါ။ မိမိအားအရေးမလုပ်သောကြောင့် မဟုတ်ပါ။ မိမိထက် ပညာအရာတွင်သာသောကြောင့် ဖြစ်ပါသည်။ မောင်ချိန်မောင်အား ဆရာများက ချီးမွမ်းတိုင်း မောင်ချစ်ဖေ အနေရခက်၏။ ကျောင်းသားများက မောင်ချိန်မောင်အား ချီးမွမ်းတိုင်း မောင်ချစ်ဖေမှာ အခံရဆိုး၏။

သို့သော် မည်သို့မျှ မတတ်နိုင်နေသေးသပ။ ထိုသူတို့ကား မိမိအား အဘယ်ကြောင့် မချီးမွမ်းကြပါသနည်း။ မိမိသည် မောင်ချိန်မောင်ထက် ဧကန်သာ၏။ သို့သော် အဘယ်ကြောင့် မိမိအား မချီးမွမ်းကြဘဲ မောင်ချိန်မောင်ကိုသာ ချီးမွမ်းကြလေသနည်း။ စာမေးပွဲကျလျှင် ကျောင်းသားအပေါင်းတို့နှင့်တကွ တိုင်းပြည်ကြီးပါမကျန် မည်သူကသာသည်ကို သိရစေမည်။ နေနှင့်ကြဦး၊ ချိုသွေးလျက်နေလေပြီ။ နေ့ရောညပါ စာကိုကြိုးစားလျက်နေတော့၏။

သို့နှင့် စာမေးပွဲကျင်းပသောနေ့သို့ ရောက်၍ လာတော့သတည်း။ ထို့နောက် စာမေးပွဲပြီးဆုံးသောနေ့သို့လည်း ရောက်ပြန်၏။ စာမေးပွဲပြီးသောအခါ မောင်ချစ်ဖေ၏ ဝမ်းမြောက်ခြင်းကား ဆိုဖွယ်မရှိတော့ပြီ။ သည်တစ်ခါ မောင်ချိန်မောင်အား အသာရတော့မည်။ မိမိသည် မောင်ချိန်မောင်ထက် ပိုမို၍ဖြေဆိုနိုင်လေသည်။ ဘယ်နည်းနှင့်မဆို မောင်ချိန်မောင်သည် မိမိထက်မသာနိုင်။ အို... ကျောင်းသားအပေါင်းတို့ ရှုကြကုန်လော့။ မောင်ချိန်မောင်အား ချီးမွမ်းနိုင်ကြသေးပါစ။ ဤသို့သော အတွေးမျိုးနှင့်ပင် မောင်ချစ်ဖေမှာ စည်းစိမ်တိုးလျက်နေတော့သတည်း။

မကြာမီ စာမေးပွဲအောင်စာရင်းများ ထွက်ပေါ်၍လာကြကုန်၏။ မောင်ချစ်ဖေ ၎င်းအောင်စာရင်းများကိုဖတ်ပြီးလျှင် မည်သို့ ဖြစ်သွားသည်မသိ။ ကြက်သေသေနေလေပြီ။ အဘယ်ကြောင့်ပါနည်း။ အောင်စာရင်းတွင် မိမိနာမည်ပါမလာသောကြောင့်ဖြစ်ပါသည်။ မောင်ချိန်မောင်အမည်ကား ထိပ်ဆုံးမှပါ၍လာလေပြီ။ မိမိ၏ မာနပင်ကလေး၏ အကိုင်းတစ်ကိုင်းကျိုးပြန်ပြီ။ သို့သော် ပင်စည်နှင့် ရေသောက်မြစ်ကား ကျန်ပေသေး၏။ မောင်ချိန်မောင် စာမေးပွဲအောင်သည်မှာ စာဖတ်၍မဟုတ်။ ကံကောင်း၍သာဖြစ်သည်။ မိမိမအောင်သည်မှာ ညံ့၍မဟုတ်။ ကံမကောင်းသောကြောင့်သာဖြစ်သည်။ ဤသို့သော မြေသြဇာမျိုးဖြင့် မိမိ၏မာနပင်ကို ပြုစုပြန်၏။ သို့သော် တက္ကသိုလ်ကျောင်းသို့ကား ပြန်၍မလာတော့ပြီ။

**၁၉၃၄ ခုနှစ်၊ စက်တင်ဘာ၊ ဒဂုန်မဂ္ဂဇင်း။**

# ဉာဏ်ရည်တုနည်းပညာ သို့မဟုတ် အေအိုင် ဖွံ့ဖြိုးတိုးတက်လာခြင်း(၈)



**❑ နီဇော်သစ်**

အေအိုင် ဖွံ့ဖြိုးတိုးတက်လာမှုအကြောင်း ဆွေးနွေးလာခဲ့သည်မှာ တော်တော်လေး ခရီးရောက်လာပြီဖြစ်၍ ယခုတစ်ပတ်တွင် လက်ရှိအေအိုင် ဖွံ့ဖြိုးတိုးတက်မှုနောက်ကွယ်မှ ထူးခြားသည့် နိယာမတစ်ခုအကြောင်းကို ဆွေးနွေးလိုပါသည်။ Scaling Laws ဟု နာမည်ပေးထားသည့် နိယာမဖြစ်သည်။

ဉာဏ်ရည်တုနည်းပညာ၏ အစောပိုင်းကာလများတွင် တိုးတက်မှုဆိုသည်မှာ များသောအားဖြင့် ကြိုတင်ခန့်မှန်းနိုင်စရာမရှိဟု သုတေသီများ ခံစားခဲ့ကြရသည်။ သုတေသီတို့က မိုဒယ်အသစ်တစ်ခုကို ဒီဇိုင်းဆွဲသည်။ လေ့ကျင့်သည်။ တိုးတက်လာရန် မျှော်လင့်သည်။ တစ်ခါတစ်ရံ အလုပ်ဖြစ်သည်။ တစ်ခါတစ်ရံ အလုပ်မဖြစ်။ ရှင်းလင်းသည့် စည်းမျဉ်းသတ်မှတ်ချက်ဟူ၍မရှိ။ ထိုးထွင်းသိမြင်မှု၊ လက်တွေ့လေ့လာစမ်းသပ်မှုနှင့် ကံကောင်းမှုအတိုင်းအတာတစ်ခုတို့ ပေါင်းစည်းထားခြင်းမျှသာ။

ထိုအဖြစ်တို့သည် ၂၀၁၀ ပြည့်လွန်နှစ်နှောင်းပိုင်းကာလများတွင် စတင်ပြောင်းလဲသွားသည်။ ထရန်စဖော်မာအခြေပြု မိုဒယ်များကိုလေ့လာနေကြသည့် သုတေသီတို့သည် ထူးခြားသည့်တစ်စုံတစ်ရာကို သတိပြုမိခဲ့ကြ၏။ သူတို့ မိုဒယ်များ၏ ပမာဏကို ကြီးအောင်လုပ်လိုက်လျှင် စွမ်းဆောင်ရည်သည် ကြုံရာကျပန်း ပရမ်းပတာ တိုးတက်သွားခြင်းမျိုးမဟုတ်၊ ချောချောမွေ့မွေ့ဖြင့် ကြိုတင်ခန့်မှန်းနိုင်သည့် လမ်းကြောင်းအတိုင်း တိုးတက်လာသည်ဆိုသည့်အချက်ဖြစ်သည်။

မိုဒယ်များ၏ ပမာဏကို ကြီးအောင်လုပ်ခြင်းဆိုသည်တွင် အဓိကအချက် သုံးချက် ပါဝင်သည်။ မိုဒယ်၏ အရွယ်အစား။ ယင်းမှာ တိုင်းတာမှု ပါရာမီတာ ဘယ်လောက်ထည့်ထားလဲဆိုသည်ကို ဆိုလိုသည်။ ပါရာမီတာ များများထည့်သွင်းပေးလေလေ မိုဒယ်ပိုကြီးလာလေလေဖြစ်သည်။ နောက်တစ်ခုမှာ လေ့ကျင့်ပေးသည့် အချက်အလက်ပမာဏ။ ထည့်သွင်းပေးသည့် အချက်အလက်များ ပိုများလေလေ (သန့်စင်ပြီး အချက်အလက်များဟု ဆိုလျှင် ပိုမှန်မည်) မိုဒယ်မှာ ပိုအစွမ်းထက်လေလေဖြစ်မည်မှာ ပင်ကိုသိစိတ်ဖြင့်ပင် နားလည်နိုင်သည့်ကိစ္စဖြစ်သည်။ နောက်ဆုံးတစ်ချက်မှာ အသုံးပြုသည့် ကွန်ပျူတာတို့၏ တွက်ချက်နိုင်စွမ်း။ တွက်ချက်နိုင်စွမ်းမြင့်လေလေ မိုဒယ်၏စွမ်းအားပိုကောင်းလေလေဖြစ်သည်။

ထိုအချက်သုံးချက်လုံးကို ကြည့်လိုက်လျှင် ထိုအချက်များ ပိုကောင်းလာခြင်းကြောင့် မိုဒယ်ပိုပြီး အစွမ်းထက်လာသည်မှာ အံ့သြစရာမရှိ။ သို့သော် အံ့သြစရာရှိသည်မှာ တိုးတက်မှုနှုန်းဖြစ်သည်။ တိုးတက်မှုသည် ပရမ်းပတာဖြစ်မနေ အဆင်အကွက်တစ်ခုအတိုင်းရှိနေသည်။ ဆိုလိုသည်မှာ ပါရာမီတာ ဘယ်လောက်ထည့်လိုက်လျှင် ဘယ်လောက်တိုးတက်မည်၊ အချက်အလက် ဘယ်လောက်များများ ထပ်ဖြည့်လျှင် ဘယ်လောက်တိုးတက်မည်၊ တွက်ချက်မှုစွမ်းရည် ဘယ်လောက်တိုးလိုက်လျှင် ဘယ်လောက်တိုးတက်မည်ဆိုသည်ကို ကြိုတင်တွက်ချက်နိုင်ခြင်းဖြစ်သည်။

ယင်းကို Scaling Laws ဟု ခေါ်ခြင်းဖြစ်သည်။ ထိုသို့ နိယာမကို တွေ့ရခြင်းမှာလည်း နိယာမတစ်ခုကိုတွေ့အောင် ရှာခဲ့ကြ၍ဖြစ်သည်။ OpenAI လိုလုပ်ငန်းများမှ သုတေသီတို့သည် ဉာဏ်ရည်တုတိုးတက်မှုနှင့်ပတ်သက်၍ နိယာမတစ်ခုခု ရှိနေမလားဆိုသည်ကို အမှန်တကယ် ရှာဖွေခဲ့ကြသည်။ သူတို့ တကယ်တမ်းတွေ့ရှိခဲ့သည်ကတော့ အေအိုင်၏ အမှားလုပ်နှုန်းတွင်ဖြစ်နေသည်။ သူတို့က အေအိုင်မိုဒယ်တစ်ခု အမှားဘယ်လောက်လုပ်လဲဆိုသည်ကို ဇယားပေါ်တွင် ချရေးသည်။ အထက်ဖော်ပြပါနည်းသုံးနည်းဖြင့် တိုးတက်အောင်လုပ်ပြီး ထပ်တိုင်းသည်။ ထိုသို့ ထပ်ကာထပ်ကာလုပ်ပြီးနောက် အမှားများသည် ကြုံရာကျပန်းဖြစ်မနေ သင်္ချာအဆင်အကွက် ပုံစံတစ်ခုဆောင်နေသည်ကို အံ့သြဖွယ်တွေ့ခဲ့ကြခြင်းဖြစ်သည်။

လက်တွေ့ ကမ္ဘာတွင် အရာရာတိုင်းသည် ကြီးထွားလာတိုင်း၊ ဆိုပါစို့ စကေးမြင့်လာတိုင်း ပိုမိုရှုပ်ထွေးလာလေ့ရှိသည်။ မျှော်လင့်မထားသောအပိတ်အဆို့ အကျပ်အတည်းနှင့် ရင်ဆိုင်ရတတ်သည်။ စွမ်းဆောင်ရည်တိုးတက်မှု တန်းသွားခြင်းမျိုး ကြုံရသည်။ အဆင့်မြှင့်လိုက်သည့်တိုင် စွမ်းဆောင်ရည်တက်မလာခြင်းမျိုးကို ဆိုလိုသည်။ ထိုက်တန်သော အကျိုးအမြတ်မရဘဲ ကုန်ကျစရိတ်ပေါက်ကွဲသွားတတ်သည်။

သို့သော် အေအိုင်ဖွံ့ဖြိုးတိုးတက်မှုတွင်မူ ထိုသဘောနှင့် ဆန့်ကျင်ဘက် မြင်တွေ့နေရသည်။ ဖြည်းဖြည်းမှန်မှန်၊ ကြိုတင်ခန့်မှန်း၍ ရနိုင်အောင် ရှေ့ကဇယားများနှင့်အညီ တိုးတက်သည်။ ထို့ကြောင့်လည်း သုတေသီတို့က အေအိုင် ဖွံ့ဖြိုးတိုးတက်မှုနောက်ကွယ်မှ နိယာမဟု ခေါ်ကြခြင်းဖြစ်သည်။ အကျိုးရလဒ်လည်း ကြီးမားသည်။ သုတေသီတို့အနေဖြင့် တိုးတက်မှုကို ခန့်မှန်းနေစရာမလိုတော့။ မည်သည့်အပိုင်းကို မည်မျှမြှင့်ပေးလိုက်လျှင် တိုးတက်မှု ဘယ်လောက်ရှိမလဲဆိုသည်ကို မိုဒယ်အား လေ့ကျင့်မပေးခင်ကတည်းက ကြိုတင်ခန့်မှန်းထားနိုင်ပြီဖြစ်သည်။

မည်သည့်အရာမဆို အကောင်းချည်းသက်သက်တော့မဟုတ်ပါ။ အယူရှိလျှင် အပေးရှိရသည်။ အေအိုင်ဖွံ့ဖြိုးတိုးတက်မှုနောက်ကွယ်မှ နိယာမတွင် ပေးဆပ်ရသည်မှာ ကုန်ကျစရိတ်။ Scaling Laws ကို အသုံးချလိုလျှင် ကုန်ကျစရိတ် များများခံနိုင်ရမည်။ ပမာဏကြီးကြီးထည့်သွင်းသည့်တိုင် တိုးတက်မှုနည်းနည်းပဲရသည်။ ဆိုလိုသည်မှာ အစပိုင်းတွင် တိုးတက်မှုများသော်လည်း နောက်ပိုင်းတွင် နည်းသွားသည်။ ထို့ကြောင့် စရိတ်ချွေတာရသည့် လုပ်ငန်းငယ်များသည် Scaling Laws ကို အသုံးမချနိုင်။ အခြားသော စရိတ်သက်သာသည့် မိုဒယ်များဖြင့်သာ တစ်နည်းတစ်လမ်း ရှာကြံကြရသည်။ ရှေ့ကအတိုင်း ဒီဇိုင်းဆွဲ၊ လက်တွေ့စမ်း၊ ကံကောင်းဖို့မျှော်လင့် ပုံစံမျိုးကို ဆက်သုံးရသည်။

ယင်းမှာ စီးပွားရေးနှင့်ပတ်သက်ပြီး အခက်ကြုံရသည့်အပိုင်း။ အတွေးအခေါ်ပိုင်းတွင် ပိုမိုနက်ရှိုင်းသော မေးခွန်းတစ်ခုပေါ်လာသည်။ ဆင်ခြင်တုံတရား၊ သဘောပေါက်နားလည်မှု၊ တီထွင်ဖန်တီးနိုင်စွမ်းတို့နှင့် ဖွဲ့စည်းထားသော ဉာဏ်ရည်တုသည် ဘာကြောင့် ရိုးရှင်းသောသင်္ချာဆိုင်ရာ အဆင်အကွက်အတိုင်း လိုက်နာကျင့်ကြံရပါသနည်း။ သို့ဆိုလျှင် ကျွန်တော်တို့၏ ဉာဏ်ရည်သည်လည်း ကြီးမားသောပမာဏရှိသည့် အဆင်အကွက်များကို သဘာဝအတိုင်း လေ့ကျင့်သင်ယူရင်း ဖြစ်တည်လာခဲ့ပါသလား။ အချို့သောသုတေသီတို့က ထိုအတိုင်းဖြစ်မည်ဟု အဆိုပြုကြသည်။ သို့သော် အချို့သုတေသီတို့ကတော့ ကျွန်တော်တို့၏ သိမြင်နားလည်မှု မပြည့်စုံသေး၍ဖြစ်မည်ဟု အဆိုပြုသည်။ ယခုမြင်နေရသည်မှာ ရှုခင်းကြီးတစ်ခုလုံး၏ တစ်စိတ်တစ်ပိုင်းသာဟု သူတို့က ဆိုကြသည်။ တစ်ချိန်ချိန်တွင် ရှုခင်းကို ပိုမိုမြင်လာရလျှင် လက်ရှိသဘောတရားအပေါ် လွှမ်းမိုးသွားမည့် သဘောတရားတို့ ထပ်မံပေါ်ထွက်လာမည်ဟု ငြင်းချက်ထုတ်သည်။

မည်သို့ပင်ဆိုစေ လက်ရှိအချိန်၌ Scaling Laws ကို သုံးနိုင်သူက အေအိုင်လောကတွင် စိုးမိုးမှုတစ်ခု ရယူထားနိုင်သည်။ Scaling Laws က ပင်လျှင် ယနေ့ခေတ်၏ အေအိုင်လောကကို စိုးမိုးထားသည်။ ဘာသာစကား မိုဒယ်ဖြစ်ဖြစ်၊ ရုပ်ပုံထုတ်လုပ်သည့် မိုဒယ်ဖြစ်ဖြစ်၊ ဗီဒီယိုထုတ်လုပ်သည့် မိုဒယ်ဖြစ်ဖြစ် Scaling Laws ၏ သက်ရောက်မှုကိုခံရသည်။ မိုဒယ်ကို ပမာဏကြီးအောင်လုပ်နိုင်လေလေ စွမ်းဆောင်ရည် ပိုကောင်းလေလေသာဖြစ်မည်။ ဤနေရာတွင် မိုဒယ်ကြီးများ၏ မျှော်လင့်မထားသည့် စွမ်းဆောင်ရည်အသစ်များ ရလာနိုင်စွမ်းကိုပါ ထည့်ပြီး မျှော်လင့်ထားနိုင်သေးသည်။ ယင်းမှာ လေ့ကျင့်စဉ်မသိရဘဲ လူအများလက်ထဲရောက်ပြီးမှ သိနိုင်သည့်ကိစ္စမျိုးဖြစ်သည်။ ယခုလောက်ဆိုလျှင် အေအိုင်တို့၏နောက်ကွယ်မှ နိယာမအကြောင်းကို ရိပ်ဖမ်းသံဖမ်းသိလောက်မည်ဟု ထင်ပါသည်။

# အသိဉာဏ်မြင့် သက်ရှိဖြစ်တည်နိုင်သော ပြင်ပဂြိုဟ် ၄၅ လုံး တွေ့ရှိ

ဂြိုဟ်သားများ ရှိသလားဆိုသည်မှာ သိပ္ပံလောက၏ သက်တမ်းအရင့်ဆုံး မေးခွန်းများထဲမှ တစ်ခုဖြစ်သည်။ ထိုမေးခွန်းအတွက် ပြင်ပဂြိုဟ်ဟုခေါ်သော နေမိသားစု အပြင်ဘက်၊ သက်ရှိဖြစ်တည်နိုင်သော ဇုန်အတွင်းရှိ ဂြိုဟ်များကို လေ့လာလျက်ရှိရာ ယခု ကော်နဲလ်တက္ကသိုလ် ကားလ်ဆေဂန် အင်စတီကျူမှ သိပ္ပံပညာရှင်များက ကမ္ဘာနှင့်တူသော ပြင်ပဂြိုဟ် ၄၅ လုံးကိုတွေ့ရှိပြီး လေးလုံးမှာ အလင်းနှစ် ၄၀ ဝန်းကျင်အတွင်းရှိသည်ဟု ထုတ်ပြန်လိုက်သောကြောင့် စိတ်ဝင်စားစရာ ကောင်းလာခဲ့သည်။

လက်ရှိအချိန်ထိ သိထားပြီးသော ပြင်ပဂြိုဟ် ၆၀၀၀ ဝန်းကျင်




ခန့်ရှိရာ ယခုလေ့လာမှုအသစ်မှာ ထိုဂြိုဟ်များထဲမှ နေမိသားစုနှင့်လည်းနီး၊ သက်ရှိဖြစ်တည်နိုင်သော ဇုန်အတွင်းတည်ရှိသည့် ဂြိုဟ် ၄၅ လုံးကို အထူးပြုလေ့လာခဲ့ခြင်းဖြစ်သည်။ ထိုဂြိုဟ်များထဲတွင် နေမိသားစုမှ အလင်းနှစ် ၄၀ သာကွာဝေးသော ကြယ်နီပု ထရာပစ်-၁ ကိုပတ်နေသည့် ဒီ၊ အီး၊ အက်ဖ်၊ ဂျီ ဟုအမည်ပေးထားသော ဂြိုဟ်လေးလုံးမှာ စိတ်ဝင်စားစရာအကောင်းဆုံးဖြစ်သည်။

ယခု စာတမ်းကို ဦးဆောင်ရေးသားသူ ပါမောက္ခ လီဆာ ကယ်လ်တန်နက်ဂါက “သက်ရှိဆိုတာ ကျွန်မတို့ လက်ရှိစိတ်ကူးထားတာထက် ပိုပြီး ဘက်စုံဖြစ်တည်နိုင်ခြေများပါတယ်။ ဒါကြောင့် သိပြီးသား ပြင်ပဂြိုဟ် ၆၀၀၀ ထဲကနေ ဘယ်ဂြိုဟ်ပေါ်မှာ သက်ရှိရှိနိုင်မလဲဆိုတာကို သက်သေပြဖို့ ဖြစ်နိုင်ခြေများပါတယ်။ ကျွန်မတို့ရဲ့ စာတမ်းက ဘယ်နေရာကိုသွားပြီး သက်ရှိကို ရှာသင့်လဲဆိုတာကို ပြသပေးမှာပါ”ဟု ဆိုသည်။

သို့သော် လက်ရှိနည်းပညာဖြင့် ထရာပစ်-၁ ကြယ်မိသားစုသို့ သွားလျှင် နှစ်ပေါင်း ရှစ်သိန်းမျှ ကြာနိုင်ကြောင်း နာဆာက တွက်ချက်ပြထားသည်။

**Ref: Daily Mail**

# နိုင်ငံတော်သြဝါဒါစရိယဆရာတော် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ သဒ္ဓမ္မပါလပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တဝေပုလ္လ(အဂ္ဂမဟာပဏ္ဍိတ)ဘဝနတ်ထံ ပျံလွန်တော်မူ

နေပြည်တော် မတ် ၂၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ အမှတ်(၃)ရပ်ကွက် သဒ္ဓမ္မပါလပရိယတ္တိစာသင်တိုက် ဦးစီးပဓာနနာယက နိုင်ငံတော်သြဝါဒါစရိယဆရာတော် ဘဒ္ဒန္တဝေပုလ္လ(အဂ္ဂမဟာပဏ္ဍိတ)သက်တော် ၈၃ နှစ်၊ သိက္ခာတော် ၅၈ ဝါရှိ မဟာထေရ်မြတ်ကြီးသည် ၁၃၈၇ ခုနှစ် တန်ခူးလဆန်း ၅ ရက် (၂၂-၃-၂၀၂၆) တနင်္ဂနွေနေ့ နံနက် ၂ နာရီ ၃၅ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

သတင်းစဉ်

## နိုင်ငံတော်သြဝါဒါစရိယဆရာတော် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ အမှတ်(၃) ရပ်ကွက် သဒ္ဓမ္မပါလပရိယတ္တိစာသင်တိုက်ဦးစီးပဓာနနာယက ဘဒ္ဒန္တဝေပုလ္လ(အဂ္ဂမဟာပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း

### ဖွားမြင်တော်မူခြင်း

ဆရာတော်လောင်းလျာသည် မကွေးတိုင်းဒေသကြီး မြိုင်မြို့နယ် ပန်းစွာကျေးရွာ ခမည်းတော် ဦးချစ်ဖွယ်+ မယ်တော် ဒေါ်လှရင်တို့က ၁၃၀၅ ခုနှစ် တပေါင်းလဆန်း ၁ ရက် ဗုဒ္ဓဟူးနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် ၁၃၁၅ ခုနှစ်တွင် မြိုင်မြို့နယ် ပန်းစွာကျေးရွာ အရှေ့ကျောင်းဆရာတော် ဘဒ္ဒန္တသုကတကို ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပြီး ၁၃၃၁ ခုနှစ် ဝါဆိုလဆန်း ၁၀ ရက်နေ့တွင် ပန်းစွာရွာ သိမ်တော်ရာကျောင်းခဏ္ဍသိမ်၌ အရှေ့ကျောင်းဆရာတော် ဘဒ္ဒန္တသုကတကို ဥပဇ္ဈာယ်ပြု၍ ပန်းစွာကျေးရွာ ဦးလူဆန်း+ ဒေါ်မယ်တင် မိသားစုတို့၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့ မဟာဓမ္မာရုံကျောင်းဆရာတော် ဘဒ္ဒန္တမာနိတနှင့် စာချဆရာတော်များ၊ မန္တလေးမြို့ ဘုရားကြီးတိုက် ပေတောအုတ်ကျောင်းဆရာတော် ဘဒ္ဒန္တသီလဝံသာဘိဝံသ၊ မိုးကုတ်မြို့ ကသည်းကမ္ဘာအေးကျောင်းဆရာတော် ဘဒ္ဒန္တဣန္ဒဝံသ၊ ဘဒ္ဒန္တဝေဒကာဘိဝံသ စသောဆရာတော်များထံတွင် ပရိယတ္တိစာပေများကို သင်ယူဆည်းပူးတော်မူခဲ့ပြီး "သာသနဓဇဓမ္မာစရိယဘွဲ့"ကို ရရှိတော်မူခဲ့ပါသည်။

### သာသနာရေး အားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် ကျောက်မဲမြို့ သဒ္ဓမ္မပါလပရိယတ္တိစာသင်တိုက်၌ စာသင်သား ရဟန်း၊ သာမဏေများကို ပရိယတ္တိစာပေကျမ်းဂန်များ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်တွင် မြို့နယ်သံဃနာယကအဖွဲ့အကျိုးတော်ဆောင်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်း၊ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဝင်အဖြစ် ဆောင်ရွက်တော်မူခဲ့ခြင်းနှင့် နိုင်ငံတော်သြဝါဒါစရိယအဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူခဲ့ပါသည်။

### ဘွဲ့တံဆိပ်အလှူခံရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာတော်အကျိုးကို ထက်သန်သောဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနဓုရာဝဟဂုဏ်၊ ပရိယတ္တိဆေကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ ရတ္တညုမဟာနာယကဂုဏ်၊ ခမာဇာဂရိယဂုဏ်၊ လဇ္ဇီပေသလ သိက္ခာကာမဂုဏ် စသည်တို့နှင့် ပြည့်စုံတော်မူခြင်းကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၁၂ ခုနှစ်တွင် **"အဂ္ဂမဟာပဏ္ဍိတ"** ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။



### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော် ၈၃ နှစ်၊ သိက္ခာတော် ၅၈ ဝါအရ ၁၃၈၇ ခုနှစ် တန်ခူးလဆန်း ၅ ရက် (၂၂-၃-၂၀၂၆) တနင်္ဂနွေနေ့ နံနက် ၂ နာရီ ၃၅ မိနစ်အချိန်တွင် ဘဝနတ်ထံ ပျံလွန်တော်မူကြောင်း သိရသည်။

သတင်းစဉ်




## ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## ဆရာတော် ဦးကြည် (ဦးကိတ္တိ)၏ ထေရုပ္ပတ္တိ (၁၂၀၄-၁၂၈၈)



ဦးကြင်ဝမ်း(ပခုက္ကူ) စုစည်းတင်ပြထားသည့် အတုလဗုဒ္ဓမြတ်စွယ်တော်နှင့် ပခုက္ကူမြို့ သဲပုံစေတီ ဦးကြည်တောင် ရဟန္တာဟု သမုတ်အပ်သော ဆရာတော် ဦးကြည်(ဦးကိတ္တိ)၏ ထေရုပ္ပတ္တိ (၁၂၀၄-၁၂၈၈) စာအုပ် ထွက်ရှိလာသည်။

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ်၌ ရဟန္တာဟု ကျော်ကြားတော်မူခဲ့သော အရှည်ဝါသီဆရာတော်ဦးကြည် ဟူ၍ ရှိသည်။ ဘွဲ့တော်ကား ဦးကိတ္တိဖြစ်သည်။ သဲပုံစေတီတောရဆရာတော်ဟုလည်း ခေါ်ကြသည်။ ပခုက္ကူနယ်၌ ဆရာတော်၏ အံ့ဖွယ်နှင့် ကျေးဇူးဂုဏ်ကား ယနေ့တိုင် ပျံ့လွင့်လျက်ရှိသည်။

ဆရာတော်သည် စာပေကျမ်းဂန်တို့ကို ရေးသားပြုစုခြင်း၊ ကြည့်ရှုခြင်း၊ သက်တော်(၈၀)ကျော်၍ စုတိစိတ်မကျမီ လေးငါးရက်တိုင်အောင် ပရိယတ္တိသာသနာ့ဝန်ကို အားသွန်ရွက်ဆောင်တော်မူခြင်း၊ သက်တော်(၈၄)နှစ် စုတိစိတ်ကျသည့်တိုင်အောင် (တိစီဝရိတ်) ရှုတင်ဆောင်လျက် ပဋိပတ္တိသာသနာ့တာဝန်ကို အားသွန်ဆောင်ရွက်တော်မူခြင်း၊ ရွှေဥမင်ဆရာတော်၊ တောင်ဖီလာဆရာတော်၊ ကြက်သွန်ခင်းဆရာတော်များပမာ (အရှည်ကင်) ရှုတင်ဆောင်တော်မူပါသည်။

ဆရာတော်သည် သက်တော်(၈၄)နှစ်၊ ဝါတော် (၆၄)ဝါတွင် ပျံလွန်တော်မူခဲ့သည်။

စာအုပ်ကိုရှင်မတောင်စာပေ၊ဖုန်း ၀၉၇၉၈၁၈၉၁၄၈၊ ၀၉၇၇၇၁၃၉၄၇၇၊ အမှတ်(၂၁၇) လမ်း(၄၀) အလယ်ဘလောက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ဖြန့်ချိသည်။

## လူ့အသက်ပေါင်းများစွာကို ကယ်ဆယ်ခဲ့သောစာအုပ်နှင့် ဘာသာမဲ့ ဘာသာခြားများစွာကို ဗုဒ္ဓဘာသာဖြစ်စေခဲ့သောစာအုပ်




မေတ္တာရှင် (ရွှေပြည်သာ)၏ လူ့အသက်ပေါင်း များစွာကို ကယ်ဆယ်ခဲ့သော စာအုပ်နှင့် ဘာသာမဲ့ ဘာသာခြားများစွာကို ဗုဒ္ဓဘာသာဖြစ်စေခဲ့သော စာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင် စာပေကျေးဇူးကြောင့် ဘဝလမ်းမှန်ပေါ် ပြန်ရောက်လာသော ဘာသာမဲ့၊ ဘွဲ့ရ ထောင်ထွက်တစ်ယောက်အကြောင်း၊ ဘာသာခြားများစွာကို ဗုဒ္ဓဘာသာ ဖြစ်လာစေသော စာအုပ်၊ လူ့အသက်ပေါင်းများစွာကို ကယ်ဆယ်ခဲ့သောစာအုပ်၊ သက်ရှည်ကျန်းမာ တစ်သက်လုံးစိတ်ချမ်းသာနည်း၊ ဘာသာမဲ့ နိုင်ထွန်းကို ဗုဒ္ဓဘာသာရဟန်းဖြစ်စေခဲ့သောစာအုပ်၊ သူဌေးတို့အား ဝန်ထမ်းများအပေါ် လုပ်အားခနှိမ်ပေးလိုစိတ်ကို ပျောက်စေခဲ့သောစာအုပ်(သို့မဟုတ်) မြန်မာတို့၏အသက်၊ ဗလီဆရာကို ဗုဒ္ဓဘာသာဖြစ်စေခဲ့သောစာအုပ်၊ သူခိုးတစ်ယောက်ကို ခိုးချင်စိတ်ပျောက်သွားစေသောစာအုပ်၊ အရာရှိကြီးတစ်ယောက်ကို လာဘ်စားချင်စိတ်ပျောက်သွားစေသော စာအုပ်၊ ညီတော်မင်းနန်သာသနာပြုနည်းတို့ ပါဝင်သည်။

စာအုပ်ကို ရွှေပြည်သာစာပေ၊ဖုန်း ၀၉၇၉၄၁၂၀၂၁၂၊ ၀၉၄၄၃၃၅၉၀၆၀၊ အမှတ် (၂၅)၊ မြေညီ၊ ဓမ္မဒါနလမ်း၊ ဌေးကြွယ်(က)ရပ်ကွက်၊ မလွှကုန်း၊ ကျောက်မြောင်း၊ တာမွေ၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၈၀၀၀ ဖြင့် ဖြန့်ချိသည်။

## နှစ်ပေါင်း (၅၀)အတွင်း စွန့်ခွာသွားကြသူများ




မောင်သွေးသစ်၏ နှစ်ပေါင်း (၅၀)အတွင်း စွန့်ခွာသွားကြသူများ စာအုပ်ထွက်ရှိလာသည်။

စာအုပ်တွင် မာန်မြင့်၊ လင်းယုန်သစ်လွင်၊ အောင်ကျော်မင်း၊ ဆင်ဖြူကျွန်း အောင်သိန်း၊ ခင်ဆွေဦး၊ ယုဝတီရွှေဝါစိန်၊ မြသန်းတင့်၊ ပန်းချီစံတိုး၊ ကောက်လှိုင်း၊ လင်းယုန်မောင်မောင်၊ မောင်သိန်းဆိုင်၊ မြင့်မောင်မောင်၊ ဒေါင်းနွယ်ဆွေ၊ ကာတွန်းမြေဇာ၊ ဒါရိုက်တာမောင်ဝဏ္ဏ၊ ညိုဝင်း၊ ပန်းချီတင်မောင်မျှင့်၊ စိန်လွင်မိုးကောင်း၊ ဦးသိန်းလွင်-ချင်းတွင်း၊ မင်းကျော်၊ ပန်းချီတင်လှဝင်းထင်၊ တက္ကသိုလ်မောင်အောင်ဆွေ၊ ကျော်အောင်၊ နတ်နွယ်၊ မင်းဦး၊ မောင်နေဝင်း၊ မိုးမိုးအင်းလျား၊ မောင်ပေါ်ထွန်း၊ ကြည်အောင်၊ အောင်သင်း၊ ဒဂုန်တာရာ၊ တက္ကသိုလ်ဘုန်းနိုင်၊ ဒါရိုက်တာဦးသုခ၊ အဆိုကျော်ကိုတင်လှိုင်၊ စန္ဒရားတင်ဝင်းလှိုင်၊ ခင်မောင်အေး-မန္တလေး၊ ဂုဏ်ထူးဦးသိန်းနိုင်၊ ကာတွန်းဦးဖေသိန်း၊ ခင်နှင်းယု၊ ချစ်စံဝင်း၊ သိုက်ထွန်းသက်၊ ဆရာကြီးမင်းသုဝဏ်၊ ပန်းချီမောင်မောင်သိုက်၊ တက္ကသိုလ်စိန်တင်၊ ထွန်းဖောင်ဒေးရှင်းဘဏ်ဥက္ကဋ္ဌ ပက်စီဦးသိန်းထွန်း၊ သုမောင်၊ ရွှေမြိတ်သောင်းတင်၊ မောင်ချောနွယ်၊ အထောက်တော်လှအောင်၊ ငြိမ်းကျော်၊ ငွေဥဒေါင်း(ခ)ဦးကြီးမောင်၊ စိန်ခင်မောင်ရီ၊ မောင်သာရ၊ မောင်ဆုရှင်၊ နေသွေးနီ၊ ကာတွန်းကံချွန် အစရှိသူတို့ပါဝင်သည်။

မိမိနှင့်ခရီးအနီး၊ အဝေးအတူသွားကြ၊ ပေါင်းစည်းခဲ့ကြသူများ၊ မိမိချစ်ခင်လေးစား တန်ဖိုးထားသူ စာပေအနုပညာရှင်များ ကွယ်လွန်သွားခဲ့ကြပြီ၊ ထိုပုဂ္ဂိုလ်များကို အောက်မေ့သတိရသောအားဖြင့် ဖော်ပြခြင်းဖြစ်သည်။

စာအုပ်ကို ဒေါ်အိဝတ်ရည်ထွန်း၊ ဂျူတီစာပေ၊ အမှတ်(၄၉၇)၊ ၆-လွှာ(က)၊ ဓမ္မာရုံလမ်း၊ (၁၀)ရပ်ကွက်၊ လှိုင်မြို့နယ်မှ ထုတ်ဝေသည်။

# အာဖရိကဒေသတွင် အောင်မြင်စွာဆောင်ရွက်နေသည့် ဆိုလာလျှပ်စစ်ထုတ်လွှတ်ရေးလုပ်ငန်း

**စိုးသူရ**

အာဖရိကဒေသသည် လက်ရှိအချိန်တွင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ဆိုလာစွမ်းအင်ကို ဒေသခံများ၏ လူနေမှုဘဝများတွင် ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲခြင်းဖြင့် အောင်မြင်မှုများ ရရှိနေကြောင်း ဒေသတွင်းဖွံ့ဖြိုးမှုများက သက်သေပြနေသည်။

အာဖရိကဒေသ၏ စွမ်းအင်ချို့တဲ့မှုကို ဖြေရှင်းရန်ဆိုလာစွမ်းအင်ကို ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲလာကြရာတွင် နိုင်ငံအလိုက်ဆိုလာစွမ်းအင်သုံးစွဲမှုကို အောက်ပါအတိုင်း တွေ့ရှိရသည်။

ဥပမာအားဖြင့် ဆီယာရာလီယွန်နိုင်ငံတွင် ဓာတ်အားလိုင်းချိတ်ဆက်မှု ၁၇ ရာခိုင်နှုန်းသာရှိပြီး နိုင်ငံအတွင်းရှိ အိမ်ထောင်စုများ၏ ၅၇ ရာခိုင်နှုန်းသည် ဆိုလာစွမ်းအင်ကို အဓိကအရင်းအမြစ်အဖြစ် အသုံးပြုနေသည်။ မာလီနိုင်ငံတွင်လည်း ဆိုလာစွမ်းအင်အသုံးပြုမှု ၄၉ ရာခိုင်နှုန်းရှိကာ ယူဂန်ဒါနိုင်ငံတွင် ဆိုလာစွမ်းအင်အသုံးပြုမှု ၄၃ ရာခိုင်နှုန်းရှိရာ ဆိုလာစွမ်းအင်သည် ဒေသတွင်း၌ စွမ်းအင်ထောက်ပံ့ပေးနေသည့် အဓိကအရင်းအမြစ်အဖြစ် တည်ရှိနေပြီး ဘာကီနာဖာဆို၊ ဇင်ဘာဘွေနှင့် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံအပါအဝင် အခြားအာဖရိကဒေသတွင်းနိုင်ငံများတွင်လည်း ဆိုလာစွမ်းအင်သုံးစွဲမှုသည် သိသိသာသာမြင့်တက်လာသည်ကိုတွေ့ရှိရသည်။

ဒေသတွင်း၌ ဆိုလာစွမ်းအင်ကို ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲလာခြင်းမှာ ဒေသအတွင်း နေရောင်ခြည်လုံလောက်စွာရရှိမှုနှင့် ကုန်ကျစရိတ် နည်းပါးခြင်းတို့အပြင် အစိုးရများ၏ ဆိုလာစွမ်းအင်အပေါ် ပံ့ပိုးသည့်မူဝါဒများနှင့် သန့်ရှင်းသောစွမ်းအင် ရယူခွင့်ကိုဆောင်ရွက်နေသည့် နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်များ၏ ပံ့ပိုးမှုများကြောင့် ဖြစ်သည်။



ဆိုလာစွမ်းအင်သည် အာဖရိကဒေသအတွင်း ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရာတွင် အဓိကအခန်းကဏ္ဍမှပါဝင်နေပြီး ဒေသတွင်းနိုင်ငံများအား ရုပ်ကြွင်းလောင်စာသုံးစွဲမှုလျော့နည်းစေကာ ဆိုလာစွမ်းအင်ကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးစွဲမှုမြှင့်တင်ခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးရည်မှန်းချက်များကိုလည်း ဖြည့်ဆည်းပေးနိုင်ကြောင်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် ဆိုလာစွမ်းအင်သုံးစွဲမှုမြှင့်တင်ခြင်း(ဥပမာ ဆိုလာလျှပ်စစ်မြစ်ရေတင်စီမံကိန်းများ) ကို ဒေသတွင်းနိုင်ငံများ၌ ဆောင်ရွက်နေခြင်းကလည်း သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေဘဲ ဒေသခံများ၏ လူမှုစီးပွားဘဝများကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။

> **❝ဆိုလာစွမ်းအင်သည် အာဖရိကဒေသအတွင်း ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရာတွင် အဓိကအခန်းကဏ္ဍမှပါဝင်နေပြီး ဒေသတွင်းနိုင်ငံများအား ရုပ်ကြွင်းလောင်စာသုံးစွဲမှုလျော့နည်းစေကာ ဆိုလာစွမ်းအင်ကဲ့သို့သော ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးစွဲမှုမြှင့်တင်ခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးရည်မှန်းချက်များကိုလည်း ဖြည့်ဆည်းပေးနိုင်ကြောင်းနှင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် ဆိုလာစွမ်းအင်သုံးစွဲမှုမြှင့်တင်ခြင်း(ဥပမာ ဆိုလာလျှပ်စစ်မြစ်ရေတင်စီမံကိန်းများ) ကို ဒေသတွင်းနိုင်ငံများ၌ ဆောင်ရွက်နေခြင်းကလည်း သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိစေဘဲ ဒေသခံများ၏ လူမှုစီးပွားဘဝများကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနေကြောင်း ကျွမ်းကျင်သူများကပြောကြား❞**

ထို့ပြင်ဒေသတွင်းနိုင်ငံများရှိ စိုက်ပျိုးသီးနှံများအတွက် ဆိုလာစွမ်းအင်သုံး အအေးခန်းများ တည်ဆောက်အသုံးပြုခြင်းနှင့် ဆေးဘက်ဆိုင်ရာပစ္စည်းကိရိယာများသိုလှောင်ရာတွင် ဆိုလာစွမ်းအင်အသုံးပြုခြင်းကလည်း ဆိုလာစွမ်းအင်သည်အရေးပါသည့်အခန်းကဏ္ဍတွင်ရှိနေကြောင်း ပြသသည့်အချက်များဖြစ်သည်။

အာဖရိဒေသတွင်းနိုင်ငံများရှိ ဒေသခံများ၏ လူမှုစီးပွားဘဝများကို ဆိုလာစွမ်းအင်က အကျိုးပြုနေကြောင်းတွေ့ရှိရသည်။

အာဖရိကရှိ ဒေသခံများသည် လက်ရှိအချိန်တွင် ဆိုလာစွမ်းအင်ကို ကျယ်ကျယ်ပြန့်ပြန့်သုံးစွဲပြီး အိမ်များ၊ ကျောင်းများနှင့် စီးပွားရေးလုပ်ငန်းများအတွက် အချိန်ပြည့်လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်သည့်အားသာချက်ရှိနေပြီဖြစ်သည်။ ဒေသတွင်းရှိကလေးများသည် ဆိုလာစွမ်းအင်မှ ရရှိသည့်လျှပ်စစ်ဖြင့် ညဘက်တွင် စာကျက်နိုင်ပြီဖြစ်ပြီး ဆေးရုံများတွင်သုံးစွဲသည့် ဆေးဝါးများကို ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်သုံးစွဲ၍ အချိန်ပြည့် သိုလှောင်နိုင်နေပြီဖြစ်သည်။ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည်လည်း လိုအပ်သည့်စွမ်းအင်ကို အချိန်ပြည့်ရယူနိုင်နေပြီဖြစ်ရာ ဒေသတွင်းလျှပ်စစ်ဓာတ်အားလိုအပ်ချက်မှာ ဆိုလာစွမ်းအင်၏ ပံ့ပိုးမှုကြောင့် ပြည့်မီနေကြောင်းတွေ့ရှိရသည်။ ထို့ပြင် ဆိုလာစွမ်းအင်သုံးစွဲခြင်းကြောင့် ဒေသတွင်း၌ ကာဗွန်ဓာတ်ငွေ့ထုတ်လွှတ်မှုလျော့နည်းလာခြင်း၊ ရုပ်ကြွင်းလောင်စာအသုံးပြုမှု လျော့ကျလာခြင်းကြောင့် ကျန်းမာရေးနှင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုလျော့နည်းလာခြင်း စသည့်အကျိုးကျေးဇူးများရှိကြောင်း တွေ့ရှိရသည်။

အာဖရိကဒေသရှိ ဆိုလာလျှပ်စစ်စွမ်းအင်ထုတ်လွှတ်ရေးလုပ်ငန်းများတွင် တာဝန်ထမ်းဆောင်သူ ဒေသခံလုပ်သားများအား ဆိုလာလျှပ်စစ်ထုတ်လွှတ်ရေး အခြေခံအဆောက်အအုံများ တပ်ဆင်ထိန်းသိမ်းရေး သင်တန်းများပေးခြင်းနှင့် လက်တွေ့လုပ်ငန်းခွင်တွင် ကျွမ်းကျင်သူများအဖြစ် တာဝန်ပေးအပ်ခြင်းဖြင့် ဒေသခံများအတွက် အလုပ်အကိုင်များရရှိစေကာ လူမှုစီးပွားဘဝများအဆင်ပြေလာသည်ကို တွေ့ရှိရသည်။ လက်ရှိအချိန်တွင် အရှေ့၊ အနောက်နှင့် အလယ်ပိုင်းအာဖရိကဒေသတွင်းနိုင်ငံများရှိ ဒေသခံများအား ဆိုလာလျှပ်စစ်ထုတ်လွှတ်ရေးလုပ်ငန်းများတွင် အလုပ်အကိုင်ပေါင်း ၃၇၀၀၀၀ ကိုပေးနိုင်ခဲ့ပြီး ၂၀၅၀ ပြည့်နှစ်တွင် အလုပ်အကိုင်နေရာ ၄ ဒသမ ၂ သန်း ပေးနိုင်မည်ဟု တာဝန်ရှိသူများကပြောကြားသည်။ ထို့ပြင် ဆိုလာလျှပ်စစ်မီးအိမ်များကို ကိုယ်တိုင်ထုတ်လုပ်ရောင်းချခြင်းဖြင့်လည်း ဒေသခံများအတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိမည်ဖြစ်သည်။

အာဖရိကဖွံ့ဖြိုးရေးဘဏ် (AfDB) သည် "Desert to Power" အစီအစဉ်အရ အာဖရိကဆာဟာရဒေသကို ကမ္ဘာ့အကြီးဆုံး နေရောင်ခြည်စွမ်းအင်ဇုန်အဖြစ်ပြောင်းလဲရန် ရည်ရွယ်၍ ကန်ဒေါ်လာ ဘီလီယံ ၂၀ ကျော်ကို ရင်းနှီးမြှုပ်နှံခဲ့သည်။ ၎င်းအစီအစဉ်သည် ဒေသတွင်းနိုင်ငံပေါင်း ၁၁ နိုင်ငံအား လျှပ်စစ်ဓာတ်အားပံ့ပိုးပေးရန်အတွက် ၂၀၃၀ ပြည့်နှစ်တွင် ဆိုလာစွမ်းအင်ဖြင့် လျှပ်စစ်ဓာတ်အား ၁၀ ဂီဂါဝပ်ထုတ်လုပ်ရန် ရည်မှန်းဆောင်ရွက်ခြင်းဖြစ်ရာ နောင်လာမည့်အနာဂတ်ကာလတွင် ဒေသတွင်း၌ ဆိုလာလျှပ်စစ်ထုတ်လွှတ်ရေးလုပ်ငန်းအတွက် အားတက်စရာအချက်ပင်ဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

**ကိုးကား – How Solar Power is Transforming Lives in Africa**

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှု ရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်ကကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည် ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သော မေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှု ရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**

**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကိုဖြေကြားပေး”**

**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**

# ၂၀၂၆ အာဆီယံ ယူ-၁၇ ချန်ပီယံရှစ်ပြိုင်ပွဲအတွက် မြန်မာ ယူ-၁၇ အသင်း လေ့ကျင့်ပြင်ဆင်



**ရန်ကုန် မတ် ၂၂**

မြန်မာ ယူ-၁၇ အမျိုးသားလူငယ်လက်ရွေးစင်အသင်းသည် ဧပြီလအတွင်း အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည့် ၂၀၂၆ အာဆီယံ ယူ-၁၇ ချန်ပီယံရှစ်ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

မြန်မာ ယူ-၁၇ အသင်းသည် မေလတွင်ယှဉ်ပြိုင်ရမည့် အာရှဖလား ယူ-၁၇ ပြိုင်ပွဲအတွက် လေ့ကျင့်ပြင်ဆင်နေသည့်အသင်းဖြစ်ပြီး ယင်းပြိုင်ပွဲမတိုင်မီ အာဆီယံပြိုင်ပွဲယှဉ်ပြိုင်ရမည်ဖြစ်ကာ အာရှဖလားပြိုင်ပွဲအတွက် အကောင်းဆုံးပြင်ဆင်မှုတစ်ခုဖြစ်လာမည်ဖြစ်သည်။ မြန်မာ ယူ-၁၇ အသင်းသည် ယင်းပြိုင်ပွဲနှစ်ခုအတွက် ၂၀၂၅ နှစ်ကုန်ပိုင်းကတည်းက စခန်းဝင်လေ့ကျင့်ခဲ့ပြီး မတ်လဆန်းတွင် အိန္ဒိယ ယူ-၁၇ အသင်းနှင့် ရန်ကုန်မြို့၌ ခြေစမ်းပွဲနှစ်ပွဲ ကစားရာ တစ်ပွဲသရေ၊ တစ်ပွဲရှုံးနိမ့်ခဲ့သည်။ မြန်မာ ယူ-၁၇ အသင်းသည် ယင်းခြေစမ်းပွဲများတွင် ပုံစံကောင်းရရန် ရုန်းကန်ခဲ့ရသဖြင့် လာမည့်ပြိုင်ပွဲများတွင် လိုအပ်ချက်၊ အားနည်းချက်များ အချိန်မီ ပြင်ဆင်နိုင်ရန် လိုအပ်နေသည်။

**ယှဉ်ပြိုင်ကစားရမည်ဖြစ်**

၂၀၂၆ အာဆီယံ ယူ-၁၇ ချန်ပီယံရှစ်ပြိုင်ပွဲကို ဧပြီ ၁၂ ရက်မှ ၂၄ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး အုပ်စု(A)တွင် အိမ်ရှင်အင်ဒိုနီးရှား၊ ဗီယက်နမ်၊ မလေးရှား၊ တီမော၊ အုပ်စု(B)တွင် ထိုင်း၊ လာအို၊ မြန်မာ၊ ဖိလစ်ပိုင်၊ အုပ်စု(C)တွင် ဩစတြေးလျ၊ ကမ္ဘောဒီးယား၊ စင်ကာပူနှင့် ဘရူနိုင်းအသင်းတို့ ပါဝင်နေသည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဧပြီ ၁၂ ရက်တွင် လာအိုအသင်း၊ ဧပြီ ၁၅ ရက်တွင် ထိုင်းအသင်း၊ ဧပြီ ၁၈ ရက်တွင် ဖိလစ်ပိုင်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်**
**ဓာတ်ပုံ-စိုးညွန့်သော်**

**❍ အာရှဖလားမှ**



မြန်မာအသင်းနှင့် အာဖဂန်နစ္စတန်အသင်းတို့ ပထမအကျော့ တွေ့ဆုံခဲ့စဉ်။

လက်ရှိဖြစ်ပေါ်နေသည့် အခြေအနေများကြောင့် ကာတာနိုင်ငံ၌ ကစားရန် အဆင်မပြေသဖြင့် အာရှဘောလုံး အဖွဲ့ချုပ်က ကွင်းပြောင်းလဲရန် ဆုံးဖြတ်ခဲ့ပြီး နောက်ဆုံးတွင် မြန်မာနိုင်ငံ၌ ကျင်းပရန် နှစ်ဖက်ဘောလုံးအဖွဲ့ချုပ် သဘောတူညီမှုရခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် မြန်မာအသင်းသည် အာဖဂန်နစ္စတန်အသင်းနှင့် နှစ်ပွဲစလုံးကို အိမ်ကွင်းလက်ခံကစားရမည်ဖြစ်ပြီး ပထမအကျော့တွေ့ဆုံမှုတွင် မြန်မာအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မြန်မာအသင်းသည် အုပ်စုနောက်ဆုံးပွဲဖြစ်သည့် ပါကစ္စတန်အသင်းနှင့်ပွဲကို မတ် ၃၁ ရက်တွင် ပါကစ္စတန်နိုင်ငံ၌ သွားရောက် ကစားရမည်ဖြစ်သည်။ အာရှဖလား တတိယအဆင့် ခြေစစ်ပွဲ အုပ်စု(E)တွင် ဆီးရီးယားအသင်းက ငါးပွဲကစား ၁၅ မှတ်ဖြင့် ခြေစစ်ပွဲအောင်မြင်ထားပြီး မြန်မာအသင်းက လေးပွဲကစား ခြောက်မှတ်၊ အာဖဂန်နစ္စတန်အသင်းက နှစ်ပွဲကစား နှစ်မှတ်၊ ပါကစ္စတန်အသင်းက ငါးပွဲကစား နှစ်မှတ် ရရှိထားသည်။

**စခန်းဝင်လေ့ကျင့်**

မြန်မာအသင်းသည် အုပ်စုလက်ကျန်နှစ်ပွဲအတွက် ပဏာမကစားသမား ၂၈ ဦးဖြင့် မတ် ၁၉ ရက်မှစ၍ စခန်းဝင်လေ့ကျင့်နေပြီး ပဏာမလူစာရင်းတွင် ဂိုးသမား- ဇင်ညီညီအောင်၊ ဆန်းဆက်နိုင် (ရန်ကုန်ယူနိုက်တက်)၊ နေလင်းထက် (ဟံသာဝတီယူနိုက်တက်)၊ နောက်တန်း- ဟိန်းဖြိုးဝင်း (နာခွန်ရတ်ချာစီမာ-ထိုင်း)၊ အောင်ဝဏ္ဏစိုး၊ ဖွဲ့ခန့်မင်း၊ နန္ဒကျော် (ရှမ်းယူနိုက်တက်)၊ ဟိန်းဇေယျာလင်း၊ သူရိန်စိုး (ရန်ကုန်ယူနိုက်တက်)၊ စိုးမိုးကျော် (အူထိုင်းထာနီ-ထိုင်း)၊ မြတ်ဘုန်းခန့် (သစ္စာအားမာန်)၊ အလယ်တန်း- ဝေလင်းအောင် (နီဂျီရီဆီဘမ်လန်-မလေးရှား)၊ အောင်မျိုးခန့်၊ ဇော်ဝင်းသိန်း (ရန်ကုန်ယူနိုက်တက်)၊ မင်းမော်ဦး (သစ္စာအားမာန်)၊ လွင်မိုးအောင် (မဟာဆာရာခမ်-ထိုင်း)၊ ကျော်မင်းဦး (တီရန်ဂါနူး-မလေးရှား)၊ ရဲရင့်ဖြိုး (ဒဂုံစတားယူနိုက်တက်)၊ မြတ်ကောင်းခန့်၊ ရဲရင့်အောင်၊ ခွန်ကျော်ဇင်ဟိန်း (ရှမ်းယူနိုက်တက်)၊ ဟိန်းထက်အောင် (ကီလန်တန်-မလေးရှား)၊ ရှေ့တန်း- ဝင်းနိုင်ထွန်း (ရန်ကုန်စီးတီး)၊ သန်းပိုင်(ထရတ်-ထိုင်း)၊ ပြည်မိုး(ရတနာပုံ)၊ သန်းတိုးအောင် (ဟံသာဝတီ ယူနိုက်တက်)၊ လှဘုန်းဦး (Chinland)နှင့် စအောင်ပြည့်ကို (ရှမ်းယူနိုက်တက်)တို့ ပါဝင်ကြသည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-စိုးညွန့်သော်**

**❖ တိုရီနိုအသင်းမှ**

အခြားသော အီတလီစီးရီးအေပွဲစဉ်တွေမှာတော့ နာပိုလီအသင်းက ကာဂလီယာရီအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး အူဒီးနီးစ်အသင်းကတော့ ဂျီနိုအာအသင်းကို နှစ်ဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

အူဒီးနီးစ်အသင်းဟာ ဂျီနိုအာအသင်းကို အနိုင်ရရှိခဲ့ပြီးနောက် အီတလီစီးရီးအေ အမှတ်ပေးဇယားအဆင့် (၁၁)နေရာကို တက်လှမ်းခွင့်ရရှိခဲ့တာဖြစ်ပါတယ်။

အီတလီစီးရီးအေ အမှတ်ပေးဇယားအဆင့် (၁၂)နေရာမှာရပ်တည်နေတဲ့ ပါးမားအသင်းနဲ့ ခရီမိုနိစ်အသင်းတို့ပွဲစဉ်မှာတော့ ခရီမိုနိစ်အသင်းက ပါးမားအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့တာဖြစ်ပါတယ်။

**ငွေကြယ်**

## ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိကန်ရေများ ရေငွေ့ပြန်ပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့်သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း၊ ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချပေးပါရန်။
- နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများခေါင်းထောင်လျက်ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လေ့လှော်ပေးခြင်း စသည့်နည်းလမ်းများအား ရေတွင်ပျော်ဝင်အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးပါရန်။
- ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသော ရေသစ်များ ဖြည့်သွင်းပေးပါရန်။
- ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက်လျှော့ချမွေးမြူရန်။
- အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေးမြင်ရသော အခြေအနေရှိရပါမည်)။
- ကန်ရေအပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကဇော်ဖတ်၊ ဝါးဇော်ဖတ်များကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးပါရန်။
- အစာကျွေးပြီးပါက အစာကျန်များရှိ/မရှိကို ပုံမှန်စစ်ဆေးပါရန်။
- မွေးမြူရေးကန်အား လိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့်သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများ ရနိုင်သမျှ သိုလှောင်ထားပါရန်။
- ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ်နံနက် ၆ နာရီ၌ ပုံမှန်စစ်ဆေးပါရန်။
- ငါးမွေးကန်၌ ပုံမှန်မဟုတ်သောအခြေအနေပြောင်းလဲခြင်းမျိုးများဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံးငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ပါရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊**
**ငါးလုပ်ငန်းဦးစီးဌာန**



## ရမည်းသင်းမြို့နယ်၌ နွေရာသီအားကစားသင်တန်းဆင်းပွဲ ကျင်းပ

**ရမည်းသင်း မတ် ၂၂**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်တွင် ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှ နွေရာသီအခြေခံအားကစားသင်တန်းများကို မတ် ၅ ရက်မှ ၂၂ ရက်အထိ ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းတွင် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ မြန်မာ့သိုင်း၊ လက်ဝှေ့၊ အေရိုးဗစ်နှင့် Fitness Dance စသည့် အားကစားနည်း ခုနစ်နည်းဖြင့် ရမည်းသင်းခရိုင် အားကစားကွင်းတွင် ဖွင့်လှစ်ခဲ့ပြီး ယနေ့နံနက်ပိုင်းတွင် သင်တန်းဆင်းပွဲအခမ်းအနားကို ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး လူထုအခြေပြုဗဟိုဌာန၌ ကျင်းပရာ ရမည်းသင်းခရိုင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်မြင့်နှင့် ကိုယ်စားလှယ်ကြီးများ၊ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိန်မြင့်နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက သင်တန်းနည်းပြအား လက်ဆောင်များနှင့် ထူးချွန်ဆုရရှိကြသည့် သင်တန်းသား သင်တန်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် လက်ဝှေ့နှင့် Fitness Dance သင်တန်းသား သင်တန်းသူများက သရုပ်ပြသခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြော်ငြာချက်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂၃၊ နတ်မောက်(၂)လမ်း၊ မြေကွက်အမှတ်-၂၉၇ ဟုခေါ်တွင်သော ဦးသောင်းညွှန့် (ဘ) ဦးအုန်းရွှေ ( ALN-019983) ဖြင့် အမည်ပေါက်ပါမစ်မြေကွက်အတွင်းမှ (၂၀ပေ x ၆၀ပေ)အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော အိမ်(၂)လုံးအပါအဝင် ယင်းမြေကွက်နှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့မှာ ဒေါ်လှကေသီ (ဘ) ဦးမောင်ကြင် [၈/ပခက(နိုင်)၂၁၀၄၄၁]မှ အရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် လက်ရှိပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းပြောဆိုချက်အရ အဆိုပါမြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ပိုင်ဆိုင်ကြောင်း မူရင်းအထောက်အထားခိုင်လုံစွာဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့်ယင်းနေ့ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မို့မို့သက်ထား (LL.B, D.B.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၇၇၀)**
**အမှတ်(၈၉၇)၊ ဗိုလ်လင်းယုန်လမ်း၊ (၁၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၀၁၁၆၃၈၅**

## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ မြို့မတောင်ရပ်ကွက်၊ ဇောတိကလမ်း၊ အမှတ်(၄၀)ဟုခေါ်တွင်သော သန်လျင်မြို့၊ မြို့မတောင်ရပ်ကွက်၊ အကွက်အမှတ်(၁၃)၊ မြူနီစပါယ်ဈေးကွက်၊ ဦးပိုင်အမှတ်(၇၄/က)၊ ဦးကိုကိုကြီးပါ (၅)ဦးအမည်ပေါက် ၃(ခ)ရပြီး မြေဧရိယာ(၀. ၀၃၁)ဧကရှိ မြေကွက်နှင့် နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရောက်ပိုင်ဆိုင်နေထိုင်အကျိုးခံစားလျက်ရှိသူ ဒေါ်ဝင်းဝင်းဆန်း(ဘ)ဦးမြင့် [၁၂/သလန(နိုင်) ၀၀၄၈၈၆] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်း၊ အရောင်းအဝယ်စာချုပ်မူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း မည်သူမဆို ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုးကြည်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၇)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၅၁၈၅၁၆၇**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ် (၉၉-၂)၊ ဦးပိုင်အမှတ်(၃၃-ခ)၊ ၁၀၇x၁၀၈လမ်းကြား၊ ၅၈x၅၉ လမ်းကြားရှိ ဦးကျော်ကျော်၊ ဒေါ်နွဲ့နွဲ့ရီ(ခ)ခိုင်ထားလွင် အမည်ပေါက်ဂရန်မြေကွက်အား ဇနီး ဒေါ်နွဲ့နွဲ့ရီ(ခ)ခိုင်ထားလွင် ကွယ်လွန်၍ကျန်ရစ်သော ပူးတွဲအမည်ပေါက်သူ ခင်ပွန်း ဦးကျော်ကျော်[၉/မရမ(နိုင်)၀၂၀၃၇]က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၁၉၅)၊ ဦးပိုင်အမှတ်(၂၃)၊ ၂၂x၂၅ကြား၊ ၈၉x၉၀ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်တင်ကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၂၃၇၉/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော သမီးဖြစ်သူ ဒေါ်ခင်ဌေး[၉/မနတ(နိုင်)၀၁၆၀၆၈]က အမှုတွဲအမှတ်(၅၈၄၉/၂၀၂၅)ဖြင့် အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

မော်တော်ယာဉ်အမှတ် (3R/5851) Toyata Vios အမျိုးအစား အဖြူရောင်မော်တော်ယာဉ်သည် ကျွန်မ ဒေါ်ဇာနည်မြင့်အမည်ဖြင့် တရားဝင် အမည်ပေါက်ဝယ်ယူထားခြင်းဖြစ်ပြီး မိတ္ထီလာမြို့၌ လက်ရှိအသုံးပြုလျက်ရှိသည်။ ယခုအခါတွင် ကျွန်မ၏နံပါတ်အား အတုပြုလုပ်ပွားများ၍ သုံးစွဲနေကြောင်း သိရှိရပါသည်။ သို့ဖြစ်ပါ၍ အထက်ပါ တရားမဝင်နံပါတ်ပြားအား တပ်ဆင်သုံးစွဲနေခြင်းအား တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် အမှုအခင်း အရှုပ်အရှင်းများ ပေါ်ပေါက်လာပါက ကျွန်မနှင့် မည်သို့မျှမသက်ဆိုင်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇာနည်မြင့် [၁၃/လရန(နိုင်)၀၈၇၈၇၅]**
**Ph:09-450033670**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဒေးဝန်းအနောက်ရပ်ကွက်၊ အကွက်အမှတ် (၃၁၂)၊ ဦးပိုင်အမှတ် (၁-က)၊ ၃၀x၃၁ကြား၊ သင်္ဂဇာချောင်းပတ်လမ်းရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဦးမျိုးထွန်းကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ် (၁၉၃၃/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော ဇနီးဖြစ်သူ ဒေါ်ခင်ယုမေ [၉/မနတ(နိုင်)၀၂၅၆၉၃]က အမှုတွဲအမှတ်(၀၆၂၄/ဘ(ပြောင်း) / ၂၀၂၅-၂၀၂၆)ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် (၁)၊ ဦးပိုင်အမှတ် (၄၈)၊ ၃၉လမ်း၊ ၅၉x၆၀လမ်းကြားရှိ တောဂရန်မြေကွက်အမည်ပေါက်သူ ဦးမြအောင် [၉/ပသက(နိုင်)၀၄၀၉၅၆]က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၅၈၅၃/၂၀၂၅-၂၀၂၆)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**




# သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းပြေ၏

## ကန့်ကွက်နိုင်ကြောင်းကြေညာစာ

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၅၆)၊ဆုပြည့်ရတနာ(၃)လမ်း၊မြေကွက်အမှတ်(၄၉၉/ခ)၊ အကျယ်အဝန်း (၂၀' × ၆၀')ရှိဦးတိုးလွင်(၁၂/ဗတထ(နိုင်)၀၀၅၈၈၄) အမည်ပေါက်ပါမစ်မြေအမျိုးအစားမြေကွက်အနက်မှ(ခေါင်းရင်းဖက်ခြမ်း) အကျယ်အဝန်း(၁၀' × ၆၀')ရှိမြေကွက်နှင့်ယင်းမြေပေါ်ရှိအဆောက်အဦ အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားတရားဝင်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးထွန်းသန်းဦး(၁၂/တမန(နိုင်)၀၂၀၃၈၆)ထံမှကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူရန်အတွက်စရန်ငွေပေးချေပြီးဖြစ်ပါသည်။ကန့်ကွက်လိုသူများ ရှိပါကခိုင်မာသောအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြေညာစာပါသည့်နေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ကန့်ကွက်မှုမရှိပါကဥပဒေနှင့်အညီဆက်လက်အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်အေးမြင့်(စဉ်-၇၁၅၈)
LL.B, LL.M, D.B.L
တရားလွှတ်တော်ရှေ့နေ
အမှတ်(၁၇၈)၊မြေညီထပ်၊(၃၄)လမ်း၊ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း -၀၉-၅၁၈၆၀၄၅။

## အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၃/ထ၊ မြေကွက်အမှတ်-၄၉၈/က၊ အကျယ်အဝန်း(၂၀ပေ x ၆၀ပေ)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ထ/၁၆ ရပ်ကွက်၊ အောင်ဇေယျလမ်း၊ အမှတ်-၄၉၈/က ဟုခေါ်တွင်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိသူဖြစ်သော ဒေါ်မီမီလွင်[၁၂/ဥကမ(နိုင်)၀၅၅၃၄၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးသန့်ဇော်ဝင်းဦး (LL.B.,LL.M.)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၉၅၂၇)**
**အခန်း(၄၀၅)၊ တိုက်(စီ)၊ ၄-လွှာ၊ ရွှေမိုးကောင်းကွန်ဒို၊ မိုးကောင်းလမ်းနှင့် အောင်ဇေယျလမ်းထောင့်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း- ၀၉- ၉၆၅၁၇၈၀၁၈၊ ၀၉- ၂၅၀၀၆၀၃၁၃**

## ပျောက်ဆုံးကြောင်း

(ဘ) ဦးဇော်လင်း၏ သား မောင်ကျော်ဟိန်း [၈/တတက(နိုင်)၂၇၇၆၀၉]၏ နိုင်ငံကူးလက်မှတ် (အမှတ်-MI 358807) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**09-793488464**

# ဝတ်ရည်ဦး

ဒဂုံမြို့သစ် အရှေ့ပိုင်း၊
တောင်ပိုင်း၊ မြောက်ပိုင်း၊
ဆိပ်ကမ်းရှိမြေကွက်များ
ဝယ်လိုသည်။
**09-43088052**
**09-260660405**
**09-421067330**

# သွေးသည်အသက်

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ အကွက်အမှတ်(၇၁၂)၊ ဦးပိုင်အမှတ်(၂-ဗ)ခဲစင်း၊ ၇၅x၇၆ ကြား၊ ၃၀x၃၁ လမ်းကြားရှိ ဦးဗယ်လားအမည်ပေါက် ဘိုးဘမြေကွက်အား အမွေဆက်ခံစာချုပ်အမှတ်(၁၈၄၈/၂၀၁၆)ဖြင့် အမွေဆက်ခံခဲ့သော ဦးတင်အောင်၊ ဒေါ်အန်ဂျလင်း(ခ)အီအီလင်း၊ ဦးလှရွှေတို့(၃)ဦးမှအမွေဆက်ခံခဲ့ပြီး ဒေါ်အန်ဂျလင်း(ခ)အီအီလင်းထံမှ စွန့်လွှတ်စာချုပ်အမှတ်(၁၈၄၉/၂၀၁၆)ဖြင့် လက်ခံခဲ့သော ဦးတင်အောင်၊ ဦးလှရွှေတို့(၂)ဦးအနက် ဦးလှရွှေကွယ်လွန်၍ အမွေဆက်ခံစာချုပ်အမှတ်(၃၆၁/၂၀၂၅)ဖြင့် အမွေဆက်ခံခဲ့သော (ဇနီး) ဒေါ်စန်းစန်းတင့်၏ (GP ရရှိသူ ဒေါ်နီလာထွေး)ပူးတွဲ အမည်ပေါက်သူ ဦးတင်အောင်တို့ထံမှ အရောင်းအဝယ်စာချုပ်အမှတ်(၁၇၃၁/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်စန်းညွန့်[၉/မရမ(နိုင်)၀၆၇၅၃၇]က အမှုတွဲအမှတ် (၀၆၂၅/ဘ၊ ခွဲ(ပြောင်း)/၂၀၂၅-၂၀၂၆)ဖြင့် ဘိုးဘ၊ ဦးပိုင်ခွဲ၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- သံဒင်း/၄၇၊ လူနေရပ်ကွက်အမှတ်-၁၉၊ စိန်ပန်း(၆)လမ်း၊ မြေကွက်အမှတ်- ၅၄၆(ခ)၊ အကျယ်ပေ (၂၀x၆၀)ရှိ ဦးကျော်မင်း အမည်ပေါက်မြေချပါမစ်ထွက်ရှိထားသောမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်အား ပါမစ်အမည်ပေါက်ပိုင်ရှင် ဦးကျော်မင်းထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်သူပိုင်ရှင် ဦးမောင်ကြီး[၁၁/ပတန(နိုင်)၀၄၆၄၁၇]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်နီနီမွန်မှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ မြေကွက်ပိုင်ဆိုင်မှုနှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူမည်သူမဆို ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောမြေကွက်ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်နီနီမွန်** | **ဒေါ်ခင်မာလွင်(LL.B.,D.B.L)** |
| **[၁/ဗမန(နိုင်)၀၆၅၅၀၁]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)** |
| **အခန်း-၂၊ တိုက်-စီ၊ ရွာမအလယ်** | **အမှတ်-၁၁၂၊ ဗိုလ်ချုပ်လမ်း၊ (၅)ရပ်ကွက်၊** |
| **ရပ်ကွက်၊ အင်းစိန်မြို့နယ်။** | **ရွှေပြည်သာမြို့နယ်။ဖုန်း-၀၉-၅၁၈၉၆၈၉** |

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၅)၊ မြေကွက်အမှတ်(၇၁၁)၊ ရွှေပုပ္ပါးလမ်း၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ **ဦးအောင်ရွှေထွန်း** (IBN-၀၃၉၁၆၄)အမည်ပေါက် ပါမစ်မြေကွက်ထဲမှ တရားဝင်မခွဲမစိတ်ရသေးသော အကျယ်အဝန်း (၂၀ပေx ၆၀)ပေရှိ ခြေရင်းဘက်ခြမ်း(မြေကွက်အမှတ်(၇၁၀)နှင့်ကပ်လျက်ဘက်ခြမ်း)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ **ဦးဇင်မင်းထွန်း**[၁၂/ဒဂတ (နိုင်)၀၄၉၂၃၆]မှ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဦးမောင်မောင်အေး**[၉/ပသက(နိုင်)၀၀၅၇၁၅]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသ)ကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမောင်မောင်အေး၏လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်မွန်မွန်ချို(LL.B)** | **ဒေါ်စန္ဒာဝင်း(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၂၆၈)** | **အထက်တန်းရှေ့နေ(စဉ်-၂၆၄၀၉)** |

**အမှတ်(၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၀၆၈၅၇၁၇၊ ၀၉-၇၉၇၆၄၀၆၁၆၊ ၀၉-၅၀၇၉၉၇၈၊ ၀၉-၄၅၀၀၂၅၄၁၅**

## “ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း”

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ ကုလားဝဲကျေးရွာ၊ ရွာဦးကျောင်းလမ်း၊ အမှတ်(၂၆)ရှိ မြေအကျယ်(၃၀x၇၀)ပေရှိ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အားလုံးတို့အား မူလပိုင်ရှင်ထံမှ အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ထက်ရည်ဝင်း (ဘ) ဦးစိန်ဝင်း [၁၂/သကတ(နိုင်)၂၀၅၉၅၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးတင်စော(ဘ)ဦးမောင်ကို [၁၂/စခန(နိုင်)၀၅၈၁၀၉]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်း၊ အရောင်းအဝယ်စာချုပ် မူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၁၄)ရက်အတွင်း မည်သူမဆို ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်စိုးစိုးကြည်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၆၇)**
**အမှတ်(၁၂)၊ ပြည်တော်သာလမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၅၁၈၅၁၆၇**

## ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- သံဒင်း/၄၇၊ လူနေရပ်ကွက်အမှတ်-၁၉၊ စိန်ပန်း(၆)လမ်း၊ မြေကွက်အမှတ်- ၅၄၄(က)၊ အကျယ်ပေ (၂၀x၆၀)ရှိ မဦးကျော့သိန်း အမည်ပေါက် မြေချပါမစ်ထွက်ရှိထားသော မြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်အား ပါမစ်အမည်ပေါက်ပိုင်ရှင် မဦးကျော့သိန်းထံမှ အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ၍ လက်ဝယ်ထားရှိပိုင်ဆိုင်သူပိုင်ရှင် ဒေါ်ဖြူဖြူသင်း[၁၂/တမန(နိုင်)၀၅၆၇၄၈]ထံမှ ဝယ်ယူရန်အတွက် ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်စုနန္ဒာမှ စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်သောကြောင့် အထက်ဖော်ပြပါ မြေကွက်ပိုင်ဆိုင်မှုနှင့် ပတ်သက်ပြီး ကန့်ကွက်လိုသူမည်သူမဆို ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောမြေကွက်ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ** |
| **ဒေါ်စုနန္ဒာ** | **ဒေါ်ခင်မာလွင်(LL.B.,D.B.L)** |
| **[၉/မနမ(နိုင်)၁၁၉၁၅၇]** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၇၆၅၂)** |
| **ဘုရင့်နောင်(၂)လမ်း၊ ရွာမအလယ်** | **အမှတ်-၁၁၂၊ ဗိုလ်ချုပ်လမ်း၊ (၅)ရပ်ကွက်** |
| **ရပ်ကွက်၊ အင်းစိန်မြို့နယ်။** | **ရွှေပြည်သာမြို့နယ်။ ဖုန်း-၀၉-၅၁၈၉၆၈၉** |

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် - ၅၊ နည်းဥပဒေ ၂၀)
## ဒဂုံမြို့သစ်ခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၃၁

| | | |
|---|---|---|
| ဒေါ်ခင်ချိုဝင်း | နှင့် | ဒေါ်ရှုကြည် |
| **တရားလို** | | **တရားပြိုင်** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊(၁၈/ဘီ) ရပ်ကွက်၊ ကမ္ဘောဇလမ်း၊ အမှတ်(၃၃၀/ခ)နေ တရားပြိုင် ဒေါ်ရှုကြည် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

